# ဂျီဟောသူ



မစန္ဒာ

## (၁)

'အာရ် အိုင်တီမှာ တစ်ဆောင်တည်း ရှိတဲ့ ဂျီပေါကျောင်းတော်သူ၊ ပုံမလာပါတယ်၊ တို့များမုန်းတဲ့ဝါဒင်ကြီးနဲ့တူ'

'အစ်ကိုပြောပြမယ် အို ချောနုမရယ်၊ တကယ်ပဲနားထောင်ကွယ်၊ စိတ်ကူးမလွဲနဲ့တစ်ကိုယ်တည်းပဲကွယ် အပျိုကြီး လုပ်တော့ကွယ်'

ခင်ချိုတို့စက်မှုတက္ကသိုလ်တွင် ကျောင်းသားဆောင်များကို အေ–ဘီ–စီတပ်၍ခေါ်သည်။စုစုပေါင်း ခြောက်ဆောင်ရှိသည်။သတ္တမမြောက်ဆောင်သည်ကား မိန်းကလေးဆောင်ဖြစ်၍ 'ဥတ္တရဆောင်'ဟု အမည်ပေးထား၏။ သို့သော်လည်း နံပါတ်စဉ်အရ 'G' ဖြစ်သော အဆောင်မို့ ဂျီပေါ ဟု အခေါ်များလေသည်။

ဘယ်သူကဘယ်လိုစလိုက်သည်ကိုတော့အသေအချာမသိရချေ။စက်မှုကျောင်းသားများသည် ဂျီပေါသူများကို အထက်ပါအတိုင်း ထောမနာ ပြုကြသည်ကား အမှန်ပင်။

ဂျီပေါကို ပမာခိုင်းရလျှင် လွင်တီးခေါင်တွင် ဆောင်ထားသော အဆောက်အဦးကြီးနှင့် တူသည်ဟု ပြောရပေမည်။ သစ်ပင် ဝါးပင် စိုစိုပြည်ပြည် အုပ်အုပ်ဆိုင်းဆိုင်း ဘာမျှ မရှိချေ။ ကျဲနေအောင် ပူသော နေဒဏ်ကိုလည်းကောင်း၊ သည်းနေအောင် ရွာသော မိုးဒဏ်ကိုလည်းကောင်း၊ တဖွဲဖွဲ ကျနေသော နှင်းဒဏ်ကိုလည်းကောင်း အထီးတည်းကြုံ့ကြုံ့ ခံရရှာလေသည်။ အဆောင်စောင့် ဦးစံညွန့်လက်ထက်က စိုက်သွားသော အဆောင်အဝင်ဝ ရှိ ပိတောက်ပင်ပျိုလေး နှစ်ပင်မှာကား အတော်အတန်ပင် ကြီးထွားနေပြီ ဖြစ်လေသည်။ အဖော်ကင်းစွာ အထီးကျန် ရပ်တည်နေသော အဆောင်ကြီးအတွက် ဘဝခရီးဖော်လေးနှစ်ဦးဟု ခင်ချိုက ကဗျာဆန်ဆန် တွေးမိလေသည်။

'နေရာတကာ အတွေး မခေါင်စမ်းပါနဲ့ခင်ချိုရယ်၊ အဆောင်က အဆောင်ပဲပေါ့၊ ပိတောက်ပင်က ပိတောက်ပင် ပဲပေါ့၊ အသက်ရှိတာတွေမှ မဟုတ်တာ၊ အထီးကျန်တွေ အဖော်တွေ စဉ်းစားမနေစမ်းနဲ့'

မမခင်က ခပ်ငေါက်ငေါက်ကလေး ပြောလေ့ရှိသည်။ မမခင်သည် ခင်တို့အုပ်စုတွင် လူကြီး အဆန်ဆုံး ဖြစ်သည်။ သူ့ကို ဘယ်သူကမှ ဆရာမတင်သော်လည်း သူ့သဘောနှင့်သူ သူ့ ကိုယ်သူ မဲပေးပြီး ပြိုင်ဘက်မရှိ ဗိုလ်တက်လုပ်နေလေသည်။ စိတ်ကူးယဉ်လွန်းသော ခင်ချိုကိုလည်း ဆူသည်။ ကလေးဆန်သော ထွေးထွေးကိုလည်း ငေါက်သည်။ အစားကြီးပြီး ကြောက်တတ်သော မိ ကိုလည်း သဘောမတွေ့။ မြင်မြင်သမျှ ရယ်စရာ လုပ်ပြီး ဘရုတ်ကျလေ့ ရှိသော ဝေဝေနှင့်မော်မော်ကိုလည်း မကြေနပ်။ စေတနာအရင်းခံပြီး ဆူပူလေ့ ရှိသည်မို့ ခင်ချိုတို့ အားလုံး မနိုင်၍ သည်းခံခြင်းဟူသော ခန္တီစ တရားကို လက်ကိုင်ထားပြီး မမခင်ကို ဘေးမဲ့ပေးထားကြရလေသည်။

မှတ်မိပါသေးသည်။ တစ်ခါက ခင်ချိုတို့အားလုံး ရွှေတိဂုံဘုရား တက်ဖြစ်ကြလေသည်။ ဘုရားအသွား

ဘတ်စ်ကားပေါ်အတက်တွင် ဖိနပ်တစ်ဖက် ကျွတ်ကျန်ရစ်သော မိမော်ကို ရုပ်ပြပြာ လုပ်ရကောင်းလားဟု မမခင်က ဆူတော့သည်။ ဖိနပ်တစ်ဖက်တည်းကို ဆက်စီးထားရ ကောင်းနိုး၊ ချွတ်ပြီး လွှတ်ပစ်လိုက်ရ ကောင်းနိုး နှင့် မော်မော်ခမျာ စိတ်ရှုပ်နေရသည့်အထဲ မမခင် ဆူသမျှ တေပေပြီး ခံရရှာလေသည်။ ရွှေတိဂုံဘုရား ဆုတောင်းပြည့်စေတီသို့ ရောက်သောအခါ သပြေပန်းများ တပွေ့တပိုက်လှူပြီး 'ဤသပြေပန်းများ လှူရသော အကျိုးကျေးဇူးကြောင့် မမခင်သည် ယောကျ်ားဆိုးဆိုးနှင့် ရပြီး အနိုင်ခံရပါစေဘုရား' ဟု အော်ကြီးဟစ်ကျယ် ဆုတောင်းလေတော့သည်။ ကြာဖြူကြာနီများနှင့် ဘုရားကို ငြိမ်ငြိမ်သက်သက် အာရုံပြုကာ နိဗ္ဗာန်ဆုပန်နေသော မမခင်သည် မျက်လုံးကြီး ပြူးခနဲ ပွင့်လာပြီး အလန့်တကြား ထခုန်လေတော့သည်။ မော်မော်ခမျာလည်း ဘုရားကိုမှ ပြီးအောင် ဦးမချနိုင်။ 'ခဏနေပါဦး ဘုရား၊ ပြီးမှ ဆက်ရှိခိုးပါမယ် ဘုရား' ဟု လျှောက်တင်ကာ သပြေပန်းများ ပွေ့ကာ အူယားဖားယား ထပြေးသည်။ ခင်ချိုတို့အားလုံး ဘုရားရှိခိုးကို ပြီးအောင် မဆိုနိုင်ဘဲ သူတို့ နှစ်ဦးကိုကြည့်ကာ အူနာအောင် ရယ်ကြရလေသည်။ မော်မော်က အစသန်သည်။ မမခင်က ဒေါကန်သည်။ လူအများကြားထဲတွင် မမခင်တစ်ယောက် ဗိုးခနဲ ဖတ်ခနဲ လှမ်း၍ ခေါက်မည် မဟုတ်သည်ကို သိသဖြင့် ပဝါတစ်ကမ်း လက်တစ်လှမ်း လောက်မှနေပြီး မော်မော်ကလည်း မခံချင်အောင် အမျိုးမျိုး စလေသည်။ နောက်ဆုံး မမခင်ကိုယ်တိုင် မနေနိုင်ဘဲ ရယ်ရလေတော့သည်။

'ကျောင်းသားဘဝဟာ ပျော်စရာ အကောင်းဆုံးပဲတဲ့၊ လူတိုင်းပြောကြတယ်၊ စာကျက်ရတယ်၊ ဂဏန်းတွက်ရတယ်၊ ခြောက်နာရီ ထိုးရင် အဆောင်ထဲမှာ အပိတ်ခံရတယ်၊ ဆရာတွေကို ကြောက်နေရတယ်၊ ကဲ ဘယ်မှာလဲ ပျော်စရာ၊ ဒီကြားထဲ မမခင်ကို ကြောက်ရသေး'

စာကျက်ရမှာကို ပျင်းလွန်းသော မိဝါကိုမူ မမခင် မနိုင်ပေ။ မမခင် ဆူလွန်းလျှင် အခန်းထဲတွင် ခြေဖျား ထောင်၍ လျှောက်ရင်း ဟိုမော့ သည်မော့နှင့် ပျော်စရာကို ရှာမတွေ့သယောင် လုပ်တတ်လေသည်။ အောက်ဆုံး ထပ်က ကေသီတို့အခန်းတွင် စကားဝိုင်းဖွဲ့နေသည်ကို တွေ့၍ မမခင်ဆူလျှင်အလယ်ထပ်တက်လာပြီး ခုတင် ပေါ်တွင် ပက်လက်လှန်ကာ စာအုပ်ကလေးကို မျက်နှာပေါ်တင်ရင်း အိပ်ပါလေတော့သည်။ သူ့ကိုမေးလျှင် ကျက်ပြီးသားစာများကို စိတ်ထဲတင် ပြန်၍ ဆိုကြည့်နေတာပါဟု ဖြေလေ့ရှိသည်။

'အပြာကလေးလဲ ဖိမ်ပဲ၊ အဖြူကလေးလဲ ဖိမ်ပဲ၊ ဘောင်းဘီလေးက မျောက်ကလေး၊ ဘယ်ညာ ဘယ်ညာ ဟုတ်ပြီ၊ ဘယ်ဘယ် ဘယ်ဘယ် ညာ'

အဆောင်အပေါ်ဆုံးထပ်မှနေပြီး အဆောင်ရှေ့ဖြတ်လျှောက်သော ကျောင်းသားများကို ခြေလှမ်းအမှားမှား နှင့် သုတ်ခြေတင်ပေးအောင် နောက်လေ့ရှိသော ထွေးထွေးခမျာမှာမူ မမခင် ခေါက်သမျှ ခေါင်းပူအောင် ခံရရှာလေ သည်။

'ထွေးထွေး ကျောင်းရောက်ခါစက ခေါင်းသေးသေးလေးရယ်၊ ဒီရောက်မှ မမခင် ခဏခဏ ခေါက်တာနဲ့ ဖူးယောင်ပြီး ထွေးထွေးခေါင်း ကြီးလာတာ၊ မမခင် မတရားဘူး'

ဝေဝေက မကျေမနပ် ပြောတတ်သည်။ ဝေဝေ့ အဆိုအရမူ သူ့ပါးနှစ်ဖက်မှာလည်း မမခင် ဆွဲလိမ်လွန်း သောကြောင့် တစ်နေ့တစ်ခြား ဖောင်းလာခြင်း ဖြစ်သည်ဟု ဆိုသည်။ ဖြူဖွေးသော ဝေ့ဝေ့ ပါးစုံ့လေးနှစ်ဖက် ဖောင်းပြည့်နေသည်ကလည်း အမှန်ပင်။

'ဟဲ့ မိဝေဝေရဲ့၊ စေတနာနဲ့ ကျွေးရင် သေဆေးတောင် စားရသတဲ့၊ ငါက နင်တို့တတွေကို ကောင်းစေချင် လွန်းလို့၊ မိန်းမပီသစေချင်လွန်းလို့ ဆုံးမတာကို၊ စေတနာကို ဝေဒနာ ထင်နေသလား'

မမခင်က ဒေါ်ကြီးမောကြီးနှင့် ပြောသောအခါတွင်မူ ဝေဝေသည် ရယ်ကျဲကျဲနှင့် သုတ်ခြေတင်လေ တော့သည်။ မမခင်ကို ဆက်ပြောနေပါကလည်း မဆုံးနိုင်အောင်ဆူတော့မည်မို့ ရှောင်ပြေးခြင်း ဖြစ်လေသည်။ တစ်နည်းတော့ကောင်းသည်။ ခင်ချိုတို့အားလုံးကို မမခင်သည် စေတနာ့ဝန်းထမ်း ဆုံးမပဲ့ပြင်နေသည်မို့ ဆိုးချင်

တိုင်း မဆိုးရ၊ တေချင်တိုင်း မတေကြရပေ။ မကျေနပ်ချင်သော်လည်း အကောင်းဘက်မှ တွေးပြီး ကျေနပ်ကြရလေသည်။

မမခင်သာ ထိန်းမနေလျှင် ခင်ချိုတို့ အားလုံး သူ့နည်းနှင့်သူ ဆိုးမည့်တေမည့် သူကလေးများသာ ဖြစ်၏။ စာမေးပွဲနီးခါမှ အမေကယ်ပါ၊ အဘကယ်ပါနှင့် စာကို ဖင်ထောင်အောင် ကျက်တတ်သူများ၊ တစ်ခါတစ်ရံလည်း နံ့နက်လင်းအားကြီးအထိ လေကန်တတ်ကြသူများ၊ အစားစားလျှင်ပင် စားပိုးနင့်ပြီး တအင့်အင့် ဖြစ်တတ်သူများကို မမခင်တစ်ယောက်သာ စိတ်ရှည်လက်ရှည် စောင့်ကြည့်ပြီး ပြောနိုင်ဆိုနိုင်ပေသည်။ သူ့ပါရမီ ကလည်းမသေးငယ်လှ ပေ။

'ငါ့မှာသာ မောင်တွေ အစ်ကိုတွေ ရှိရင် နင်တို့ကိုတော့ မယူစေရဘူး၊ အဟုတ်ပြောတာ' တစ်ခါတစ်ရံတော့လည်း စိတ်ညစ်လာသလို ပြောတတ်သည်။

မမခင် စိတ်ညစ်သလို ခင်ချိုတို့ပုံစံများကို ကြည့်၍ စိတ်ညစ်သူ အတော်များဟန် တူလေသည်။ ထို့ကြောင့် သံချပ်ထဲ၌ပင် ထည့်၍ စပ်ဆိုခဲ့သေးသည်။

'ဂျီပေါသူကို မလိုချင်ဗီယက်နမ်ပင် သွားလိုက်ချင်သေး' တဲ့လေ။

* * *

(၂)

'မကျေနပ်ဘူး ခင်ချိုရယ်၊ အဝါ နည်းနည်းမှ မကျေနပ်ဘူး'
'ဘာကိုလဲ'
'အားလုံးကိုပေါ့၊ အဝါတို့ အဆောင်ကို နှိမ်နေကြတဲ့ လူတိုင်းကိုပေါ့'

အဝါသည် ခင်ချိုတို့ အခန်းထဲသို့ ခြေလှမ်းကျဲကျဲနှင့် လှမ်းဝင်လာရင်း ပြောလေသည်။ ခင်ချိုလည်း တွက်လက်စသင်္ချာပုစ္ဆာကိုချထားလိုက်ရင်းအဝါ့ကိုအထူးအဆန်း ကြည့်မိသည်။အဝါတစ်ခုခုတော့ ဖြစ်လာပြီ ထင်သည်။
'အဝါ ဘာဖြစ်လာတာလဲ'

'အို မခံချင်လို့ပါ'
'ဘာကို မခံချင်တာလဲ'
'အလကား ငနာတွေ၊ အဝါတို့ အဆောင်က ကျောင်းသူတွေကို မလှဘူးတဲ့၊ မလှရင် ဘာလို့ ရည်းစားစာတွေ အောတိုက်အောင် ပေးနေကြသေးလဲ၊ တစ်နေ့တစ်နေ့ သူတို့တတွေပဲ အားအားယားယား စာတွေ ရေးနိုင်တယ်၊ ထည့်ထည့်နိုင်တယ်၊ ပိုး မစွံတော့ အလကား ပုံမလာပါဘူးဆိုပြီး လက်ခါတယ်၊ ဟွန်း ကောင်းသလား'

အဝါသည် ပါးနှစ်ဖက်ကို ဖောင်းနေအောင် စူကာ မကျေမနပ် ပြောနေလေသည်။ မဲ့လိုက် ရွဲ့လိုက်နှင့် အချောက်တိုက် ဒေါသကြီးနေသည်။ ခင်ချိုက ကြည့်ရင်း ရယ်မိသောအခါ စကားပြောရပ်ပြီး ခင်ချို့ကိုပါ ပြူးပြဲကြည့် ကြည့်နေလေသည်။

'ဒါများ စိတ်ဆိုးစရာလား အဝါရယ်၊ သူတို့ဟာ သူတို့ ပြောချင်ရာ ပြောကြစေပေါ့'
'အို သူတို့ ပြောချင်ရာ ပြောတိုင်း ခံရမှာတဲ့လား'
'ကဲ မခံလို့ ဘာလုပ်ချင်သလဲ'
'ဟွန်း ရိုက်ပစ်ချင်တယ်၊ တကယ်'

ပြုံးကျဲကျဲ လုပ်နေသော ခင်ချို၏ ပုခုံးနှစ်ဖက်ကို ကိုင်လှုပ်ရင်း မကြေမချမ်း ပြောသည်။ တစ်ဆောင်လုံးကို ပြောသည့်အထဲတွင် မဝါသည် တစ်ယောက်တည်း ဒိုင်ခံပြီး စိတ်ဆိုးနေလေသည်။ ခင်ချိုက သူနှင့် အတူလိုက်ပြီး စိတ်မဆိုးသဖြင့်လည်း ကျေနပ်နိုင်ဟန် မရချေ။

စက်မှုကျောင်းသားများနှင့် ဂျီဟောသူတို့ရန်ပွဲသည် ဂျာအေး သူ့အမေရိုက်သလို ချာလည်လိုက်နေလေသည်။ ဂျီဟောသူများ အလှမပြင်ကြသည်မှာလည်း တကယ်ပင်။ သနပ်ခါးရေကျဲလိမ်းပြီး ကျောင်းတက်ကြသူများမို့ ကျောင်းမသွားမီ အလှပြင်ချိန် ငါးမိနစ်ခန့် ရလျှင် လုံလောက်ကြလေသည်။

တစ်ရာလျှင် တစ်ယောက်လောက်သာ ရေမွေးသုံးတတ်ကြသည် ထင်၏။ ယခင် နေ့ကျောင်းသူ ဘဝက နုတ်ခမ်းနီ မိတ်ကပ်သုံးလေ့ရှိသော ခင်ချိုပင် ဂျီပေဟာဆောင်ရောက်လာသောအခါသနပ်ခါးရေကြဲအုပ်စုတွင် ပါဝင်သွား လေသည်။ ခင်ချို၏ ရက်ဗလွန် နှုတ်ခမ်းနီဘူးလေးများ မှိုပြင်တက်လု နေပြီ ထင်သည်။ ရိုးရိုးဝတ်၊ ရိုးရိုးဆင်တတ်ကြသော သူများသည် ကောင်းကောင်းဝတ်၊ ကောင်းကောင်းပြင်တတ်ကြသူများနှင့် ယှဉ်သောအခါ မလှဘူးဟုသာ အပြောခံရမည်မှာ ကိုးဆယ့်ကိုးရာခိုင်နှုန်း ကျိန်းသေနေလေသည်။ မိန်းကလေးတို့၏ အလှအပဟူသည်မှာ အဝတ်အစား အဆင်အပြင်တွင် အများဆုံး မူတည်နေသည်ကို အဝါသိသင့်ပေသည်။

'သူလဲလေ လောကီသားပေမို့ အလှမက်ရှာပေလိမ့်မယ်' ဟု ခင်ချိုက ပြောလျှင် မဝါလက်ခံမည် မဟုတ်ချေ။ အလှအပကို မည်သည့်စံချိန်နှင့် မည်ကဲ့သို့တိုင်းတာဆုံးဖြတ်မည်နည်းဟု မေးဦးမည်သာ ဖြစ်၏။ ထိုသို့ မေးလာလျှင် ခင်ချိုမည်ကဲ့သို့ရှင်းရမည် မသိချေ။ အလှအပ ရှာပုံတော် ဖွင့်ပြီး ရှေးသရောအခါက စရတော့မည် ထင်သည်။

'ဟင်း တကယ် အမြင်ကတ်စရာ ကောင်းတာ'

'ဩော် မဝါရယ်'

ရယ်စရာလည်း ကောင်းလှပါသည်။ မဝါ အပါအဝင် ခင်ချိုတို့ဂျီပေဟာသူအားလုံးသည် ကျောင်းသားများက 'ပုံမလာဘူး' ဟု ပြောလျှင် နည်းနည်းမှ မခံချင်ကြပေ။ မိန်းကလေးတို့ သဘာဝမို့ဘယ်သူမှလည်း ခံချင်မည်မဟုတ်ချေ။ မခံချင်မှန်းသိ၍ပြောသူက ပိုပြောသည်။ ပြောသောကြောင့်လည်းမခံချင်။ သို့သော်လည်း သူတို့သည် သနပ်ခါးရေကြဲကို လိမ်းမြဲလိမ်းကြလေသည်။ ဆံပင်ကိုလည်း ကျစ်ဆံမြီး တစ်ချောင်းတည်း အကျစ်များကြလေသည်။ ထမီတစောင်းဝတ်ပြီး ကျောင်းတက်ချိန်နီးမှ ကျောင်းသို့ တက်သုတ်ရိုက် ပြေးကြလေ သည်။

တစ်ခါတစ်ရံ မျက်ခုံးမွေးပေါ်မှ သနပ်ခါးချောက်ကိုပင် ခြစ်မပစ်အား။ တစ်မျက်နှာလုံး အမွှေးနံ့သာမရှိဘဲ မျက်ခုံးမွေးပေါ်တွင် အစုလိုက် အပုံလိုက် သနပ်ခါးများ ခဲစေသော ဂျီပေဟာသူတို့၏အလှအပအား ရှာမတွေ့သူကို မည်ကဲ့သို့ အပြစ်တင်ရမည်နည်း။

'မဝါ ဘာဖြစ်နေတာလဲ'

'ဒေါကန်နေတာ'

'ကဲ ဆယ့်နှစ်ရာသီ ဒန်ကောတဲ့ မဒေါကန်၊ လက်ဖက်စားကြွပါတဲ့၊ လာ ခင်ချို ဝေဝေတို့အခန်းမှာ လက်ဖက်တွေ သုတ်ထားတယ်'

ဝေဝေသည် အခန်းဝမှ ခေါင်းကလေး ပြူကာ လာခေါ်သည်။ ဝေဝေ့စကားဆိုလျှင် ခင်ချိုတို့ ကောင်းစွာ မယုံပေ။ အစသန် အနောက်သန်လှသဖြင့် သူ့စကားကို ယုံမိတိုင်း တစ်နည်းမဟုတ် တစ်နည်းတော့ အရှုံးဖြစ်ကြရသည်မို့အတော်လန့်ကြရသည်။

'ခင်ချိုရယ်၊ ဝေဝေ တကယ်ပြောတာပါ။ လက်ဖက်တွေ တကယ် အများကြီး သုတ်ထားတာပါ၊ လက်ဖက်ထဲမှာလဲ ပွေးကိုင်းနဲ့ကနခိုမထည့်ထားပါဘူး'

ဝေဝေက မျက်နှာငယ်လေးနှင့် ပြောသောအခါ ခင်ချိုရယ်မိတော့သည်။ အစသန်လွန်းလှတော့ အကောင်းပြော သည်ကိုပင် အများက ကောင်းစွာ မယုံကြည်သဖြင့် အခက်တွေ့နေပုံရသည်။

'ဝေဝေနော် နင် တကယ်ပြောတာလား'

'အဟုတ်ပြောတာပါ မဝါရယ်၊ ဘုရားစူးရစေရဲ့၊ ဒသဂီရိနဲ့ညားရစေရဲ့'

'တကယ်နော်'

မဝါသည် မယုံသလို ထပ်မေးသည်။ မယုံလည်းမယုံစရာပင်။ ဝေဝေနှင့်မော်မော်တို့ပူးပေါင်းပြီး ချောက်ချသမျှကို ခင်ချိုတို့မဝါတို့အားလုံးမကြာခဏ လိမ့်နေအောင် ခံကြရသည်။ ပြီးခဲ့သော နွေကပင် ဝမ်းတွင်းရှူးဒေါ်အေးလှနှင့် လှည့်တိုက်ပေးသဖြင့် ခင်ချိုတို့အသက်လုပြီး ပြေးခဲ့ကြရသေးသည်။

'ကဲ ကဲ ဒီလောက် ဖြစ်နေရင်လဲ မလာနဲ့၊ မစားနဲ့၊ အကုန်တောင် သက်သာသေးတယ်'

ဝေဝေသည် စိတ်ညစ်လာသလို လှည့်ထွက်သွားတော့သည်။ ထိုအခါကျမှပင် မဝါနှင့် ခင်ချိုလည်း အတော်အတန် ယုံကြည်လာသည်။ ဘယ်နတ်ကောင်းနတ်မြတ်က မည်ကဲ့သို့ စိတ်ကောင်းစိတ်မြတ်များကို ပေးအပ်ခဲ့လေသည်မသိ။ ဝေဝေသည် တကယ့်ကို စေတနာ အရင်းခံနှင့် လက်ဖက်သုတ်စားရန် လာခေါ်ခြင်း ဖြစ်ဟန်တူသည်။

'ကျားသားမိုးကြိုး ခင်ချိုရေ၊ ဝေဝေ တကယ်ပြောတာ ထင်တယ်၊ လာ လာ တော်ကြာ ကုန်သွားရင် ဒုက္ခ'

ယခုမှ လက်ဖက်နံ့ ပုစွန်ခြောက်နံ့ကို ရလာသည်မို့ မဝါသည် ကမန်းကတန်း လိုက်ရန် ဟန်ပြင်သည်။

'ဒီနေ့ ဘာနေ့လဲ မှတ်ထားဦးမှ၊ ဝေဝေ စိတ်ကောင်းဝင်တဲ့နေ့၊ တကယ့်ကို ထူးခြားတဲ့နေ့'

ခင်ချိုသည် အပြေးလှမ်းရင်း ပြောမိသည်။ အမှန်တကယ်ပင် ထိုနေ့ထိုရက် ဝေဝေတို့ စိတ်ကောင်းဝင်ခဲ့လေသည်။ ဝေဝေတို့လက်ဖက်ဝိုင်းတွင် လူစုံတက်စုံ စုမိကြလေသည်။

ထိုမှစ၍ ပြဿနာ စခဲ့ခြင်း ဖြစ်သည်။

ကိုရင်မောင်နှင့် မညိုထွေးတို့၏ ပြဿနာသည် ဝေဝေတို့လက်ဖက်ဝိုင်းမှ စတင်ခဲ့လေသည်။

* * *

(၃)

ယောကျ်ားလေးများ စုမိလျှင် မိန်းကလေးအကြောင်းကို အများဆုံး ပြောကြသည်ဟု ဆိုသည်။ တကယ် ဟုတ်မဟုတ်တော့ ခင်ချိုလည်း ယောကျ်ား မဟုတ်၍ အသေအချာ မသိချေ။ မိန်းကလေးများ စုမိလျှင် ယောကျ်ားလေးအကြောင်းပြောကြသည်ကား အမှန်ပင်။ ယောကျ်ားတွေကောင်းကြောင်း၊ ဆိုးကြောင်း အကျင့်စရိုက် များကိုဦးတည်ပြီးပြောမိကြသည်။ ထိုနေ့ကလည်း လက်ဖက်ဝိုင်းတွင် ဂျီဟောသူများကို နှိမ်သောကျောင်းသားများ အကြောင်းကို စကားဦးတည်မိကြလေသည်။

'အမှန်တော့ စိတ်ဆိုးစရာ မဟုတ်ဘူး၊ မိန်းကလေးတွေရဲ့အလှ၊ အိုလေ လူသားတွေရဲ့ အလှစစ် အလှမှန်ဟာ ရင်ထဲမှာ နှလုံးသားမှာ ရှိတယ်ဆိုတာ မမြင်ဘဲ မိတ်ကပ်၊ နှုတ်ခမ်းနီနဲ့ ဆံပင် ဂုတ်ဝဲတွေကို မက်ပြီး အရေပြားတစ်ထောက်ကိုသာ ကြည့်တတ် မြင်တတ်တဲ့ သူတို့တွေဟာ သနားစရာတောင် ကောင်းသေးတယ်'

မိသည် လက်ဖက်သုတ်ကို တမြုံ့မြုံ့စားရင်း အဘိဓမ္မာဆန်ဆန် ပြောသည်။ မိစကားကို ခင်ချို သဘော ကျမိသော်လည်း မဝါကမူ ကျေနပ်ပုံမရချေ။

'အို အဝါတော့ မကျေနပ်ဘူး၊ သူတို့ရုပ်တွေကရော အင်ဂျင်နီယာကျောင်းသားရယ်လို့ ကျားကျားယားယား ရှိလို့လား၊ ပုတဲ့သူက ပု၊ ပိန်တဲ့သူက ပိန်၊ ဝတဲ့လူတွေကလဲ စည်ပိုင်းလားအောက်မေ့ရတယ်၊ ပုကွပိန်ချောက်တွေ'

'ဟဲ့ မဝါရဲ့၊ နင်ကလဲ အရေပြားအလှကို ကြည့်ပြန်ပြီလား'

'ကြည့်တာပေါ့၊ တူညီသော မျက်စိနဲ့ပဲ ပြန်ကြည့်ရတယ်၊ ဒါမှ တရားမှာ'

မဝါသည် အလကားနေရင်း ဒေါသကြီးလှလေသည်။ ခင်ချိုကမူ မဝါကိုကြည့်ရင်း ရယ်ချင်နေသည်။ ဂျီဟောသူအားလုံး ကိုယ်စားသူက ဒိုင်ခံစိတ်ဆိုးနေလေတော့ ခင်ချိုတို့ စိတ်ဆိုးဖို့ရန်ပင် မလိုတော့ ချေ။ မဝါ တစ်ယောက်တည်းနှင့် လုံလောက်သလို ဖြစ်နေလေသည်။

'အမယ်လေး အဲဒီ ပုကွ ပိန်ချောက်တွေက အပြင်မှာ ဈေးကောင်းတယ်ကွဲ့'

'ဒါကြောင့်လဲ သူ့နည်းနဲ့သူ ဘဝင်ကိုက်ကြတာ ထင်ပါရဲ့နော်'

ထိုနေ့က ခင်ချို နားထောင်သမား သက်သက် ဖြစ်လေသည်။ လက်ဖက်သုတ်က အစပ်တည့်လှသဖြင့် လက်ဖက်ကိုသာ တွင်တွင် မဲပြီး စားမိသည်။ သူတို့ပြောနေသော အကြောင်းအရာများထက် လက်ဖက်ကို ပိုပြီး စိတ်ဝင်စားမိသည်ဆိုက မှားမည် မဟုတ်ချေ။

'ဟေး ဘာတွေ စားနေကြတာလဲ၊ ဒီလိုများကျတော့ ဒို့ကို သတိမရဘူးပေါ့၊ ဟောဒီက အချောအလှ လေးကို သတိမရကြဘူးပေါ့လေ တယ်ကောင်း'

ညိုထွေးသည် ဘယ်က ဘယ်လို အနံ့ရလာသည် မသိ။ အခန်းတွင်းသို့ဖြုန်းဒိုင်းနှင့် ပြေးဝင်လာရင်း ပြောသည်။ ခင်ချို့ဘေးတွင် အကျအန တင်ပလင်ခွေပြီး ထိုင်လိုက်ကာ လက်ဖက် ပန်းကန်ကို သူ့ဘက်ဆွဲယူ လိုက်လေသည်။

'ဩော် ညိုထွေးရယ် မြောက်လေကို သတင်းစကားပါးလိုက်ပါတယ်၊ လေနဲ့ အတူ အနံ့ခံရင်း ညိုထွေး ရောက်လာတာပဲ မဟုတ်လား'

နားပါးသည် ၊ မျက်စိကောင်းသည်၊ လျှာပါးသည်ဟု ပြောလေ့ရှိကြသည်။ ညိုထွေးကမူ နှာခေါင်းပါး သည်ဟု ပြောရမည် ထင်သည်။ အမဲလိုက်ခွေးပင် လိုက်၍ မမီအောင် အနံ့ခံကောင်း လှသည်။ ဘာအနံ့ဖြစ်ဖြစ် ခင်ချိုတို့မရမီ သူက အရင်ရတတ်သည်။

'ဘာတွေ ပြောနေကြတာလဲ ဆက်ပြောလေ၊ ညိုထွေးလဲ နားထောင်မယ်'

လက်ဖက်ကို လေးငါးလုပ် ဆက်တိုက်စားပြီးသောအခါမှ ရပ်သွားသော စကားဝိုင်းကို သတိထားမိသလို ပြောသည်။ သူ့ကို ဝိုင်းကြည့်နေကြသည်ကို တွေ့သောအခါ ရှက်သွားသလို ဖွန်းကို ပစ်ချရင်း ဟက်ဟက် ပက်ပက် ရယ်လေသည်။ ညိုထွေးရယ်လျှင် ပါးချိုင့်လေး နှစ်ဖက်မှာ ခွက်ဝင်ပြီး ထင်ရှားလာသည်။

'မဝါက ဂျီဟောသူတွေကို နှိမ်တဲ့ ကျောင်းသားတွေကို စွဲချက်တင်နေလေရဲ့၊ သူသာ အာဏာပိုင်ဖြစ်ရင် အဲဒီ ကျောင်းသားတွေတော့ မလွယ်ဘူး'

'ဘာဖြစ်လို့လဲ'

'ကျောတစ်ရာ ရင်တစ်ရာ ကြိမ်ဒဏ်ခတ်ပြီး မြိုင်ရပ်ကို နှင်လိမ့်မယ် ထင်တယ်'

'အို နည်းသေးတာပေါ့၊ အကုန်လုံးကို အလုပ်ရုံထဲပို့၊ ကြိုးတုတ်ပြီး ဖစ်တင်ရှော့ပ် ထဲက လွှဝိုင်းကြီးနဲ့ လည်ပင်း ဖြတ်ပစ်မယ်၊ ကဲ မှတ်ကရော'

'အို ဘုရား ဘုရား'

မဝါဒေါသကြီးသည်ကိုကြည့်ရင်းခင်ချိုတို့အားလုံးတဝါးဝါး ရယ်နေကြသည်။ ပါးနှစ်ဖက်ကို ဖောင်းနေ အောင် စူရင်း ဟုတ်တာရော မဟုတ်တာရော၊ ပြောချင်တာတွေ လျှောက်ပြောတတ်လေသည်။ သူ ပြောချင်တာတွေ ပြောပြီး ရင်ထဲမှာ ဒေါသငြိမ်းသွားတတ်သည်။ ရင်ထဲတွင် ကြိတ်မြိုထားလေ့မရှိဘဲ အားလုံး အံထုတ်လေ့ရှိသည် ကတော့ သူ့အတွက် စိတ်ချမ်းသာစရာ အကျင့်ကောင်းကလေးပင် ဖြစ်သည်။ ထို့ကြောင့်လည်း သူ့ရင်ထဲတွင် ဘာအကျိတ်အခဲမှ မရှိဘဲ ရှင်းနေလေသည်။

'အဲဒီထဲမှာ ကိုရင်မောင်ဆိုတဲ့လူက သာတုံးသေးတယ်၊ သူလဲ ဘာမှ မပြောတတ် ဘာမှလဲမသိ၊ သူများတွေ နှိမ်သမျှ နားထောင်ပြီး တဟဲဟဲနဲ့ ရယ်နေတယ်'

'ဘယ် ကိုရင်မောင်လဲ၊ ဟို အသားညိုညို အရပ်မြင့်မြင့်နဲ့ လူလား'

'အေးလေ ကျောင်းပြေးခုန်ပစ်တုန်းကတောင် ပါသေးတယ်လေ'

'ဟို ဟို ရှေ့ဆုံးက ပြေးလာပြီး လမ်းတစ်ဝက်လောက်ကျမှ မှောက်ရက်ကြီး လဲတဲ့လူလား'

'အင်းပေါ့ သူပဲပေါ့'

'ဩော် အဲဒီလူလား'

ညိုထွေးက ခေါင်းကလေး တညိမ့်ညိမ့်နှင့် ပြောသည်။ ထိုစဉ်က ခင်ချိုနှင့် ညိုထွေးအတူပင် ရှေ့ဆုံးတန်း မှထိုင်ကြည့်နေကြသည်ကို မှတ်မိသည်။ သေနတ်ဖောက်ကတည်းက ကိုရင်မောင်သည် ခြေလှမ်းကျဲကြီးနှင့် စပြေးလေ သည်။ ခင်ချိုတို့ဌာနက ကိုမြင့်ထွေးက ဒုတိယပင် လိုက်နိုင်သည်။ 'ဒီဗိုင်းမည်းကြီးကလဲ ပြေးပဲ ပြေးနိုင်လွန်း' ဟု ခင်ချိုစိတ်ထဲမှာပင် ပြုံးစူမိသေးသည်။

လမ်းတစ်ဝက်လောက် ရောက်သောအခါ ဘယ်က ဘယ်လိုဖြစ်သည် မသိ၊ ခြေခေါက်သွား၍ပင် ထင်သည်။ မှောက်လျက်ကြီး လဲကျတော့သည်။ မီတာတိုမို့သူ့ကို အကုန်လုံး ကျော်တက်ကုန်ကြသော်လည်း အားမလျှော့ဘဲ လူးလဲထကာ ဆက်ပြေးသေးသည်။ 'ဖွဲဆုတော့ ပေးသင့်တယ်' ဟု ညိုထွေးက ရယ်မောရင်း မှတ်ချက်ချခဲ့လေသည်။

'သူကရော ဂျီပေါကို နှိမ်တာပဲလား'

'သူနှိမ်တတ်လို့နှိမ်ရင် ခံသာသေးတယ်၊ ခုတော့ သူများတွေ နှိမ်သမျှ ဘေးကနေပြီး အားပေးအားမြှောက် လုပ်နေတာ ပိုခံပြင်းစရာ ကောင်းတယ်'

'ပြောကြသေးတယ် ဂျီပေါသူများဆိုရင် ကြောက်ပါရဲ့တဲ့၊ မလိုချင်ပါဘူးတဲ့'

'အမှန်တော့ ဦးသူပြောစတမ်းပေါ့ မဝါရယ်၊ စက်မှု ကျောင်းသားတွေများ အပြင်လူတွေသာ အထင်ကြီး တာ၊ ဒို့တွေများကတော့ မသုံးရေးချ မသုံးလို့ပြောနေတာလဲ သူတို့တွေ ခံနေရတာပဲ'

'ဒါပေမယ့် ယောကျ်ားနဲ့မိန်းမ ပြိုင်ပြောကြစတမ်းဆိုရင် မိန်းကလေးကပဲ ရှုံးရမှာပေါ့'

'အ ဟယ် ဟယ် ဟဲ'

မဝါက အားငယ်သံလေးနှင့် ပြောသောအခါ ညိုထွေးသည် လှောင်ရယ်ကလေး ရယ်လိုက်လေသည်။ ညိုထွေး၏ မျက်လုံး ညိုညိုလေးများသည်လည်း ခပ်လှောင်လှောင်နှင့် ရယ်မောနေကြဟန် တူသည်။

'ဘာလို့ရှုံးရမှာလဲ၊ မှတ်ထား မဝါရဲ့၊ ယောကျ်ားဆိုတာ ဘာနဲ့ထုထားတာမို့လဲ၊ ယောကျ်ားတိုင်း ယောကျ်ားတိုင်းဟာ မိန်းကလေးတိုင်းအတွက် ကစားစရာ အရုပ်ကလေးတွေပဲ'

'အယ် အယ်'

ဒေါသကြီးနေသော မဝါသည် သူ့ဒေါသကို ခဏဘေးချိတ်လိုက်ပြီး ညိုထွေးကို ပါးစပ်ကလေး ဟလျက် ငေးကြည့်နေလေသည်။ မဝါ၏ ဒေါသများသည် လွင့်ပျောက်ပြီး မျက်နှာကျက်သို့ တက်ကပ်ကုန်ပြီ ထင်သည်။

'ဟာ ဒါတော့ မဟုတ်သေးပါဘူး'

'ဟုတ်တာမှ သိပ်ဟုတ်တာပေါ့'

ညိုထွေးက ခပ်တင်းတင်းပင် ပြောလေသည်။ ညိုထွေး၏ မျက်နှာသွယ်သွယ်လေးသည် မာနရောင်နှင့် ဝင်းနေသယောင်ရှိသည်။

'ကောင်လေးတွေသာ ကြားရင် သိပ်ဒေါကန်မှာနော'

'ကန်ချင်ရင်သာ ကန်ပေရော့ ဒါဟာ အမှန်တရားပဲ၊ မကစားချင်ရင်သာ ရှိရမယ်၊ မကစားတတ်ရင်သာ ရှိရမယ်၊ ယောကျ်ားဆိုတာမျိုးဟာ မိန်းမက လှည့်လိုက်ရင် ဒိုးကလေးလို ဝီခေါ်အောင် လည်သွားတတ်တာမျိုး'

'လေလျှော့ပါဦး ညိုထွေးရယ်'

တစ်ချိန်လုံး ငြိမ်နေသော ဝေဝေက ယခုမှ ဝင်ပြောလေသည်။ ဝေဝေ၏ပြုံးစပ်စပ်၊ ရယ်ကျဲကျဲ မျက်နှာကလေး တွင်ပင် ခေတ္တမျှ အပြုံးကွယ်ပျောက်နေသည်။ အံ့ဩသလို မျက်လုံးကလေး အဝိုင်းသားနှင့် ညိုထွေးကို ငေးကြည့်နေလေသည်။

'ညိုထွေးလေကျယ်တာ မဟုတ်ပါဘူး ဝေဝေရယ်၊ တကယ်ပြောနေတာပါ၊ ဂျီဟောသူကို မလိုချင်ဘူးဆိုတဲ့ ကျောင်းသားတွေကို ဂျီဟောသူရှေ့မှာ ဒူးထောင်ပြီး ငိုချင်းချအောင် လုပ်နိုင်ပါတယ်'

'မလွယ်ဘူး ညိုထွေးရဲ့ မလွယ်ဘူး၊ ယောက်ျားဟာ မိန်းမအတွက် ကစားစရာ ဆိုရင် သူတို့က တပြန် မိန်းမဟာ ယောကျ်ားတွေအတွက် အပျင်းဖြေစရာပဲလို့ သဘောထားရင် မခက်ပါလား'

ဒီတစ်ခါတော့ ခင်ချိုပြောဖြစ်လေသည်။ မဝါကို ဒေါသမကြီးစေချင်သလို ညိုထွေးကိုလည်း မာနမကြီး စေလိုပေ။ မာနဟူသည်မှာ စင်စစ်အားဖြင့် ရင်တွင်း၌ လောင်သောမီးဟု ခင်ချိုထင်မိသည်။

'အို အချစ်ပွဲမှာ အသည်းပျော့သူ ခံစတမ်းပေါ့၊ မိညိုထွေးတို့ အသည်းမမာရင် ခံမှာပေါ့၊ ဒါပေမယ့် ညိုထွေးတို့ အသည်းက မာလိုက်တာမှ သံလက်ခတ်နဲ့ တီးရင်တောင် တူရိယာသံ ထွက်နိုင်တယ်'

'အလဲ့ တယ်စာတဲ့ဆိုပါလား၊ အဲလေ တယ်ဆိုတဲ့ စာပါလား'

ခင်ချိုတို့ စကားဝိုင်းသည် ဘာလိုလိုနှင့် ဦးတည်ချက်ပြောင်းသွားလေသည်။ တစ်လေတည်း တစ်သံတည်း ထွက်နေသော ဝိုင်းတွင် နှစ်စုကွဲသွားသည်။ ဝေဝေ၊ မော်မော်၊ မိဝါနှင့် မဝါက တစ်ဖက်၊ ညိုထွေးက တစ်ဖက် စကားရည်လုပွဲကြီး စတင်လေတော့သည်။ ကြားနေရေးဝါဒကို လက်ကိုင်ထားပြီး ဒိုင်လူကြီးလုပ်နေသော ခင်ချို လည်း ဟိုဘက် စိတ်ရောက်လိုက်၊ ဒီဘက်စိတ်ရောက်လိုက်နှင့် သူတို့အပြောကောင်းသလို စိတ်ပြောင်းနေရသည်။

'ညိုထွေးမာနကြီးလွန်းတယ်' မိက မှတ်ချက်ချသည်။

'မိတို့က မာနနည်းလွန်းတယ်' ညိုထွေးက မကြောမနပ် ပြောသည်။

'ဆူးကျလဲဖက် ဖက်ကျလဲဖက် ဆိုတာဟို ဆယ့်ရှစ်ရာက စကား၊ ခုခေတ်ဟာ နှစ်ဆယ်ရာစု၊ နှစ်ဆယ်ရာစု မိန်းကလေးတွေဟာ ဒီစကားပြောနေကြသေးတယ်ဆိုတော့ ဝမ်းနည်းဖို့ကောင်းတယ်၊ ဒီခေတ်မှာ ဆူးကျိုးရမယ်'

'မြတ်စွာဘုရား'

ညိုထွေးသည် လေကို နည်းနည်းမှ မလျှော့ချေ။ မျက်နှာကို မော့ပြီး နှုတ်ခမ်းကို တင်းတင်းစေ့ ထားလေသည်။

တရားသူကြီး ခင်ချိုလည်း ဘာကို ဆုံးဖြတ်ရမည် မသိတော့ချေ။ မိတို့သည် 'ကျွန်မမှာ မိန်းမသား' ဟူ၍ အားနွဲ့လွန်းသည်။ ညိုထွေးကမူ 'ငါပဲ့ မိန်းမ' ဟု မာန်ကြီးလွန်းသည်။ မိတို့ က နည်းနည်းတိုး၊ ညိုထွေးက နည်းနည်းလျှော့လျှင် အနေတော် ဖြစ်မည် ထင်သည်။

ထိုနေ့က စကားရည်လုပွဲသည် တစ်နာရီကျော်ကြာသည် ထင်သည်။ စကားရည်လုပွဲကို အလောင်းအစား နှင့် အဆုံးသတ်သွားသောအခါ ဒိုင်လူကြီး ခင်ချိုသည် ရင်တုန်လာသဖြင့် ဆေးသကြား ဖျော်သောက်ရလေသည်။ အလျော်အစားအဖြစ် ကျောင်းမှ အောင်ပြီး အလုပ်လုပ်သောအခါ လခတစ်လခကို သတ်မှတ်သည်။ ညိုထွေးနိုင် လျှင် သူရသည့် တစ်လခကို မိတို့ လေးဦးခွဲယူရမည်။ မိတို့နိုင်လျှင်မူ သူတို့ တစ်လခစီ ညိုထွေးကို ပေးမည်။

ပစ်မှတ်သည်ကား 'ကိုရင်မောင်၏အသည်း'

ပစ်မည့်မြားသည်ကား 'မညိုထွေး'

ပွဲကြည့်ပရိသတ်သည်ကား မဝါ၊ မိ၊ ဝေဝေနှင့် မော်မော်တို့ ဖြစ်သည်။

တရားသူကြီးကား ခင်ချို ဖြစ်သည်။

ထိုအကြောင်းကို မည်သူမျှ မသိစေရန် ခင်ချိုတို့ အားလုံး လက်ဖက်စားပြီး သစ္စာပြုခဲ့ကြ ရလေသည်။

* * *

(၄)

'အမှန်တော့ ဒီလိုအလောင်းအစားဆိုတာ လုပ်ကို မလုပ်သင့်ဘူး'

တစ်ညနေ ခင်ချိုတို့တတွေ အခန်းအပြင်ဘက်တွင် ဖျာခင်းထိုင်ရင်း စုမိကြသောအခါ မိက နောင်တရသလို ပြောလေသည်။ လေက ခပ်ကြမ်းကြမ်း တိုက်နေသဖြင့် မိ၏ ဆံပင်များ တဖြတ်ဖြတ် လွင့်နေလေသည်။ ခင်ချိုသည် ဘာမှ ပြန်မပြောဘဲ မိကိုသာ ခပ်ငေးငေး ကြည့်နေမိလေသည်။ လေတွင် ဝေ့ကာ ဝိုက်ကာနှင့် ဝဲနေသော မိ၏ဆံနွယ်လေးများမှာ ကြည့်၍ ကောင်းလှသည်။ ဂျီဟောတစ်ဆောင်လုံး ခင်ချိုတို့အပိုင်စားရသော အပေါ်ဆုံးထပ် အနောက်ဘက် ဒေါင့်သည် လေအတိုက်ဆုံး ထင်သည်။ နွေ မိုး ဆောင်း ဥတုမရွေး စိမ့်အေးနေအောင် တိုက်ခတ်လေ့ ရှိသည်။

'အို ဂွတ်တယ်ထင်လို့ ဒူးတာပဲ'

'အင်းပေါ့ ဒူးပြီးမှတော့ ဂွတ်သာဂွတ်'

ဝေဝေနှင့် မော်မော်သည်ကား ပြုံးရယ်ရင်း သံပြိုင်ပြောကြလေသည်။

'ဘာအလောင်းအစားလဲ၊ ဘာလုပ်ထားတာလဲ'

ထွေးထွေးသည် သူမသိလိုက်ရသော ကိစ္စမို့ နားမလည်နိုင်ဘဲ မေးသည်။ လက်ဖက် သစ္စာ စူးမည်စိုးသောကြောင့် ခင်ချိုတို့အားလုံး နှုတ်ပိတ်ရေငုံ နေလိုက်ကြရသည်။ ထွေးထွေးလက်ထဲမှ စားလက်စ ဆီးယိုထုပ်ကို ဝေဝေနှင့် မော်မော်က တစ်ယောက်တစ်လက် ယူစားလိုက်ကြသောအခါတွင်ကား စကားလမ်းကြောင်းလည်း ပြောင်းသွားလေတော့သည်။

'ကျောင်းဖွင့်တာတောင် မကြာသေးဘူး၊ ဘာလိုလိုနဲ့ စာမေးပွဲတောင် တဖြည်းဖြည်း နီးပြီ'

'အေးကွယ် နီးလာပြီပေါ့'

စာမေးပွဲကြောင်းကြားရလျှင် ခင်ချိုတို့အားလုံး တည်တည်ငြိမ်ငြိမ် ဖြစ်သွားတတ်ကြသည်။ အခြားနေရာများတွင် မည်မျှပင် ဆော့နေ ပြောင်နေသော်လည်း စာမေးပွဲဆိုလျှင်မူ ကြောက်ကြရသည်။ လေးလေးစားစား ကျက်မှတ်ပြီး လေးလေးစားစား ဖြေကြရသည်သာ ဖြစ်၏။ သို့သော် အင်္ဂလိပ်ဘာသာရပ်အားလုံးထဲတွင် ဗိသုကာ ဘာသာရပ်ကို သင်ယူသော ခင်ချိုတို့သည်ကား တစ်ဘာသာခြားနေလေသည်။ သူတို့လောက် ကျက်စာ မများပေ။ အတန်းကြီးလာသော အခါ ရေးဖြေတစ်ဘာသာ နှစ်ဘာသာမှအပ ကျက်စာ မရှိတော့ချေ။ အဆောက်အဦးအမျိုးမျိုးကိုသာ ဦးနှောက်ကို ခြစ်ကုတ်ပြီး တစ်လတစ်ကြိမ် ထုတ်ကြရတော့သည်။ တစ်လတစ်ကြိမ် တင်ရသော ပုံစံများမှ အမှတ်ကို ဦးစားပေးပြီး အအောင်အရှုံး ဆုံးဖြတ်လေသည်။ ထို့ကြောင့် အင်ဂျင်နီယာတို့ အလုပ်ရှုပ်နေချိန်တွင် ဗိသုကာတို့အားနေလျှင်နေတတ်သည်။ ဗိသုကာများ မအိပ်မနေအလုပ်များသော အချိန်တွင်လည်း အင်ဂျင်နီယာဘာသာရပ်ယူသူများ အေးအေးဆေးဆေး ထိုင်နေနိုင်ကြသည်။ အင်ဂျင်နီယာ လူများစုကြားထဲ

တွင် ဗိသုကာ လူနည်းစုကလေးမှာကန့်လန့်ကန့်လန့်ဖြစ်နေတတ်သည်။ ခင်ချိုတို့ကအိမ်ပုံစံ၊တိုက်ပုံစံ အသေးလေး များ ဆောင်လုပ်၍ အလုပ်ရှုပ်နေချိန်တွင် မိတို့သည် ဂဏန်းပေါင်း သောင်းခြောက်ထောင်ကြားထဲတွင် နစ်မြုပ် နေလေသည်။

'ဟော ဟိုမှာ ပြောရင်းဆိုရင်း'

အဆောင်ဘေးမှ ကွေ့ပတ်ပြီး တက်သွားသော လမ်းကလေးကို ကြည့်ရင်း မော်မော်က ပြောလေသည်။ တစ်ယောက်တည်း တစိုက်စိုက် လျှောက်သွားသော ကိုရင်မောင်ကို တွေ့ရသည်။ ညနေစောင်း တွင် ကျောင်းသားများသည် အစုလိုက် အေးအေးသက်သာ လမ်းလျှောက်လေ့ ရှိကြသည်။ ကိုရင်မောင်သည်ကား ညနေငါးနာရီခွဲတွင် ထမင်းစားပြီး တစ်ဦးတည်း လမ်းလျှောက်ထွက်လေ့ရှိသည်ကို ခင်ချိုတို့သတိထားမိသည်။

'ဩော် ခများ သနားစရာ၊ ဘာမှ မသိရှာဘူး'

မိသည် ပြုံးမလို မဲ့မလို မျက်နှာကလေးနှင့် ကိုရင်မောင်ကို ငေးကြည့်နေသည်။ ဖြစ်ခဲ့ရသော အလောင်းအစား ပြဿနာအတွက် အတော်ပင် စိတ်မသက်မသာ ဖြစ်နေပုံရသည်။

'ညိုထွေးက ဘာပြောသေးလဲ'

'အဟဲ အချိန်တန်တော့ နွားပိန်ကန်လိမ့်မယ်တဲ့၊ ခုထိတော့ ဘာအစီအစဉ်လုပ်ရမယ်တောင် မသိသေးဘူးတဲ့'

'ကောင်းကွာ'

မဝါသည် ခင်ချိုဘေးတွင် ဝင်ထိုင်ရင်း ရယ်လေသည်။ စင်စစ် ပြဿနာကို မဝါက စခဲ့ခြင်း ဖြစ်သည်။ ဝေဝေ၊ မော်မော်နှင့် မိတို့က ကူညီအားပေးသူများ ဖြစ်သည်။

'ပြဿနာစသူ မဝါ၊ မြှောက်ပေးသူက ဝေ၊ မော်၊ မိ၊ ကြံဖော်ကြံဖက် အားလုံးအနက်တွင် ငမိုက်သားရင်မောင်လေ၊ နင်ချည်းပင် သေပေတော့ဟု လေးပစ်မည့်သူကား မညိုထွေး'

မော်မော်သည် တိုးတိုးလေး ရေရွတ်နေသည်။ ဝေဝေကေ နားထောင်ရင်း ရယ်သော်လည်း မိသည် မရယ်နိုင် ချေ။ မဝါကမူ ပြုံးစစ လုပ်နေလေသည်။

သူတို့တစ်တွေ လုပ်ခဲ့ကြသော အလောင်းအစားအကြောင်းကိုသာ မမခင် သိလျှင် မည်ကဲ့သို့ နေမည်ကို ခင်ချိုတွေးနေမိသည်။ သူဒီလောက် ဆုံးမနေသည့်ကြားထဲက ဒီလို လုပ်ကြရမလားဟု မဆုံးနိုင်အောင် ဆူတော့ဆဲတော့မည် ဖြစ်သည်။ ဝေဝေတို့၊ ညိုထွေးတို့ခေါင်းကလေးတွေကို ဗုံစီသလိုစီပြီး ဒလစပ် လိုက်ခေါက်လိမ့်မည်ထင်သည်။ ဒီလိုဆိုပြန်တော့လည်း လက်ဖက်ဝိုင်းတုန်းက မမခင်သာ ရှိလျှင် အကောင်းသားဟု ခင်ချိုတောင့်တမိသည်။ မမခင်သာ ရှိလျှင် အလောင်းအစားလည်း ဖြစ်လာနိုင်မည် မဟုတ်ချေ။

အလောင်းအစားမရှိလျှင် အလျော်အစားလည်း ရှိမည် မဟုတ်ပါချေ။

အရှုံးအနိုင်လည်း ရှိမည် မဟုတ်ပါချေ။

ခင်ချိုကတော့ ဘယ်သူ့ကိုမှ မနိုင်စေလိုပေ၊ အနိုင်ရှိလျှင် အရှုံးရှိရတော့မည်မို့ဖြစ်သည်။ မည်သူ့ကိုမျှ မရှုံးစေချင်သောကြောင့် ဖြစ်ပါသည်။

* * *

(၅)

'ညိုထွေးတစ်သက်လုံး တစ်ခါမှ မရှုံးဖူးဘူး၊ ညိုထွေးလုပ်ရင် နိုင်ရမှာပဲ'

ညိုထွေးသည် ခင်ချို့ပန်ကန်ထဲသို့ ခရမ်းသီးနှပ်တစ်ဇွန်းခပ်ထည့်ပေးရင်း ပြောသည်။ ညိုထွေး၏မျက်လုံး ညိုညိုလေးများသည် မာနရောင်နှင့် ရွှန်းလဲ့နေသည်။ ခေါင်းလျှော်ပြီးစမို့ ဖားလျားချပြီး ဖဲကြိုးနှင့် ကပိုကယို ချည်ထားသော ဆံပင် ပျော့ပျော့များသည်ကား နက်မှောင် သန်စွမ်းလှသည်။မဝါကမူ ညိုထွေးကို ခပ်ပြုံးပြုံး ကြည့်ပြီး ထမင်းသာ ကုန်းစားနေသည်။ သူကြိုက်သော ခရမ်းသီးနှပ်ဟင်းမို့အစားကို စကားထက် မက်နေခြင်း လည်း ဖြစ်နိုင်သည်။ ခရမ်းသီးနှပ်ဆိုလျှင် ခင်ချိုတို့အားလုံး ကြိုက်ကြသည်။

အဆောင်က ထမင်းဟင်းကို ညံ့လှသည်ဟု ညည်းသူအတော်များလေသည်။ မီးရေအစုံ၊ နေသည့်အတွက် ရော၊ စားသည့်အတွက်ပါ အဆောင်ကြေးမှာ ငါးဆယ့်ခုနစ်ကျပ်သာ ဖြစ်သည့်အတွက် ဟင်းတွင် ဆီနည်းသည် ဆိုပြီး မညည်းသင့်ဟု ခင်ချိုထင်သည်။ အိမ်ထမင်း အိမ်ဟင်းနှင့် နှိုင်းပြီး အပြစ်တင်ရန် မသင့်ပေ။ အများစာ ချက်ရသော ဟင်းသည် အိမ်တွင် ချက်သော ဆီပြန်ဟင်းနှင့်ကား ယှဉ်နိုင်မည် မဟုတ်ချေ။ သို့သော် စက်မှုတွင် ကျွေးသော ခရမ်းသီးနှပ်သည်ကား အိမ်စံချိန်ကို မီသည်ဟု ခင်ချိုတို့အားလုံး စံထားဆုံးဖြတ်ကြသည်။ ခရမ်းသီးနှပ်ကျွေးသောနေ့တွင် ခါတိုင်းထက် ထမင်းစား၍ ဝင်ကြလေသည်။ အဆောင်နေစက အဆောင်ထမင်း ညိုညိုနှင့် ဖြူလျော်လျော် ဟင်းများကို ကြည့်ပြီး မျိုမကျနိုင်ဘဲ ငိုချင်စိတ်ပေါက်နေသော ခင်ချိုပင် ခရမ်းသီးနှပ် ဟင်းနှင့် ထမင်းစားနိုင်ခဲ့သည်။

'ဟေ့ ခင်ချို ဘာငိုင်နေတာလဲ'

မဝါသည် ခင်ချို့ပခုံးကို ဆတ်ခနဲ ပုတ်လိုက်သည်။ ဟင်းခွက်ကို ကြည့်ရင်း အတွေးလွန်သွားသော ခင်ချိုလည်း မိမိစိတ်ကို ပြန်ဆွဲခေါ်ရင်း ရယ်လိုက်မိသည်။ ခင်ချိုတို့ထမင်းစားအပြီးတွင် အဆောင်ကို တန်းမပြန် ဖြစ်ဘဲ ကျောင်းကို ပတ်၍ လမ်းလျှောက်မိကြသည်။ ကျောင်းအနောက်ဘက် အလုပ်ရုံများဘက်တွင် မြက်ရိုင်းပင် နီနီများသည် ပန်းခင်းကြီးသဖွယ် ရဲနေသည်။ လေအသွေးတွင် ဘယ်ညာ ယိမ်းနွဲ့နေကြသည်။

'ဒီကျောင်းမှာ ညိုထွေး အချစ်ဆုံးက အဲဒီ မြက်ရိုင်းနီတွေပဲ၊ ညိုထွေး သူဋ္ဌေးဖြစ်ရင် ခြံအကျယ်ကြီးဝယ်ပြီး အဲဒီမြက်တွေကို မျက်စိတစ်ဆုံး အခင်းကြီး ဖြစ်အောင် စိုက်ထားမယ်'

တနွဲ့နွဲ့ညွတ်နေသော မြက်ညှာတံလေးကို ချူးယူရင်း စိတ်ကူးယဉ်နေသော ညိုထွေးသည် ခလေးငယ် လေးနှင့် တူနေသည်။ ခင်ချိုသာ ပန်းချီဆွဲတတ်လျှင် မြက်ရိုင်းပင် နီနီများအကြားတွင် ဆံနွယ်ဆံညွှန့်များ လေတွင် လွင့်နေသော ညိုထွေး၏ ပုံကို ပန်းချီဆွဲမိမည် ထင်သည်။ ညိုထွေးဝတ်ထားသော အင်္ကျီဝါဝါနှင့် လုံချည်အဝါပွင့်သည် မြက်ရိုင်းပင်များ အကြားတွင် လွင်လွင်ကလေး ထင်ရှားနေမည် ဖြစ်သည်။ နီရဲရဲ ယှက်ဖြာ

ကျ နေသော ညနေခင်း နေရောင်ခြည်သည် ညိုထွေး၏ ပါးချိုင့်ကလေးများကို ပိုမို ထင်ရှားစေမည် ဖြစ်လေသည်။ အနီနှင့် အဝါဆိုလျှင် ပူနွေးသော အရောင်များနေသည်။ ညိုထွေး၏ ဆံပင်ကို စီးထားသော ဖဲကြိုးပြာလေးသည် လေထဲတွင် ပျံ့ဝဲနေပြီး မျက်စိကို မသိမသာကလေး အေးသွားစေနိုင်မည် ဖြစ်လေသည်။ ပန်းချီကား၏ အမည်ကိုမူ 'အရိုင်း' ဟု ပေးရလျှင် ကောင်းမည်ထင်သည်။ အရိုင်းဟူသည်မှာ သဘာဝအတိုင်း မပြုမပြင် ထားသည်ကို ဆိုလိုသည် မဟုတ်ပါလော။

'ညိုထွေးသာ တန်ခိုးရှင် ဆိုရင် အဲဒီ မြက်ရိုင်းနီတွေကို ခုလို ဆောင်းတွင်းမကဘူး၊ ဆယ့်နှစ်ရာသီ ရှိနေအောင် ဖန်ဆင်းထားမှာပဲ'

'အို ကွယ် ပန်းလဲ မဟုတ်၊ အရွက်လဲ မဟုတ်၊ မွှေးလဲ မမွှေး၊ ဟောဟို ချောက်ထဲက ပန်းဝါလေးတွေကမှ ပိုလှသေးတယ်'

'ပန်းဆိုတာ မွှေးမှ လှမှ ပန်းလို့သဘောထားရင် မှားမှာပေါ့ မဝါရယ်၊ ပန်းဆိုတာ ပန်းဆန်လွန်းရင် မကောင်းဘူး မိန်းကလေးရဲ့'

မြက်ရိုင်းနီများကြားထဲတွင် ရပ်ရင်း ညိုထွေးက ပြောနေစဉ် ခင်ချိုတို့ဘေးမှ ကိုရင်မောင်သည် ဖြတ်၍ လျှောက်သွားသည်။ သူ့ဟန်အတိုင်း ခေါင်းငုံ့ကာ ခြေလှမ်းကို ရေတွက်၍ လျှောက်နေသလို တစ်လှမ်းချင်း လျှောက်သွား၏။ တစ်ဦးနှင့် တစ်ဦး မိတ်ဆက်စရာမလို၊ သိနေပြီး ဖြစ်ကြသော်လည်း မည်သူကမှစ၍ နှုတ်မဆက်သည့်အတွက် နှုတ်မဆက်ဖြစ်ကြပေ။ ညိုထွေးကမူ မြက်တစ်ပင်ကို အမှတ်တမဲ့ လှမ်းနုတ်ရင်း မျက်လွှာဝန်းဝိုက်ပြီး အကဲခတ်လိုက်သည်။ ထို နောက်တွင်ကား တိုင်ပင်စရာပင် မလို၊ ညိုထွေး၊ မဝါနှင့်ခင်ချိုတို့ သုံးဦးသား ကိုရင်မောင်၏ နောက်ဘက်မှ ဖြည်းဖြည်းသက်သာ လိုက်လာမိကြသည်။

'ပန်းဆိုတာ လှတိုင်းလဲ မမွှေးဘူး၊ မွှေးတိုင်းလဲ မလှဘူး၊ တချို့ကျတော့ ကံကောင်းလို့ထင်ပါရဲ့ မွှေးလဲမွှေးတယ် လှလဲလှတယ်၊ ကံဆိုးတဲ့ ပန်းလေးများ ကျပြန်တော့လည်း မွှေးလဲ မမွှေး လှလဲ မလှ၊ ဒို့များ မိန်းကလေးတွေရဲ့ဘဝဟာလဲ ပန်းကလေးများလိုပဲ'

ညိုထွေးသည် လေအေးလေးနှင့် ပြောနေသည်။ မျက်လုံးညိုလေးများက ရီရွှင်နေသော်လည်း ညိုထွေး၏ အသံသည် ဆွေးဆွေးမြေ့မြေ့လေး ဖြစ်နေသည်။ ခင်ချိုတို့အရှေ့လက်တစ်လှမ်းသာသာလောက်တွင် လျှောက်သွားသော ကိုရင်မောင်သည် ညိုထွေး၏ အသံကို ကောင်းစွာ ကြားနိုင်ပေလိမ့်မည် ထင်သည်။

'ပန်းမြင်ရင် ခူးချင်ကြတာတော့ လူတွေရဲ့ညာဉ်ပဲ ထင်ပါရဲ့နော်၊ အမြတ်တနိုးအပန်ခံရတဲ့ ပန်းလေးတွေ ကတော့ ကံကောင်းတာပေါ့၊ တချို့လူတွေကတော့ ပန်းမြင်ရင် ခူးပြီး ချေပစ်တတ်တာမျိုး၊ ပန်းကလေးတွေကို ဘာဥပဒေကမှ ကာကွယ်မပေးဘူး၊ အညာလွယ်ရ ကောင်းလားလို့တောင် ဝိုင်းပြီး ဖိလိုက်ကြသေးတယ်၊ အဲဒါက တော့ မတရားပါဘူး နော် ခင်ချိုရယ်'

'အင်းပေါ့'

ညိုထွေးက စကားထောက်လိုက်၍ ခင်ချိုသည် ယောင်နနနှင့် အင်းသာ လိုက်လိုက်ရသည်။ မညိုထွေး၏ ခြေလှမ်းကို ကောင်းစွာ မမြင်မိသေးချေ။ မိန်းမမာယာ သဲကိုးဖြာဟု ဆိုစကား ရှိသည်။ ညိုထွေးသည် သဲကိုးဖြာ ထဲမှ သဲတစ်ဆုပ်ကိုတော့ အသုံးပြုပြီ ထင်ရသည်။ ကိုရင်မောင်၏ ခြေလှမ်းများ နှေးသွားသည်ကား အမှန်ပင်။

'တကယ်တော့ ညိုထွေးတို့မိန်းမဘဝဟာ တကယ့်ကို ဖက်ဘဝ၊ ဆူးကျကျ ဖက်ကျကျ ဖက်သာပေါက်ရ တယ်ဆိုတာ ရှေးလူကြီးတွေဟာ တကယ်ပြောခဲ့တာနော်၊ အရှုံးခံဘဝ သက်သက်ရယ်'

ညိုထွေးက ဆွေးမြေ့နာကြည်းသံလေးနှင့် ပြောသောအခါ မဝါ၏မျက်လုံးနှစ်ဖက်သည် ပြူးထွက်ပြီး အလန့်တကြား ဖြစ်သွားလေသည်။ နှစ်ဆယ်ရာစုနှစ်မှာ ဖက်ပေါ်ကျတဲ့ဆူးတွေ ကျိုးရမယ်ဟု လေသံမာမာနှင့် ပြောခဲ့သော စကားကို သတိရ၍ထင်သည်၊ ညိုထွေးသည် သူ့ကို မျက်လုံးအပြူးသားနှင့် လှည့်ကြည့်သောအခါ မဝါအား ရယ်ကျဲကျဲနှင့် မျက်စိတစ်ဖက် မှိတ်ပြလေသည်။ မျက်စိဟူသည်ကို ခေါင်း အရှေ့ဘက် မျက်နှာတွင်သာ နှစ်လုံးစလုံး တပ်ဆင်ပေးခဲ့သော သဘာဝတရားကြီးကြောင့် ညိုထွေးကို ကျောခိုင်းထားသော ကိုရင်မောင်သည် ညိုထွေး၏ ရယ်ကျဲကျဲဟန်လေးကို မမြင်နိုင်ရှာချေ။ အသံကိုသာ ကြားနေရသူ သည် မျက်လုံးလေးရီဝေဝေနှင့် ဆွေးရိပ်သမ်းနေသော မျက်နှာလေးကိုသာ တွေးထင်မြင်ယောင် မိမည် ဖြစ်ပေသည်။

'ဘယ်ခေတ်ကြီး ဘယ်လိုတိုးတက်ပြီး ဒုံပျံတွေ ဘယ်လိုလွှတ်လွှတ်၊ လကိုဘယ်လိုသွားသွားဒို့မိန်းကလေး တွေလဲ ပညာတွေ ဘယ်လိုတတ်တတ်၊ ဆူးနဲ့ဖက် နိယာမကြီးကတော့ ပြောင်းမှာ မဟုတ်ဘူးနော်'

'ညိုထွေးက ယောကျာ်းဖြစ်ချင်လို့လား'

'အို မဖြစ်ချင်ပါဘူး၊ မဖြစ်နိုင်တာကို ဘာလို့တမ်းတနေရမှာလဲ၊ ယောကျာ်းတွေကိုသာ မိန်းကလေးတွေရဲ့ ဘဝ နားလည်စေချင်တာ၊ စာနာစေချင်တာပါ'

ခြေလှမ်းနှေးနေသော ကိုရင်မောင်ကို ခင်ချိုတို့တတွေ ကျော်တက်ခဲ့ကြသည်။ အကဲခတ်ဟန်နှင့်မသိမသာ လှည့်ကြည့်သည်ကိုပင် လုံးဝအမှုမထားမိသလို ကောင်းကင်ပြာကို မော့ကြည့်နေသော ညိုထွေးသည် အမူအယာ ကောင်းလှပေသည်။ ကိုရင်မောင်ဟူသည့် လူကို ရှိသည်ဟု အမှတ်ထားပုံပင်မရ၊ အရေးစိုက်မိပုံပင်မရ။ စိတ်တံခါး ကို မသိမသာလေးဖွင့်ပြီး ဂျိုင်းခနဲ ပြန်ပိတ်ထားလိုက်သည်။

ထိပြီး ပြေးသော 'ထိပြေး' ကလေးများသည် အချစ်ပွဲတွင် စစ်ခင်းကြသည်ဟု ခင်ချိုကြားဖူးသည်။ ငြိမ်သက်စွာ ရပ်နေသူအား စတင်ပြီး ထိခိုက်၍ လုပ်ရှားလာသောအခါ ပြေးလေတော့သည်။ အပြေးသမားနှင့် အလိုက်သမားဟူသည် ပြေးသူက သာစမြဲပင်တည်း။ ညိုထွေးကို ကြည့်ရသည်မှာလည်း အပြေးသမားလေးနှင့် တူသည်။ ကန်ရေပြင်ကဲ့သို့ငြိမ်နေသော စိတ်အစဉ်အား ခဲသေးသေးလေးနှင့် မထိတထိ စပြီး ပစ်ခတ်နေပြီ ထင်ရသည်။ ခင်ချိုကြားဖူးသော ပုံပြင်ထဲတွင် သူရဲကောင်း မင်းသားလေးက လေးပစ်မည်ဟု လေးညို့ကို တီးခတ်လိုက်သောအခါ ရန်သူအကုန်လုံး မှင်သက်မိပြီး ကျောက်ရုပ်လို ဖြစ်ကုန်ကြသည် ဆို၏။ လေးပစ်မည့် ချစ်မြားရှင် ညိုထွေးသည်လည်း လေးညို့ကို သာသာလေး တီးခတ်နေချေပြီ။ ငမိုက်သားရင်မောင်လေ ရှောင်နိုင် ရင် ရှောင်ပေတော့ဟု ခင်ချို စိတ်ထဲတွင် တီးတိုးရေရွတ်နေမိသည်။

'သဲကိုးဖြာထဲက သဲတစ်ဆုပ်ကိုတော့ ညိုထွေးသုံးခဲ့ပြီ ထင်ပါရဲ့'

အဆောင်သို့ပြန်ရောက်သောအခါ ဖားဖားဝေဝေ ပိတောက်ရွက်များကို ခုန်ချူးရင်း မဝါက မေးပြောလေး ပြောသည်။ ညိုထွေးသည် ဘန်ဒါပင်ရိပ်အောက်မှ ခုံစိမ်းလေးတွင် ခြေပစ်လက်ပစ် ထိုင်ချရင်း ရယ်လေသည်။

'သဲတစ်မှုန် နှစ်မှုန်ပါ မဝါရယ်၊ တစ်ဆုပ်မကုန်ပါဘူး'

* * *

(၆)

ဒီနေ့ ခင်ချိုကျောင်းမတက်ဖြစ်ချေ။ တက်ချင်စိတ်လည်းမရှိလှ။ဆရာဆွဲခိုင်းထားသောပုံစံကိုဆွဲ၍ မပြီးသေးသောကြောင့်ဆရာနှင့်လည်း ရင်ဆိုင်ချင်စိတ်မရှိချေ။ ထို့ကြောင့်အခန်းထဲတွင်တစ်မနက်လုံးအောင်းနေပြီးကျောင်းပြေးဖြစ်လေသည်။ ခင်ချိုတို့အဆောင်နှင့် ပိသုကာဌာနသည် နီးကပ်သဖြင့် အခန်းအပြင်ဘက်ထွက်နေလျှင် ဌာနမှ လှမ်းမြင်နိုင်သည်။ ထို့ကြောင့် အခန်းအပြင်ကို ပင် မထွက်ရဲ၊ အဆောင်ရှေ့တွင် ဖြတ်သွားသော ဆရာများ အမှတ်တမဲ့ လှမ်းမြင်သွားမည်ကို ကြောက်သောကြောင့် ဖြစ်သည်။

သို့သော် ဆယ့်တစ်နာရီ ထိုးသောအခါတွက်ကား ခင်ချိုသည် မနေသာတော့ချေ။ ငါ့ဝမ်းပူဆာ မနေသာလို့ထွက်ရတယ်ဟု ညည်းရင်း ထမင်းစားဆောင်ဘက်သို့ ခပ်လျှိုးလျှိုး ထွက်လာရသည်။ ဂျီဟောသူများ ဒီတစ်ခါတော့ ကံဆိုးလှသည်။ ထမင်းစားဆောင်နှင့် အဆောင်သည် တစ်ခေါ်သာသာ ဝေးလေသည်။ သီးခြားစီ ရှိကြသည်မို့ ထမင်းတစ်ခါ စားရန်အရေး ကျဲကျဲပူသော နေထဲမှ ဖြတ်ပြီး ငါးမိနစ်သာသာခန့် လမ်းလျှောက်ကြရလေသည်။ နေပူသည်ကမှတော်သေးသည်။မိုးတွင်းအခါတွင်ကားဒူးဆစ်ခန့်မြုပ်နေသောရေထဲတွင်တဝုန်းဝုန်းနှင့် ရေကူးကျင့်ပြီးမှ ထမင်းစားကြရလေသည်။

'ဟေး ခင်ချို ထွေးထွေး'

စားသောက်ဆိုင်များ ဘေးမှ အဖြတ်တွင် ဆိုင်ထဲမှ ယုယုဆွေက လှမ်းခေါ်သည်။ သူ့ရှေ့က စားပွဲပေါ်တွင် ဒံပေါက်ပွဲကို မြင်ရသဖြင့် ခင်ချိုတို့ခြေလှမ်းလည်း ထမင်းစားဆောင်ကို မေ့ပြီး ဒံပေါက်ဆီသို့ အလိုလို ဦးတည်သွားလေသည်။

'ဘာဖြစ်လို့ ကျောင်းမတက်ကြတာလဲ၊ ဆရာကြီး ဒေါ်ကန်နေတယ်'

'အဟုတ်လား'

ခင်ချိုရောထွေးထွေးပါ ရင်ထဲတွင် ဒိုင်းခနဲခုန်သွားကြသည်။ တစ်ခါတစ်ရံတော့လည်းခင်ချိုတို့စိတ်ညစ်မိသည်။ စာအပိုဒ်တစ်ရာကျက် ဟုဆိုလျှင်ပင် ဝီရိယအားကိုးနှင့် ကျက်ပါက ပြီးနိုင်သေးသည်။ ဒီပုံကို ဒီနေ့စဉ်းစားပြီး အပြီးဆွဲရမည်ဟုဆိုပါက ဦးနှောက်က ရှင်နေလျှင် ပြီးနိုင်ပေသည်။ တစ်ခါတစ်ရံ ဉာဏ်ခြောက်ခန်းသောအခါများတွင် မည်ကဲ့သို့သော ပုံစံကို ထုတ်လုပ်ရမည်ကို စဉ်းစား၍ မရနိုင်ဘဲ တစ်နေကုန်ရသည်။ဦးနှောက်ထဲမှ စဉ်းစားဉာဏ်ဟူသည် ခြစ်ထုတ်ကော်ထုတ်၍လည်း ရကောင်းသည် မဟုတ်ပါချေ။

'ဒို့တွေ ဒီဇိုင်းမထွက်သေးလို့'

'အို ဘာပုံပဲဖြစ်ဖြစ် တွေ့ကရာ ဆွဲပြလိုက်ရင် ပြီးတာပဲ'

'ဒီလိုလဲ မပြချင်ဘူးကွ၊ မင်းတို့မြန်မာတွေ ညံ့လှချေကလားလို့ထင်သွားရင် အခက်'

ထွေးထွေးက တိုးတိုးလေး ပြောသည်။ ခင်ချိုတို့၏ အတန်းဆရာသည် ရပ်ရှင်းလူမျိုး ဖြစ်လေသည်။ ရုရှားမှရောက်လာသည်မှာ မကြာသေးသဖြင့် မြန်မာတို့၏ အလေ့အထ၊ အကျင့်စရိုက်ကိုလည်း ကောင်းစွာ နားမလည်သေးချေ။ တွေ့သမျှ မြင်သမျှကို စူးစမ်းလေ့လာပြီး ရုရှားနှင့် ယှဉ်ကြည့်လေ့ရှိလေသည်။ ခင်ချို့စိတ်ထဲတွင် မြန်မာတွေကို အထင်သေးမှာ စိုးရိမ်သော အတွေးဖြင့် ပြည့်နေသည်။

ခင်ချိုတို့အတန်းတွင် ဒုတိယနှစ်ကတည်းကစ၍ ရပ်ရှင်ဆရာများနှင့် ရေစက်ဆုံခဲ့ရသည်။ ဦးဆုံးဆရာသည် အိုဂျီကောဖြစ်သည်။ အရပ်မြင့်မြင့် ခါးကိုင်းကိုင်းနှင့် လက်နှစ်ဖက်ကို လွှဲပြီး လျှောက်လေ့ရှိသော ဆရာ၏ဟန်သည် ထူးခြားလေသည်။ စကားပြောလျှင် သူ့မုတ်ဆိတ် တိုတိုလေးကို သပ်၍သပ်၍ ပြောလေ့ရှိသည်။ တစ်ခါတစ်ရံ မြန်မာပုဆိုးကို ခပ်တိုတို ဝတ်တတ်လေသည်။ မြန်မာ့အလေ့၊ မြန်မာ့စရိုက်ကို နားအလည်ဆုံး ဆရာဟု ဆိုနိုင်ပေသည်။

ဒုတိယဆရာသည်ကား ဒိုယိုဗီးယက် ဖြစ်သည်။ အရပ်ခပ်ပုပု ဝဝဖိုင့်ဖိုင့်နှင့် ထာဝစဉ် ပြုံးနေတတ်သည်။ ရပ်ရှင်ပင် ဖြစ်သော်လည်း အမေရိကန် စီးကရက်ကိုမှ သောက်တတ်သည်။ မြန်မာပြည်မှ မိကျောင်းသားနှင့် မြွေသားကို အသည်းစွဲအောင် ကြိုက်နှစ်သက်လေသည်။ ကျောင်းသားများကို နားလည်မှုရှိပြီး သဘောကောင်းလှသည်။

ယခုနောက်ဆုံးဆရာသည်ကား မစ္စတာ အယ်လက်ဇန္ဒြယား ဗစ်ရှ်အူရှားကော့ဟု အမည်တွင်လေ၏။ မြန်မာပြည်ရောက်လာသည်မှာလပိုင်းသာရှိသေးသည်။ ခင်ချိုတို့ကျောင်းပြေးလျှင်သူ့အသင်အပြကို မနှစ်သက်သော ကြောင့်ဟု တွေးပြီး စိတ်မကောင်း ဖြစ်တတ်သည်။ စုစုပေါင်းမှ ဆယ့်ငါးယောက်သာ ရှိသော ခင်ချိုတို့အတန်းကလေးတွင်လည်း လူတစ်ဦးပြေးလျှင် ပြေးမှန်း သိသာလှချေသည်။

'ဒီနေ့ ကျောင်းပြေးတဲ့လူတွေ အများကြီး၊ ဘာဖြစ်လို့ မတက်တာလဲလို့ ချည်း မေးနေတယ်၊ နေမကောင်းဖြစ်တယ်ဆိုရအောင် ကလဲ တပြိုင်နက်တည်း ဖျားတာ များလွန်းတယ်၊ ဘယ်လို ဖြေရမယ်တောင် မသိဘူး'

'ဘယ်နှစ်ယောက်တောင် ပျောက်နေလို့ လဲ'

'ကိုးယောက်၊ ဒီနေ့ ကျောင်းတက်တာ ခြောက်ယောက်တည်း ရှိတယ်'

'ဟိုက်'

မတိုင်ပင်ဘဲနှင့် တိုက်ဆိုင်ကုန်ချေပြီ။ အတန်းထဲတွင် လူတစ်ဝက်ပင် မရှိလေတော့ ဆရာဒေါကန် မည်ဆိုလျှင်လည်း ကန်သင့်လှချေသည်။

'ညနေပိုင်းတော့ လာလို့ မဖြစ်ဘူးထင်တယ်'

'ပြစရာ ပုံလဲ မရှိသေးဘူး'

'ကဲ စားမှာ စားပါဦး'

ရှုံ့မဲ့မဲ့ ဖြစ်နေသော ခင်ချိုတို့နှစ်ဦးဘက်သို့ ယုယုဆွေသည် ဒံပေါက်ပန်းကန်များ ထိုးပေးသည်။ မဆလာနံ့က သင်းပျံ့ပြီး ဝေ့ဝဲလာသော အခါမှ တကြုတ်ကြုတ်မြည်နေသော ဗိုက်ကို သတိရမိသည်။ စက်မှုကစားသောက်ဆိုင်များသည် နာမည်ကြီးလေသည်။ တရုတ်စာ၊ ကုလားစာ၊ မြန်မာထမင်းဟင်း အလုံးစုံ အဆင့်အတန်းမီမီနှင့် ကောင်းမွန်သည်။ ယုဆွေသည် စား၍ ကုန်လုနီးနေပြီ ဖြစ်သော်လည်း ခင်ချိုတို့ကို စောင့်ပြီး ဖြည်းဖြည်းစားနေသည်။

'ဟောတော့ ဦးရွှေကော့'

ထွေးထွေးသည် သရက်သီးသနပ် ပန်းကန်ကို လှမ်း၍ ခပ်ယူရင်း လက်ကြီးတန်းလန်းနှင့် ရပ်သွားသည်။ ပါးစပ်ကလေးဟလျက် နဖူးပြင်တွင် ချက်ချင်းပင် ချွေးများ စို့လာလေသည်။

'ဟယ်'

သူကြည့်ရာ တစ်ဖက်ဆိုင်ကို လှမ်းကြည့်ရင်း ခင်ချိုသည် လက်ထဲမှ ဇွန်းကို ယောင်ယောင်မှားမှား ပစ်ချလိုက်မိသည်။

တစ်ဖက်ဆိုင်ရှေ့တွင် ခင်ချိုတို့အခေါ် ဦးရွှေကော့အမည်ခံ ဆရာကြီး မစ္စတာအူရှားကော့သည် မားမားကြီး ရပ်နေသည်။ ဆိုင်ထဲမှ လူများကို တစ်ဦးစီ အသေအချာ လိုက်ကြည့်နေလေသည်။ မြန်မာပြည်ရောက်စမို့ မြန်မာတို့၏ ရုပ်ကို ကွဲကွဲပြားပြား မမှတ်မိသေးချေ။ ဝတ်စားပြင်ဆင်ပုံများ ရောထွေးနေသဖြင့် သူ့တပည့်ကျော် ကျောင်းသားများ ဟုတ်မဟုတ် တစ်ဦးစီ လျှောက်ကြည့်နေခြင်း ဖြစ်သည်။

'ဘာ ဘာ ဘာ လုပ်ကြမလဲ'

ထွေးထွေးက ထစ်ထစ် ငေါ့ငေါ့ မေးလေသည်။ ထမင်းစားချိန်မို့ စားသောက်ဆိုင်ထဲတွင်လည်း လူအပြည့် ဖြစ်သည်။ ကြောင်လက်တွင် မိသော ကြွက်ကလေးများ သဖွယ် ကျောင်းပြေးဖမ်းသော ဆရာကြီးလက်ထဲတွင် လူရှေ့သူရှေ့၌ အမိခံရတော့မည် ထင်သည်။ ဂူးဂူးဝါးဝါး ဆူပူပြီး ကျောင်းခန်းတွင်းသို့ ဆွဲခေါ်ခြင်းကို ခံရပေတော့မည်။ မျက်နှာလေးများ အောက်ချပြီး ကုပ်ချောင်းချောင်းလိုက်သွားရမည် ထင်သည်။

'ဟယ် ဟယ် ဟယ် လာပြီ'

တစ်ဖက်ဆိုင်မှ ခင်ချိုတို့စားနေသော ဆိုင်ဘက်သို့လာသော အခါတွင်ကား ဘာကိုမျှ မစဉ်းစားနိုင်တော့ချေ။ စားလက်စ ဒံပေါက်ပွဲများကို ပစ်ပြီး ဆိုင်နောက်ဖက် ငွေသိမ်းစားပွဲဆီသို့ ဦးတည်ပြေးမိကြသည်။

'ဟေ့ နေဦး နေဦးလေ'

ဒံပေါက်သုံးပွဲနှင့် တစ်ဦးတည်း ခန့်ခန့်ကြီး ထိုင်ကျန်ရစ်သော ယုဆွေသည်လည်း ခင်ချို့လက် ကို လှမ်းပြီး ဆွဲကား တဟုန်ထိုး လိုက်လေသည်။ အချိန်မီရုံကလေးပင် ဖြစ်သည်။ သုံးဦးသား ငွေသိမ်းစားပွဲ နောက်ရောက်ပြီး ငုတ်တုတ်ထိုင်ချပြီးသည်နှင့် ဆရာကြီးဦးရွှေကော့လည်း ဆိုင်ရှေ့ရောက်လာချေတော့သည်။ တစ်ဦးစီကို အသေအချာ လိုက်ကြည့်လေတော့သည်။ ခင်ချိုတို့နောက်ဘက်တွင် ထမင်းချက်သော လေမီးဖိုကြီးက တရှဲရှဲနှင့် မြည်ဟည်းရင်း တောက်လောင်နေသည်။ မီးဖိုနှင့် ကပ်နေသော်လည်း ထွေးထွေး၏လက်များသည် အေးစက်နေလေသည်။

မားမားကြီးရပ်နေသော ဆရာကြီးအား အပေါက်ကြားမှ ချောင်းကြည့်ရင်း ရင်ထဲတွင် တဆတ်ဆတ် ခုန်နေသည်။ ဣန္ဒြေမပျက် ဒံပေါက်စားရင်းအမိခံရသည်ကမှတော်ဦးမည်။ စားပွဲနောက်ဘက်တွင် မျက်လုံးကလယ်ကလယ်နှင့် ငုတ်တုတ်ကလေးတွေ ထိုင်နေသည်ကို မိသွားပါမှ မဟာအရှက်တော် လှလှကြီး ကွဲချေတော့မည်။ ပို၍ပင် ရှက်စရာ ကောင်းချေဦးမည်။

'ဘုရား–ဘုရား–ဘုရား–ကယ်ပါ'

ယုဆွေသည် တိုးတိုးလေး ရွတ်နေသည်။ ကျောင်းတက်ပါလျက်နှင့် ခင်ချိုတို့နှင့် အပေါင်းကောင်း သောကြောင့် အခြောက်တိုက် ဝရမ်းပြေးဖြစ်ရရှာသည်။ ဆိုင်တွင်းမှ ကျောင်းသားများသည် အူယားဖားယား ထပြေးသော ခင်ချိုတို့သုံးဦးနှင့် ဆိုင်ရှေ့တွင် ရပ်နေသော ဆရာကြီးတို့အဖြစ်ကို ရယ်ချင်ကြဟန် ရှိသည်။ လူပြောင်လူနောက် တစ်ဦးဦးသာ ပါ၍ စားပွဲနောက်သို့လက်ညှိုးညွှန်ပြလိုက်ပါက တရားခံပြေးများကို ငုတ်တုတ်

ကလေးတွေတွေ့ရတော့မည် ဖြစ်သည်။ သို့သော် မောင်မင်းကြီးသားများ တော်ရှာကြပါပေသည်။ ဣန္ဒြေမပျက် ဆက်စားနေကြသည်။ တစ်ဦးမှ ဖော်ကောင်မလုပ်။

'သွားပြီ သွားပြီ'

ချောင်းကြည့်နေသော ထွေးထွေးသည် မောဟိုက်သံလေးနှင့် ပြောသည်။ သက်ပြင်းကို ဟင်းခနဲ ချရင်း စားပွဲစွန်းလေးကို မှီထားလိုက်သည်။ တအံ့တသြကြည့်ရင်း ပြုံးနေသော ဆိုင်ရှင်ကုလားကြီးအား ယောင်ချာချာ သွားဖြည်းပြနေသော ထွေးထွေး၏ ရုပ်ကလေးသည် ရယ်စရာကောင်းလှချေသည်။ဆရာကြီး အတော်လွန်သွား သောအခါမှ ခင်ချိုတို့သုံးဦးသား ခေါင်းထောင်ရဲတော့သည်။ စားပွဲနောက်ကွယ်မှ ကုတ်ချောင်းချောင်း ထွက်လာ သော ခင်ချိုတို့အား ကြည့်ကာ တစ်ဆိုင်လုံး ပြုံးနေကြသည်။ ရှက်သောအရှက်သည် ငယ်ထိပ်သို့တက်ကပ်နေ သယောင် ခံစားရသည်။ တစ်မျက်နှာလုံး ထူပူနေသည်။

'ကျောင်းပြေးချင်ဦး မှတ်ပလား'

ဒံပေါက်များကိုပင် ဆက်မစားနိုင်ကြတော့ချေ။ ဆိုင်ထဲမှ ယောင်ပေပေ ထွက်လာကြပြီးသောအခါ ယုဆွေက ဆူလေသည်။

ခင်ချိုတို့လည်း ဆူသံကို မနာခံအား။ အဆောင်သို့အမြန်ဆုံး ပြန်ပြေးခဲ့ကြသည်။ အဆောင်တွင်း၌ အခန်းအောင်းနေသည်ပင်လျှင် ဘေးကင်းပေမည်။ ပြဿဒါးမလွတ်သောနေ့မို့ညနေပိုင်းလည်း ကျောင်းမတက်ရဲ ကြတော့ချေ။

ခင်ချိုတို့သာမက ဝေဝေနှင့် မော်မော်ကိုလည်း ပြဿဒါး နှိပ်စက်ခဲ့လေသည်။ ထိုနေ့ထိုရက်တွင် ကိုရင်မောင်၊ မညိုထွေးတို့ပြဿနာအတွက် သူတို့တတွေ ဦးနှောက်ခြောက်ခဲ့ကြရလေသည်။

* * *

(၇)

'မပြောချင်တော့ဘူးကွယ် မပြောချင်တော့ဘူး'

ဝေဝေသည် လက်ထဲမှ စာအုပ်များကို စားပွဲပေါ် ဘုန်းခနဲ ပစ်ချလိုက်သည်။ မျက်နှာလေးက ရှုံ့မဲ့နေသော် လည်း မျက်လုံးလေးများသည် အရောင်တောက်ပပြီး ဟက်ဟက်ပက်ပက် ရယ်မောနေကြဟန် ရှိသည်။ မော်မော်ကမူ ပြုံးမလို၊ ရယ်မလိုနှင့် ရေတစ်ခွက် ပြည့်ပြည့်ခပ်ပြီး တရှိန်းထိုးသောက်လေသည်။ ထို့နောက် 'အဟဲ မော်မော်တို့တော့ ရှုံးမလား နိုင်မလားမသိ' ဟု ပြောသည်။

'မညိုထွေး တကယ်လျင်တယ်၊ ကံကလည်း သူ့ဘက်လိုက်နေလား မသိဘူး'

မပြောချင်ပါဘူးဟု အော်နေသော ဝေဝေသည်ခင်ချိုမေးဘဲနှင့် အစအမှအဆုံးဇာတ်ကြောင်းပြန်လေသည်။

'နေ့ခင်းက ဝေဝေတို့တွေ နွေးအေးမှာ နို့အေးသွားသောက်တယ်'

နွေးအေးသည် အပူရော အအေးပါရသော စက်မှုစားသောက်ဆိုင် ဖြစ်သည်။ လက်ဖက်သုတ်၊ ဂျင်းသုတ်၊ အာလူးသုတ်ပါ အစုံရသော နွေးအေးတွင် လူမပြတ်လှချေ။

'ကျောင်းသားတွေ ပြောပြီး ရယ်နေကြတယ်၊ ခင်ချိုတို့တွေ နေ့ခင်းက ကဲင်တင်းမျာ ဘရုတ်လုပ်သွားကြတယ်ဆို'

ခင်ချိုသည် မသက်မသာနှင့် ခေါင်းငြိမ့်ပြရသည်။ သူတို့အကြောင်းကလည်း အမှန်ပင် ရယ်စရာမို့ရယ်ပွဲဖွဲ့နေသော သူများအားလည်း အပြစ်မတင်နိုင်ရှာချေ။

'ဝေဝေတို့လဲ အကုန်ကြားနေရတာပေါ့၊ ခင်ချိုတို့ဖြစ်ပုံကလဲ ရယ်စရာကြီး၊ ဒီနေ့တော့ ခင်ချိုတို့ တင်ဘရုတ်ဖြစ်တာမဟုတ်ဘူး၊ ကိုရင်မောင်ကလဲ အူတူတူ လုပ်သွားသေးတယ်'

'ပြောပါဦး'

ဝေဝေသည် စကားဆက်မပြောနိုင်သေးဘဲ သူ့ဟာသူ ရယ်နေသည်။ ခုတင်ပေါ်တွင် ပက်လက်လှဲအိပ်နေသော မော်မော်သည်လည်း ဝေဝေ့ကို ကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်လေသည်။

'ကိုရင်မောင်နဲ့ဗစ်တာနဲ့ပေါ့၊ ဘာဖြစ်လာတယ် မသိဘူး၊ ကိုရင်မောင်က မျက်မှန်အထူကြီး တပ်ပြီး ဆိုင်ထဲကို စောင်းငန်း စောင်းငန်း နဲ့ဝင်လာတယ်'

'ကိုရင်မောင်က မျက်မှန်တပ်လို့လား'

'မတပ်ဘူးလေ၊ အရင်က သူ့မျက်ခွက်မှာ မျက်မှန်မှ မရှိတာ၊ အခုတော့ ဘာစိတ်ကူးပေါက်ပြီး တပ်လာတယ် မသိဘူး၊ အောင်သိပ္ပံဆိုင်မှာ သူတို့အုပ်စုက ထိုင်ကြည့်ရင်း ရယ်နေကြတယ်၊ ဇစ်တာက မျက်မှန်မပါဘူး၊ ကိုရင်မောင့်လက်ကို နောက်ဘက်က တင်းတင်းဆုပ်လို့ ပေကလပ် ပေကလပ်နဲ့လေ'

ဇစ်တာသည် ခင်ချိုတို့စက်မှုတက္ကသိုလ်တွင် မျက်မှန်ပါဝါအများဆုံး တပ်ရသူ ဖြစ်မည် ထင်သည်။ မျက်မှန်ချွတ်ထားလျှင် အနားက လူကိုပင် လူလုံးမကွဲတော့ချေ။ ဇစ်တာ၏မျက်မှန်ကို ကိုရင်မောင်က ထပ်ပြီး တမော့မော့နှင့် ဆိုင်ကူးလာခြင်း ဖြစ်သည်။

'ဆိုင်ရောက်တော့ အောက်ဖက်မှာ ခွေနက်ကျား အိပ်နေတာကို သူတို့နှစ်ယောက်စလုံး မမြင်ဘူး၊ ဇစ်တာက ခွေးကို တည့်တည့်ကြီး တက်နင်းပါလေရော'

ဇစ်တာက ခွေးကို တက်နင်းသောအခါ အေးအေးလူလူ ဖိမ်ယူရင်း မှိန်းနေသော ခွေးနက်ကျားသည် တကိန်ကိန်နှင့် စူးစူးဝါးဝါး ထအော်လေတော့သည်။ သူတို့၏ ခြေထောက်အောက်မှ ခွေးအော်သံ တကိန်ကိန် ထွက်လာသောအခါ နှစ်ယောက်စလုံး မြောက်ခနဲ နေအောင် ထခုန်ကြတော့သည်။ ခွေးသည် ကြောက်အားလန့်အားနှင့် တိုးထွက်လေသည်။ ခွေးသွားရာလမ်းတွင်လည်း သူတို့နှစ်ဦး၏ ခြေလေးချောင်းသည် မြောက်ကြွမြောက်ကြွနှင့် ရှုပ်ရှက်ခတ်နေသည်။ ခွေးတစ်ကောင်နှင့် လူနှစ်ယောက် ထုတ်ဆီးထိုးတမ်း ကစားနေကြဟန်နှင့် တူနေလေသည်။ တဝါးဝါးရယ်နေကြသော ရယ်သံများကြောင့် ခွေးသည် ကြောက်လန့်တကြား အတင်းတိုးရင်း ကိုရင်မောင်၏ ခြေကျင်းဝတ်ကို ဟပ်မိသွားလေသည်။

'ခွေးကိုက်ပါတယ်ဆိုမှ ကိုရင်မောင်က တစ်တောင်လောက်မြင့်အောင် ဝုန်းခနဲ ထခုန်သေးတယ်၊ နောက်ပြီးတော့မှ သူ့ခြေထောက်ကို ပြူးတူးပြဲတဲနဲ့ ကုန်းကြည့်နေတယ်'

ခြေကျင်းဝတ်တွင် သွေးများ စီးကျနေသော်လည်း ပါဝါများလှသော မျက်မှန်ကြီးကြောင့် အသေအချာ မြင်ပုံမရချေ။ ခေါင်းကို ဆတ်ခနဲ ပြန်မော့ကာ မျက်မှန်ကို ဖြုတ်ပြီး ဇစ်တာဆီသို့ လှမ်းပေးလေသည်။ မျက်မှန်ချွတ်လိုက်သော ကိုရင်မောင်နှင့် မျက်နှာပြန်တပ်လိုက်ကြသော ဇစ်တာတို့သည် တစ်ဦးကို တစ်ဦး ခပ်ကြောင်ကြောင် ကြည့်နေကြသည်။ နှစ်ဦးစလုံး မျက်မှန်ထူစနက်ကြောင့် တစ်အောင့်လောက်ကြာသောအခါမှ ဇစ်တာသည် အလန့်တကြား ထအော်လေသည်။

'ဟော့ကောင် ရင်မောင် မင်းခြေထောက်မှာ သွေးတွေ'

'အေးကွ'

ကိုရင်မောင်သည် အမူးမပြေသေးဟန်နှင့် မျက်စိကို ပွတ်ရင်း ခပ်အေးအေး ပြောလေသည်။ ဆိုင်ထဲမှ ကျောင်းသားများသည် ထိုအခါကျမှ ခြေထောက်မှ သွေးကို သတိထားမိကြဟန်တူသည်။ တစ်ယောက်တစ်ပေါက် ပြောရင်း ဝိုင်းလာကြသည်။ ဝေဝေနှင့် အတူထိုင်နေသော ညိုထွေးသည် သူ့စာအုပ်ကြားထဲတွင် ညှပ်ထားသော လက်ကိုင်ပဝါအဖြူလေးကို ထုတ်ယူလိုက်သည်။ သွေးများကို လက်ဖြင့် သပ်ချလိုက်မည် ဟန်ပြင်သော ကိုရင်မောင်ထံသို့ ကမ်းပေးလိုက်သည်။

'ရော့ ဒါနဲ့ပတ်ထား၊ အဆောင်ကိုပြန်၊ ကာဘော်လစ်ဆပ်ပြာနဲ့အနာကို ဆေးလိုက်၊ ပြီးရင် ဆရာဝန်ကို သွားပြဦး၊ ခွေးက ရူးနေရင် အခက်'

ညိုထွေး၏အသံက တိုးတိုးလေးပင် ဖြစ်သည်။ တစ်ယောက်တစ်ပေါက် ဆူနေကြသူများအထဲတွင် သူ့အသံအေးအေးလေးက ပြတ်ပြတ်သားသား ထွက်လာသဖြင့်ကိုရင်မောင်သည် ညိုထွေး၏လက်ကိုင်ပဝါ အဖြူလေးကို နမြောသလို ကြည့်နေသည်။ ချိုအေးသော်လည်း တည်ငြိမ်နေသည့် ညိုထွေး၏ မျက်နှာကို တစ်ချက်မော့ကြည့်ပြီး ညိုထွေး ပြောသလို အနာကို ခပ်ဖွဖွ စည်းလိုက်သည်။

'ကံကိုက သူ့ဘက် ဖေးနေတာကိုး၊ ကိုရင်မောင်ကို ကြည့်တာ ညိုထွေးကို အတော်ကျေးဇူး တင်သွားပုံ ရတယ်'

'ငါတို့ကိုက ညံ့တာ၊ ငါတို့လဲ လက်ကိုင်ပဝါပေးနိုင်သားပဲ၊ သတိတောင် မရဘူး'

မော်မော်သည် ပြောရင်းရယ်နေသည်။ ချစ်မြားရှင် ညိုထွေးသည် အခွင့်သာခိုက်တွင်လေးညို့ကို တစ်ချက်တီးခတ်လိုက်ပြန်ပြီ ထင်သည်။ ညိုထွေးတီးသော လေးညို့သံကလေးများသည် ညင်သာလွန်းသဖြင့် ဘေးလူများပင် လုံးဝရိပ်မိနိုင်ဟန် မတူချေ။

'သဲတစ်မှုန့် နှစ်မှုန့် သုံးခဲ့ပြန်ပြီထင်ပါရဲ့၊ ဟုတ်လား ညိုထွေး'

ပြုံးပြုံးလေး ခင်ချိုက မေးသောအခါ ညိုထွေးသည် ခေါင်းခါပြလေသည်။ ပြုံးရွှင်နေသော ညိုထွေး၏ မျက်နှာသွယ်သွယ်လေးမှာ အပြစ်ကင်းလှသည်။

'ဒီတစ်ခါ တကယ်စေတနာနဲ့ ပေးလိုက်တာပါ ခင်ချိုရယ်၊ ညိုထွေးထွင်တာ မဟုတ်ပါဘူး'

ညိုထွေး တကယ်ပြောခြင်း ဖြစ်ဟန်တူသည်။ မာနရောင် သန်းနေတတ်သော မျက်လုံးညိုကလေး များတွင် ကရုဏာရောင် လဲ့လဲ့ကို ခင်ချို ရှာတွေ့သယောင် ထင်မိသည်။

* * *

(၈)

'ခင်ချိုရေ ထ ထ'

ဝေဝေသည် ခင်ချို့ကို သာသာလေး လှုပ်နှိုးသည်။ တနင်္ဂနွေနေ့မို့ စိတ်ရှိလက်ရှိ အိပ်လိုက်မည်ဟု စိတ်ကူးထားသော ခင်ချိုသည် မကြေမနပ်ဖြင့် လူးလွန့်ရင်း မျက်လုံး ဖွင့်လိုက်ရသည်။

'နှင်းတွေမှ အများကြီးပဲ၊ အုပ်ဆိုင်းနေတာပဲ၊ ထကြည့်စမ်းပါ'

အိပ်ယာမှ မထသေးဘဲ အပြင်ဘက်သို့ မျှော်ကြည့်လိုက်သည်။ နှင်းမြူများသည် မိုးပေါက်ကလေးများ သဖွယ် တဖွဲဖွဲ ကျနေသည်။ ခင်ချိုသည် ထိုအခါမှ အိပ်ယာမှ လူးလဲထပြီး အခန်းအပြင်ဘက် ထွက်လာမိသည်။

နံနက်ခြောက်နာရီခန့်ရှိပြီဖြစ်သော်လည်း နေဝန်းသည် လုံးဝ မထွက်ပြူနိုင်သေးချေ။ နှင်းဖြူဖြူ များက အုပ်ဆိုင်းထားသည်။ အဆောင်အရှေ့ဘက် ဘောလုံးကွင်းထဲကိုပင် အသေအချာ မမြင်ရ။ 'အေ' အဆောင်ကိုမှ ရေးရေးလေး မြင်ရလေသည်။ ထမင်းစားဆောင်နှင့် ကျောင်း ဆေးရုံကိုလည်း မတွေ့ရချေ။ အရပ်ရှစ်မျက်နှာ အကုန်လုံး နှင်းများနှင့် မှုန်မှိုင်းနေသည်။

'ဟယ် ကောင်းလိုက်တာ၊ သိပ်ကောင်းတာပဲ'

ညိုထွေးသည် သူ့အခန်းဝတွင် ရပ်ရင်း အော်နေသည်။ ကြို့ကုန်း၊ အင်းစိန်ဘက်တွင်လူနေအိမ်များက မြို့ ထဲလို မထူထပ်ဘဲ ကျဲပါးလေသည်။ အောက်ခံသိပ်သည်းမှုနည်းသဖြင့် နှင်းမြူများသည် သိပ်သိပ် သည်းသည်း ကျလေ့ရှိသည်။

'တောစပယ်တွေ သွားခူးမယ်'

ညိုထွေး၊ ဝေဝေနှင့် ခင်ချိုတို့သုံးဦးသား မျက်နှာကို ကမန်းကတန်းသစ်ကာ အပြေးထွက်လာမိကြသည်။ ချမ်းချမ်းစီးစီး နှင်းတောထဲ တိုးပြီး မွှေးပျံ့ပျံ့စပယ်ပန်းများကို ခူးယူရသည်မှာ ပျော်စရာ ကောင်းလှသည်။

'ဟေး ဒို့လဲ လိုက်မယ်'

ခင်ချိုတို့ကို မြင်သောအခါ မမခင်သည် ကျက်လက်စ စာအုပ်ကို ပစ်ချပြီး အပြေးအလွှား လိုက်လာသည်။ ဂျီဟောနောက်ဘက်တွင် ကုန်းမြင့်ကလေးနှင့် လျှိုများ ရှိသည်။ ထိုကုန်းမြင့်တွင် တောစပယ်ပင်များ နွယ်ယှက်ပေါက်နေကြသည့် မှိုင်းဝေသော နှင်းမှုံများနှင့်အတူ စပယ်ပွင့် ဖြူဖြူများသည် ဖွေးနေအောင် ပွင့်တတ်လေသည်။ အတန်ငယ် လူပြတ်သဖြင့် ခင်ချိုတို့ နံနက်စောစောတွင် တစ်ဦးစ၊ နှစ်ဦးစ မသွားရဲကြပေ။ လူအုပ်ကောင်းလျှင် အဖွဲ့လိုက် ပန်းခူးထွက်ကြသည်။

'ဟယ် အများကြီး အများကြီးပဲ၊ ဖွေးနေတာပဲ'

ဝေဝေသည် ဖြူဖွေးနုးညံ့သော စပယ်ပွင့်များကို လောဘတကြီး ခူးရင်း အော်နေသည်။ တောင်ကုန်း ကလေးက သိပ်မကြီးသော်လည်း စပယ်ပင်များသည် ဟိုနားတစ်စု၊ သည်နားတစ်စု နှင့် အတော်များသည်။ စပယ်ပင်ချည်းပင် ဖြစ်သော်လည်း အမျိုးအစားက မတူချေ။ တချို့စပယ် များသည် ပွင့်ဖတ်ချွန်ချွန်လေးများ ဖြစ်သည်။ အချို့သည်ကား သေးသေး နုပ်နုပ်လေးများ ဖြစ်သည်။ အချို့သည် ပွင့်ဖတ်ဝိုင်းနှင့် နှစ်ထပ်စပယ်များ ဖြစ်လေသည်။ စပယ်တောင်ကုန်း ရောက်သည်နှင့် ဟိုခြုံပြေး၊ သည်ခြုံပြေး ခူးမနိုင်အောင် ဖြစ်တော့သည်။

'ဟဲ့ ခင်ချို ခြုံထဲ သိပ်မတိုးနဲ့၊ မြွေပါး ကင်းပါးလဲ သတိထားဦး၊ ဝေဝေကရော ကမ်းပါးရံကိုတွယ်မနေနဲ့ ဦး၊ မျက်စိရှေ့က ပန်းတွေပဲ ကုန်အောင် ခူးပါဦး၊ ညိုထွေး လျှိုထဲ မဆင်းနဲ့'

မမခင်သည် သူ့ဝါသနာအတိုင်း ဟိုအော်သည်အော်နှင့် ပန်းများကို မဲခူးနေသည်။ နှင်းများပို၍ သိပ်သည်း လာသည်။ နှင်းစက်နှင်းမှုံများသည် စိုရွှဲနေသော စပယ်ပင်များ ကြားထဲတွင် တိုးဝှေ့ နေသည့် ခင်ချိုတို့သည် လည်း အင်္ကျီလုံချည်များ စိုကုန်တော့သည်။ နှင်းမှုံများတင်ကာ လန်းစွင့်နေသည့် ပန်းဖြူလေးများသည် မွှေးကြိုင် သင်းပျံ့လှသည်။ ပန်းအဖူးများသော အခိုင်လေးများဆိုလျှင် ခင်ချိုတို့အားလုံး မခူးရက်ကြချေ။ လက်ကျန် အဖူး နည်းပြီး အပွင့်များလေလျှင် အခိုင်လိုက် ခူးသည်။ အဖူးများသော အခိုင်ဆိုလျှင် အပွင့်လိုက် ရွေးခူးသည်။ ဝေဝေသည် ပန်းခူးရင်း တစ်ဖက်ကလည်း ခွေခေါက်ထားသော ဆံပင်တွင် ပန်းခိုင်များ ထိုးစိုက်ပန်ဆင်နေသည်။ တောင်တစ်ခက် မြောက်တစ်ခက် ဖြစ်သလို ဝေနေအောင် ပန်ဆင်ထားသည်။

'ဟေး တော်ရောပေါ့၊ ဒီလောက်အများကြီးရနေမှ၊ တစ်ဆောင်လုံးတောင် ဝေလို့ရတယ် တော်ရောပေါ့'

မမခင်က လောဆော်သောအခါမှ ခင်ချိုတို့အားလုံး စပယ်ကုန်းမှ မခွာချင် ခွာချင် ခွာလာခဲ့ကြရသည်။ လက်ထဲတွင် စပယ်ပန်းများ တပွေ့တပိုက်ရထားသော်လည်း အပင်တွင် ကျန်နေသေးသည့် ပန်းလေးများကို သံယောဇဉ် အမြင်မပြတ်နိုင်ဘဲ လက်လှမ်းမီသမျှ ခူးချင်နေသေးသည်။

'နှင်းတွေ ပိုတောင် များလာသေးတယ်၊ ကျောင်းဘက်က စွယ်တော်တွေပါ သွားခူးကြရအောင်'

ရေမြောင်းလေးကို ခုန်ကျော်ရင်း ညိုထွေးက ပြောလေသည်။ ညိုထွေး တစ်ခေါင်းလုံး ပန်းတွေ ဝေနေ သည်။ မျက်တောင်ကော့တွင် နှင်းစက်လေးများ တွဲရွဲခိုနေလေသည်။ အင်္ကျီဖြူဖြူလေးသည်ကားပေတူးနေသည်။ ထိုအခါမှ ခင်ချိုလည်း ကိုယ့်ကိုယ်ကို ကြည့်မိသည်။ ဖုံများပေနေသော သစ်ရွက်ပေါ်တွင် နှင်းစက်များကျပြီး စိုနေစဉ် ခြုံတိုးခဲ့ကြသဖြင့် ခင်ချိုတို့ တစ်ကိုယ်လုံး ဖုံနှင့်ရေ ရောသုတ်ထားသလို ပေတူးတူး ဖြစ်နေကြလေသည်။

'အေး စွယ်တော်တွေပါ သွားခူးရအောင်'

မမခင်က ထောက်ခံသည့်အတွက် ခင်ချိုတို့တစ်ဖွဲ့လုံး အဆောင်ကို မပြန်ဖြစ်သေးဘဲ ကျောင်းအနောက် ဘက်မှ ပတ်ပြီး လျှောက်လာမိကြသည်။ ခင်ချိုတို့ကျောင်းသည် ကုံကော်တောဟု မတင်စားနိုင်သော်လည်း စွယ်တော်ရိပ်ညိုဟု ဆိုပါက ဆိုနိုင်သည်။ ခင်ချိုတို့ ပထမနှစ်က နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်သော စွယ်တော် ရွက်လေး များကို ခူးပြီး၊ စာအုပ်ကြားတွင် ညှပ်ရင်း ရူးခဲ့ကြသေးသည်။ ခရမ်းရင့်ရောင်၊ ပန်းရင့်ရောင် စွယ်တော် ပန်း လေးများကို အတန်း အကူးအပြောင်း သွားရင်း လာရင်း ခူးပြီ ပန်တတ်ကြသည်။

'ဟ ဘာလုပ်တာလဲ၊ မိဝေဝေနော် ပြန်ပေး ပြန်ပေး'

ရူပဗေဒဌာနနားသို့အရောက်တွင် အလစ်ချောင်းနေသော ဝေဝေသည် မမခင်၏လက်ထဲမှ ပန်းများကို ဆတ်ခနဲ ဆွဲလုရင်း ထွက်ပြေးလေတော့သည်။

'ငါ့ပန်းတွေ ပြန်ပေး မိဝေဝေ အစုတ်ပလုတ်မလေး'

သူ တပင်တပန်း ရှူးလာသမျှ အကုန်ပါသွားသဖြင့် မမခင်သည် ဆွေ့ဆွေ့ခုန်နေသည်။ အစသန်သလို အပြေးသန်သော ဝေဝေသည် နှင်းတောထဲသို့ တဟုန်ထိုး ပြေးသည်။ ပါးစပ်မှလည်း 'အပျိုကြီးတွေ ဟိုဟာမရလို့ လမ်းပေါ် မတ်တပ်ခုန် စပယ်ပန်းတွေလဲ ကုန် ဂျီဟောဆောင်ကြီးတုန် ဇေထုံ ဇေထုံ' ဟု ရယ်မောရင်း ပေါက်ကရ အော်သွားသည်။ မမခင်သည်လည်း လုံချည်တိုတို ပြင်ဝတ်ရင်း အော်ကာ ဟစ်ကာနှင့် ပြေးလိုက်လေတော့သည်။ ကျောင်းပိတ်ရက် နံနက် စောစော နှင်းများ ထူထပ်ချိန်မို့ သူတို့အသံမှအပ တစ်ကျောင်းလုံး တိတ်ဆိတ်နေသည်။ လူရိပ်သူရိပ်လည်း မမြင်ရ၊ လူသံသူလံလည်း မကြားရ။

'အောင်မလေးတော့ ဘုရားကယ်ပါ'

ဘာမျှ မကြာလိုက်၊ မိနစ်ဝက်ပင် ရှိမည် မထင်၊ မမခင်၏ အော်သံနှင့်အတူ လဲပြိုသံကို ကြားရတော့သည်။ နောက်ဘက်မှ ပြေးလိုက်လာသော ညိုထွေးနှင့် ခင်ချိုတို့သည် ဘောင်းဘီတိုလေးဝတ်ကာ လေးဖက် ထောက်လျက်သား ဖြစ်နေသော ဒသဂီရိတို့ကို တွေ့ သောအခါ မရယ်ဘဲ မနေနိုင်တော့ချေ။ မနက်စောစော ထပြီး အပြေးကျင့်သောဒသဂီရိသည်ကမူးရှူးထိုးပြေးလိုက်သောမမခင်နှင့်ရှောင်သာတိမ်းသာသော လမ်းကျယ်တွင် မရှောင်နိုင် မတိမ်းနိုင် တည့်တည့်ကြီး တိုးမိကြဟန် တူသည်။

'ဩော် ဒသဂီရိ'

'ခင်ဗျာ'

မမခင်သည် သူ့ရှေ့တွင် လေးဖက်ထောင်နေသူအား ကြည့်ကာ ပဋိသန္ဌာရစကားဆိုလေသည်။ သူ့ကို ဒသဂီရိဟု ဘွဲ့ထူးနာမ်ထူးပေးထားသည်ကို မသိရှာသော တစ်ဖက်သားခမျာမှာတော့ နားလည်နိုင်ဟန် မတူချေ။

'ဘာဖြစ်ကြတာလဲ'

ဝေဝေသည် ရူပဗေဒဌာနအောက်ဘက် လှေကားမှ ပြုံးကျဲကျဲနှင့် ထွက်လာသည်။ လှေကားအောက်တွင် ဝင်ပုန်းနေပြီး ဆူဆူညံညံ ကြားမှ မနေနိုင်ဘဲ ထွက်လာဟန် ရှိသည်။ ဝေဝေ့ကို မြင်သောအခါမှ ဒသဂီရိသည် သတိဝင်လာသလို ကမန်းကတန်း မတ်တပ်ရပ်လိုက်လေသည်။

'အဟဲ ဒီအသံတွေ မြင်ဖူးပါတယ်လို့တော့ အထင်သား'

ဒသဂီရိသည် ပွန်းသွားသော ဒူးကို ပွတ်ရင်း အယောင်ယောင် အမှားမှား ပြောသည်။ ဘေးတွင် အစောင့်အရှောက် သုံးယောက်တောင်ပါလေတော့ ဝေဝေသည် အတော်သတ္တိကောင်းလေသည်။

'ဝေဝေကလဲ ရှေ့ကပြေးလာတဲ့သူ ကြားဖူးပါတယ်လို့ထင်နေတာ'

ဝေဝေသည် ရယ်သံလေးနှင့် ပြောသောအခါမှ ဒသဂီရိသည် သူ စကားပြောမှားသွားခြင်းကို ရိပ်မိဟန် ရှိသည်။ မျက်နှာတစ်ခုလုံး ရဲခနဲ ဖြစ်သွားလေသည်။

'သွားဦးမယ်' ဟု နှုတ်ဆက်ရင်း တချိုးတည်း လစ်လေတော့သည်။

'မှတ်ပလားဟ ဒသဂီရိ'

ဝေဝေသည် ရယ်သံလေးနှင့် ကြိမ်းလေသည်။ခင်ချိုကမူဒီတစ်ခါတွင်ဒသဂီရိဘက်မှလိုက်၍ ပြောဖြစ်သည်။

'ဩော် ဝေဝေရယ် ဒသဂီရိလဲ အသည်းနှလုံးတော့ ရှိပါတယ် လူကို မခင်ပေမယ့် နှလုံးသားကိုတော့ အသိအမှတ်ပြုသင့်ပါတယ်'

'မပြုနဲ့ ဝေဝေ မသနားနဲ့ မကြင်နာနဲ့ ၊ သနားတတ်တဲ့ မိန်းကလေးဟာ အချစ်ပွဲမှာ စစ်ခင်းကြစတမ်းဆိုရင် တပန်းရှုံးပြီသာ မှတ်ပေတော့'

ညိုထွေးသည် မမခင် ခေါင်းမှ ပြုတ်ကျသွားသော ပန်းကလေးများကို ကူကောက်ပေးရင်း ပြောသည်။ ညိုထွေး၏မျက်နှာတစ်ဖက်သို့ လှည့်နေသဖြင့် မာနရောင် ဝင်းနေသလော၊ ကရုဏာရိပ်သမ်းနေသလော၊ မခံချင်စိတ်နှင့် ထယ်နေသလော၊ ခင်ချို အသေအချာ မသိချေ။ ညိုထွေးသည် သူစားမည့် မုန့်တွင် ပုရွက်ဆိတ်များ တက်နေလျှင်ပင် တစ်ကောင်ချင်း ဖြည်းဖြည်းသက်သာ ဖယ်လေ့ရှိသည်။ ခပ်ကြမ်းကြမ်း ဖယ်ထုတ်လိုက်ပါက သေကြေကုန်မည်စိုးသောကြောင့် ဖြစ်၏။ ပုရွက်ဆိတ်ကိုပင် အသားလွတ်မသတ်ရက်သော ညိုထွေးသည် မသနားနဲ့ဟု ဝေဝေ့ကို သင်တန်းပေးသောအခါ ခင်ချို ရယ်ချင်သည်ကား အမှန်ပင်။ ညိုထွေးသည် မာနကြီးသည်နှင့်အမျှ ကရုဏာလည်း ကြီးသည်ကို ခင်ချိုတို့ ကောင်းကောင်း သိသောကြောင့် ဖြစ်သည်။

* * *

(၉)

'ညိုထွေး'

အသံက ခပ်တိုးတိုးပင် ဖြစ်သည်။ သို့သော် ကိုရင်မောင်၏ အသံမှန်း ခင်ချို မှတ်မိသဖြင့် လှည့်ကြည့်မိသည်။ ကိုရင်မောင်သည် ခင်ချိုတို့နားသို့ သွက်သွက်လျှောက်လာသည်။ ကော်ရစ်ဒါလူသွားလမ်းတွင်လူအသွားအလာ ရှုပ်နေသဖြင့် ခင်ချိုတို့သည် ဘေးဘက်သို့ ကပ်ပြီး ရပ်နေလိုက်ကြသည်။

'လက်ကိုင်ပဝါလေး ပြန်ပေးမလို့ပါ'

အနားရောက်သောအခါမှ ပြုံး၍ ပြောသည်။ ပြုံးလိုက်သောအခါ ကိုရင်မောင့်မျက်နှာသည် နုနယ်သွားသည်။ ခင်ချိုတို့ထင်သလောက် အသက်ကြီးပုံ မရချေ။

'အဲဒီနေ့က ကျွန်တော်နဲ့ ဗစ်တာ နောက်ပြောင်ပြီး အတတ်ဆန်း ကြတာ၊ ခွေးကိုက်လို့သေတဲ့ မသာများ ပေါ်ရင်တော့ ဘယ်သူမှ သနားမှာ မဟုတ်ဘူးနော်'

အိတ်ထဲမှ လက်ကိုင်ပဝါလေးကိုမူ တရိုတသေ ထုတ်ပေးသည်။ အကျအန ပြန်လျှော်ပြီး မီးပူပြန်ပြန်တိုက်ထားဟန် ရှိလေသည်။

'ခွေးရူးဆေး ထိုးသေးလား'

ညိုထွေးသည် အမှတ်တမဲ့ပင် လက်ကိုင်ပဝါလေးကို စာအုပ်ကြား ညှပ်လိုက်ပြီး မေးသည်။ ခင်ချိုတို့ရှေ့ဆက်ပြီး လျှောက်ခဲ့သောအခါ ကိုရင်မောင်လည်း လိုက်လာသည်။

'ခွေးက အကောင်းပဲဗျာ၊ သူ့ခမျာ မျက်စိနောက်လွန်းလို့ကိုက်တာပါ'

ကိုရင်မောင်က မသက်မသာ ပြောသောအခါတွင် ခင်ချိုရော ညိုထွေးပါ အားမနာ နိုင်ဘဲ ပြုံးရယ်မိကြလေသည်။ ညိုထွေးက ရယ်သောအခါ ကိုရင်မောင်၏ မျက်နှာသည် ရှက်သွေးမွှန်းသလို နီသွားသည်။ ထို့နောက်မှ လိုက်ရောပြီး တဟားဟား ရယ်တော့သည်။

ခင်ချိုတို့ကျောင်းအောက်ဘက်မှ အဖြတ်တွင် မော်မော်တို့ကို တွေ့ရသည်။ စာအုပ်တွေ တပွေ့တပိုက်နှင့် စာအုပ်ဆိုင်မှ ပြန်လာကြဟန် ရှိသည်။ စကားပြောရင်း လျှောက်လာသော ခင်ချိုတို့ သုံးဦးကို တွေ့သောအခါ မျက်လုံးလေးများ ပြူးသွားကြသည်။ ကိုရင်မောင်ကို တစ်လှည့်၊ ညိုထွေးကို တစ်လှည့် မသိမသာ ကြည့်ရင်း အကဲခတ်နေကြသော သူတို့နှစ်ဦးကို ကြည့်ရင်း ခင်ချို ရယ်ချင်လာသည်။ နှစ်ဦးသား ရှေ့ဆက်မလျှောက်ဘဲ နောက်ကြောင်းပြန်ပြီး ညိုထွေးနား ကပ်လာလေသည်။

'အနာပျောက်ပြီလား'

မော်မော်သည် အစမရှိ အဆုံးမရှိဘဲ ဖြုန်းခနဲ နှုတ်ဆက်လိုက်သည်။

'ဩော် ဟုတ်ကဲ ပျောက်ပါပြီ'

'ဘာဆေးထည့်သေးလဲ'

မှန်မှန်လျှောက်နေသော ညိုထွေးနှင့် ကိုရင်မောင်အကြားသို့ ဝေဝေရော မော်မော်ပါ ကန့်လန့် ကန့်လန့် ဝင်လာကြသည်။ ညိုထွေးသည် မသိမသာလေးပြုံး၍ ဘေးသို့ချဲပေးလေသည်။ အသားလွတ်ကြီး သာသနာလိုက်ဖျက်သည်ကို မြွေမြွေချင်းမို့ ခြေမြင်ဟန် ရှိသည်။ ကိုရင်မောင်ကမူ သူ့ကို တစ်ခါမှ ဖော်ဖော်ရွေရွေ နှုတ်မဆက်ဖူးသော ဝေဝေတို့တတွေ ဖော်ရွေပုံဆန်းနေ၍ အံ့ဩနေပုံ ရသည်။

မော်မော်နှင့် ဝေဝေ အောင်မြင်နေသည်ဟု ဆိုရလေမလားတော့ မသိပါချေ။ ကိုရင်မောင်နှင့် ညိုထွေးသည် ဆက်ပြီး စကားပြောခွင့်မရသည်ကား အမှန်ပင်။ လမ်းခွဲရောက်ပြီး နှုတ်ဆက်ကြသည်အထိဝေဝေနှင့် မော်မော်တို့သာ ရေပက်မဝင် စကားပြောကြလေသည်။

'မော်မော်တို့ကို ညိုထွေး ကျေးဇူးတင်လိုက်တာ'

'ဟင် ဘာပြုလို့လဲ'

'ညိုထွေး ကိုရင်မောင်နဲ့ စကားရှည်ရှည် မပြောချင်သေးဘူး၊ ဝေဝေတို့ရောက်လာတော့ အတော်ပေါ့'

'ဟင် ဘာပြုလို့'

'ဩော် ဝေဝေရယ်၊ စစ်ပွဲဆိုတာ အမျိုးမျိုး ရှိတယ်၊ ထိုးစစ် ရှိတယ်၊ ခံစစ် ရှိတယ်၊ ဆုတ်စစ် ရှိတယ်'

ညိုထွေးသည် ကိုရင်မောင် သူနှင့် စကားရှည်ရှည် ပြောချင်သည်ကို သိသဖြင့် မသိမသာလေး ဆုတ်လိုဟန် ရှိသည်။ တစ်ဖက်က ဆုတ်လျှင် လူ့သဘာဝအရ တစ်ဖက်က တက်စမြဲပင်တည်း။ သို့သော် ထိုးမည့်ဆင် နောက်သို့တစ်လှမ်းဆုတ်လေ့ရှိသည်ကို ခင်ချိုက မြင်နေသည်။

သူတို့ကပျက်ယပျက် လုပ်ခါမှ ညိုထွေးက အကြိုက်ကျပြီး ကျေးဇူးတင်ပါသည်ဟု ဆိုသဖြင့် ဝေဝေတို့နှစ်ဦးသား အတော်ပင် စိတ်ပျက်လက်ပျက် ဖြစ်သွားကြလေသည်။ သူတို့နှစ်ဦး ဝင်ရောခြင်းသည် ညိုထွေးကို တင်ပေးသလို ဖြစ်နေမှန်း ယခုမှပင် ရိပ်မိဟန် ရှိသည်။

'ခံပေါ့ဟာ'

မော်မော်သည် သူ့နဖူးကို သူရိုက်ရင်း ရယ်လေတော့သည်။ သူ့ရယ်သံက ကျယ်သဖြင့် ဘေးမှ ဖြတ်သွားသူများက ကြည့်သွားသော အခါ ပါးစပ်ကို ကမန်းကတန်း ပိတ်လိုက်သည်။ အဆောင်တွင် ဆော့လှနောက်လှသော်လည်း အဆောင်အပြင်ရောက်လျှင် သူတော်ကောင်း သဖွယ် ဣန္ဒြေဆယ်လေ့ရှိသည်။

'မပြောမရှိနဲ့ဟေ့'

ခင်ချိုတို့လေးဦးသား ယောကျ်ားလေးအဆောင်နားမှ အဖြတ်တွင် အဆောင်ထက်မှ မောင်းကွဲကြီး ထုသလို အသံကုန်အော်လေသည်။ မိန်းကလေးများ ဖြတ်လျှင် တစ်ဆောင်လုံးကုန်၊ ရေချိုးခန်းထဲမှ လူပါ မျက်နှာသုတ် ပဝါပတ်ပြီး ထွက်ကြည့်လေ့ရှိကြသည်မှာ စက်မှု ကျောင်းသားတို့အကျင့်ဖြစ်သည်။ ခင်ချိုတို့ကျောင်းရောက်စက 'မပြောမရှိနဲ့' အသံကြားလျှင် ခြေလှမ်းအမှားမှားနှင့် ခေါင်းငုံ့ကာ အမြန်လျှောက်တတ်ကြသော်လည်း

ယခုအခါတွင်ကား အရေထူနေကြပြီ ဖြစ်၍ တစ်ဆောင်လုံး မကလို့ ဘယ်နှစ်ယောက် ဝိုင်းအော်အော် ကြွေမပျက်ကြတော့၊ မကြောက်ကြတော့ပေ။

'သိကြရောပေါ့၊ မော်မော် မုန့်ပြောင်းတစ်လက်လောက် ရအောင် ရှာဦးမယ်'

မော်မော်သည် တိုးတိုးလေး ကြိမ်းလိုက်သည်။ မိန်းကလေးအဆောင်ကို မုန့်ပြောင်းနှင့် ကြည့်လေ့ရှိသည်ဆို၍ ခင်ချိုတို့ အကုန်လုံး အထိတ်ထိတ် အလန့်လန့် ဖြစ်ခဲ့ကြရသည်။ ယောကျ်ားလေး အဆောင်ကိုလည်း အပြန်အလှန် မုန့်ပြောင်းနှင့် ချောင်းလိုသော ဆန္ဒ အားလုံးတွင် ရှိကြလေသည်။

* * *

(၁၀)

'ခင်ချိုရေ ဒီမှာ ကြည့်စမ်း'

မော်မော်သည် ခင်ချို၏အခန်းတွင်းသို့ ခပ်သွက်သွက် လှမ်းဝင်လာသည်။ သူ့လက်ထဲမှ မှန်ပြောင်းကြီးကို ထောင်ပြလေသည်။ ဘယ်ကနေ ဘယ်လိုများ ရအောင်ရှာလာခဲ့လေသည် မသိရချေ။ မော်မော့် နောက်ဘက်မှ ဝေဝေသည် ပြုံးစပ်စပ်နှင့် လိုက်လာသည်။

'ဘယ်သူမှ မပြောနဲ့နော'

'အေးပါ မပြောပါဘူး'

မိန်းကလေးတွေ မှန်ပြောင်းတစ်လက်နှင့် ယောကျ်ားလေးဆောင်ဘက်သို့ ကြည့်ကြသည်ဟူသော သတင်းကိုသာ အဆောင်မှူးကြားသွားလျှင် ခင်ချိုတို့တတွေ သက်သာမည် မဟုတ်ချေ။ ထို့ကြောင့်လည်း ဝေဝေတို့သည် စိတ်ချယုံကြည်လောက်သော ခင်ချိုတို့လူစုလောက်သာ မှန်ပြောင်းရှိကြောင်း အသိခံခြင်းဖြစ်ဟန်တူသည်။ သို့သော် သူ့မှန်ပြောင်းကြီးသည် ဆယ့်ရှစ်ရာစုက ထုတ်လုပ်ခဲ့သော မှန်ပြောင်းဖြစ်ဟန်တူသည်။ ရှေးခေတ်ရုပ်ရှင် ကားများထဲတွင် ပင်လယ်ဓားပြများ သုံးသော တစ်ဖက်ကြည့်မှန်ပြောင်း ရှည်ကြီးဖြစ်သည်။

'ဟေး ဟိုးအဆောင်ပေါ်က အင်္ကျီအဝါလေးနဲ့ကျောင်းသားကို ကြည့်ရအောင်'

အဆောင် 'ဘီ' အပေါ်ဆုံးထပ်တွင် အင်္ကျီအဝါနှင့် ရပ်နေသော ကျောင်းသားတစ်ဦးကို ဦးစွာ မျက်မှန်းတန်းမိသည်။ လူဟန်ကို မြင်နေရသော်လည်း အတော်ကွာလှမ်းသဖြင့် လူလုံးမသဲကွဲချေ။ မည်သူ မည်ဝါမှန်းမှန်းဆ၍ မရချေ။

'ပထမဆုံး မှန်ပြောင်းကို ငြိမ်နေအောင် ချိန်ရမယ်'

ဆယ့်ရှစ်ရာစုနှစ်က မှန်ပြောင်းကို အသုံးမပြုတတ်သော ခင်ချိုကို ဝေဝေသည် မှန်ပြောင်းကြည့်နည်း သင်ပေးလေသည်။ ကုလားထိုင်နောက်မှီပေါ်တွင် ခေါင်းအုံးများ ခုတင်ကာ မှန်ပြောင်းကို တင်ပြီး ကိုယ်ကြည့်လိုရာဘက်သို့ ဦးစွာချိန်ရလေသည်။ အပေါ်တိုး အောက်ဆုတ်၊ ဘယ်ရွှေ့ညာရွှေ့နှင့် ချိန်မိသောအခါတွင် မှန်ပြောင်းကို မရွေ့ရှားစေရန် ခေါင်းအုံးများနှင့် ခုပြီး ထိန်းထားလိုက်ရသည်။ ထို့နောက် မှန်ပြောင်းကို မထိတော့ဘဲ ရှေ့ဘက်မှ မှန်ဘီလူးကိုသာ ချိန်သားကိုက်အောင် တဖြည်းဖြည်း လှည့်ပေးရလေသည်။ မျက်စိတစ်ဖက်တည်း ကြည့်နေရသည့်အတွက် အားနေသော ဘယ်ဘက်မျက်စိကို လက်ဝါးနှင့် အုပ်ထားရသည်။ သူတို့မှန်ပြောင်းကြီးကို အသုံးပြုရသည်မှာ အတော်ပင်ပန်းလှသည်။

'ဟော–ဟော–ကြည်လာပြီ၊ ကြည်လာပြီ၊ မြင်ရပြီ၊ ဟော–ဟောတော့–အဲဒါ စောညိုရယ်'

ညာဖက်မျက်စိ တစ်ဖက်တည်းပြူးထွက်လာမတတ် အပန်းတကြီး ကြည့်နေရှာသောခင်ချိုသည်အင်္ကျီအဝါနှင့် မင်းသားကို အသေအချာတွေ့သောအခါ ပက်လက်လန်သွားလေသည်။ စောညိုသည် ခင်ချိုတို့ဌာနမှ ကျောင်းသားဖြစ်သည်။ ဌာနတွင် မတွေ့ချင်အဆုံး အချိန်ပြည့် တွေ့နေရသူကိုမှ အပန်းတကြီး မှန်ပြောင်းနှင့် မျက်စိစမ်းမိလေသဖြင့် ခင်ချို ငိုချင်ရယ်ချင် ဖြစ်သွားသည်။ ထို့ကြောင့် မှန်ပြောင်းစကြာကို အနည်းငယ် ရွှေ့ပေးလိုက်သည်။

'အဲ–အဲ–ဒီတစ်ခါတော့ အသားဖြူတယ်၊ ဒီမင်းသားက ရေချိုးပြီးစ ထင်တယ်၊ အင်္ကျီမဝတ်ရ သေးဘူး'

'ဘယ်သူလဲ–ဘယ်သူလဲ'

'မသိဘူး၊ မြင်တော့မြင်ဖူးတယ်'

ခင်ချိုတို့သည် ကျောင်းတက်ရင့်လုပြီ ဖြစ်သော်လည်း တစ်ကျောင်းလုံးရှိ ကျောင်းသားများကို အကုန်မသိချေ။ အကုန်မပြောနှင့်၊ လေးပုံတစ်ပုံပင် သိမည်မထင်၊ တစ်ဝက်လောက်ကိုတော့ မြင်ဖူးတွေ့ဖူး မျက်မှန်းတန်းမိသည် ထင်သည်။

'အာ–ဒီလူကတော့ တစ်မျိုး၊ အခန်းအပြင်ထွက်ပြီး ခေါင်းဖီးနေတယ်၊ အောင်မာ–အောင်မာ– ခေါင်းဖီးရင်း ပြုံးနေတယ်၊ ဟော–အော်နေတယ်၊ တစ်ခုခု အော်နေတယ်၊ ကောင်မလေးတွေ ဖြတ်သွားလို့ထင်တယ်၊ မှတ်ထား၊ မှတ်ထား၊ ဒီမျက်နှာတော့လား၊ ဂျီဟောရှေ့ရောက်ရင် အသေပဲ'

ခင်ချို့လက်မှ မှန်ပြောင်းကို လုပြီး ကြည့်နေသော ဝေဝေသည် ပါးစပ်မှ တတွတ်တွတ် ပြောနေသည်။ ခင်ချို့လို တုန်တုန်ချိချိ မဟုတ်ဘဲ တစ်ဖက်ကြည့်မှန်ပြောင်းကို ကျင်လည်စွာ ချိန်တတ်လေသည်။

ဂျီဟောဆောင်သည် ယခင်က ဆရာများ နေထိုင်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် အခန်းများသည် ကျယ်ပြီး လင်းလှသည်။ အခန်းတိုင်းတွင် ရေချိုးခန်း အိမ်သာ တစ်ခုစီ ပါသည်။အလင်းရောင်နှင့်လေ ကောင်းစွာရပြီး နေ၍ ကောင်းလှသော်လည်း တံခါးကို ဖွင့်ထားလျှင် အခန်းတွင်းသို့လင်းလင်း ချင်းချင်း တန်းမြင်ရသည်ကတော့ ခက်လှသည်။ ရေချိုးပြီးစ ထမိန်ရင်လျားနှင့် ကျောင်းသူများ၊ အိပ်ရာပေါ်တွင် ခြေထောက်ထောင် အိပ်နေသူများသည် ကျောင်းသားများ၏ မှန်ပြောင်းဒဏ်ကို မကြာခဏ ခံရရှာသည်ဟု အဆိုရှိလေသည်။ ဝေဝေတို့က မှန်ပြောင်းတစ်လက်နှင့် ဂလဲ့စားချေနေကြကြောင်းသာ မောင်ကျောင်းသားတို့သိလျှင် ဟားတိုက်၍ ရယ်လေမလား၊ စိတ်ပျက်လက်ပျက် ညည်းလေမလား၊ ခင်ချို ကောင်းစွာ မတွေးတတ်ချေ။

'အယ်–အယ်–ဒီတစ်ယောက်က မှန်ပြောင်းကြီးနဲ့၊ ဂျီဟောဘက်ကို ကြည့်နေတယ်၊ အား–ဝေဝေတို့ဘက်ကို ကြည့်နေတာ၊ အင်–အင်–အယ်–သေပါပြီ၊ ဒသဂီရိကြီးတော့'

ဝေဝေသည် မှန်ပြောင်းကြီးကို ဖြုန်းခနဲ လွှတ်ချလိုက်လေသည်။ မှန်ပြောင်းကြီးတဝင်းဝင်းနှင့် မျက်လုံးချင်း စကားပြောလိုက်ရသည့်အတွက် မျက်နှာကလေးမှာ ဖြူတစ်ဝက်၊ နီတစ်ဝက် ဖြစ်နေသည်။

'သေ ဟ'

မမော်သည် ဟက်ဟက်ပက်ပက် ရယ်ရင်း အခန်းတံခါးကို တွန်းပိတ်လိုက်သည်။ သူခိုး သူခိုးချင်း တစ်ဦးနှင့် တစ်ဦး ဆုံသောအခါ လန့်ဖြန့်ပြီး အော်ကြသည်ဟု ကြားဖူးသည်။ ဝေဝေ့ အဖြစ်သည်လည်း ထိုအဖြစ်နှင့် တူမည် မထင်ပါ။

'ဝေဝေ့ကို မှန်ပြောင်းကြီးကြည့်ရက်နဲ့ တွေ့သွားမှာတော့'

'ဟလို–နမဒေါ်၊ မောင်ဒေါ်လဲ မှန်ပြောင်းကြီးနဲ့ပါပဲ၊ ကိစ မစိဘူး၊ မရှက်ပါနဲ့နမဒေါ်လို့ လှမ်းပြောတာ မကြားလိုက်ဘူးလား'

ဟက်ဟက်ပက်ပက် ရယ်နေသော မော်မော့်ကို ဝေဝေသည် ကြောင်စီစီလေး ကြည့်နေသည်။

ထို့နောက် ခေါင်းအုံးကြီးကို ဆွဲကာ ဒုန်းဒိုင်းနှင့် ကိုင်ပေါက်လေတော့သည်။ ခေါင်းအုံးတစ်လုံးပြီး တစ်လုံး ကိုင်ပေါက်ရင်း သူ့ဟာသူ မနေနိုင်ဘဲ ရယ်လေတော့သည်။

'အေးဟယ်–ကြုံကြုံဖန်ဖန် ဖြစ်ရတယ်'

မှန်ပြောင်းနှင့် ဆက်ကြည့်ရန် အကြံကို လက်လျှော့လိုက်ကြသည်။ အခန်းထဲမှ ချက်ချင်းမထွက်ရဲသေး သောကြောင့် ခင်ချိုတို့ခုတင်ပေါ်တွင် စုထိုင်မိကြလေသည်။ ပြောမိပြောရာ စပ်မိစပ်ရာ ပြောနေကြရင်း ဝေဝေ သည် ခင်ချို့လက်ကို ဆွဲကြည့်လေသည်။ လက္ခဏာ အရေးအကြောင်းများကို နားလည်ဟန်နှင့် အသေအချာ ကြည့်နေသည်။

'ဝေဝေ–နင်တကယ်လဲ မတတ်ဘဲနဲ့'

'နည်းနည်းပါးပါးတော့ သိပါတယ်'

ဟိုစပ်စပ် ဒီစပ်စပ် ဝါသနာပါသော ဝေဝေသည် လက္ခဏာကိုလည်း အနည်းအပါး ကြည့်တတ်သည်ဆို သည်မှာ ဖြစ်နိုင်ပေမည်။

'ဟေး–ဘာလုပ်နေကြတာလဲ၊ အောင်မယ်–ဝေဝေက လက္ခဏာကြည့်တတ်လို့လား၊ ညိုထွေးကို ကြည့်ပေး စမ်းပါ'

ညိုထွေးသည် အခန်းထဲ လှမ်းဝင်လာသည်။ ဝေဝေ့ရှေ့တွင် လက်ဝါးလေးဖြန့်ရင်း ကြည့်ခိုင်းသောအခါ ပြုံးကျဲကျဲနှင့် ပြောလေသည်။

'ညိုထွေး တကယ်ဝါသနာပါသလား'

'ဒါပေါ့'

'မမော်တို့တစ်ခါကြို့ကုန်းရွာထဲမှာ မေးဖူးတယ်၊ ကုလားအဘိုးကြီး သိပ်မှန်တာပဲ'

'ဟယ်–ညိုထွေး မေးချင်လိုက်တာ'

'အားတဲ့နေ့ပြောလေ၊ လိုက်ပို့ပေးမယ်'

သူ့ကို အကဲခတ်ဟန်နှင့် ကြည့်နေသော ဝေဝေအား မော်မော်သည် မျက်စိတစ်ဖက်မှိတ်ပြ လိုက်သည်ကို ခင်ချို ရိပ်ခနဲ မြင်လိုက်ရသည်။ တစ်ခုခုတော့ တစ်ခုခုပဲ ဖြစ်မည်။ ဘာတစ်ခုမှန်းတော့ ခင်ချို အသေအချာ မသိချေ။

* * *

(၁၁)

ဘာတစ်ခုခုမှန်းမသိ၍ ခင်ချို့စိတ်ထဲတွင် စနောင့်စနင်းဖြစ်နေသော်လည်း ညိုထွေးက ဗေဒင်သွားမေးရအောင်ဟု အဖော်စပ်သောအခါ လိုက်ဖြစ်လေသည်။ မှတ်မှတ်ရရ ထိုနေ့သည် လပြည့်နေ့ဖြစ်သည်ဟု ခင်ချိုမှတ်မိသည်။ ကျောင်းပိတ်ရက်ဖြစ်သဖြင့် ခင်ချိုနှင့် ညိုထွေးသည် နံနက်စောစောတွင် မော်မော်ဦးဆောင်ရာနောက်သို့တကောက်ကောက်လိုက်လာကြလေသည်။ ဝေဝေနှင့် မော်မော်သည် ကြို့ကုန်းရွာလေးထဲတွင်တော့ တကယ့်ကို ကျွမ်းကျင်လှသည်။ တစ်ခါတစ်ရံ ရွာထဲတွင် တစ်နေကုန်လျှောက်လည်နေ့လေ့ရှိသည်။ ကြို့ကုန်းရွာထဲမှ လာပြီး ခင်ချိုတို့အဆောင်ရှေ့တွင် ဆီးသီး၊ ငှက်ပျောသီး၊ ကောက်ညှင်းပေါင်းစသည်တို့ကို ရောင်းသောဈေးသည်ကလေးများနှင့်လည်း ငယ်ပေါင်းကြီးဖော်သဖွယ် ခင်မင်လှသည်။ ချောင်ကြိုချောင်ကြားမှ အကြော်ဆိုင်၊ မုန့်ဟင်းခါးဆိုင် အကုန်လုံး သူတို့သိလည်း သိနိုင်လှသည်။

‘ဝေဝေပါရင် ကောင်းမှာနော်’

‘အေးကွယ်–ဒီနေ့မှ သူ့အဒေါ်ကလည်း ဆွမ်းကျွေးရှိတယ်တဲ့’

မော်မော်သည် စိတ်ပျက်လက်ပျက် ပြောသည်။ သူ့ကြည့်ရသည်မှာ ဝေဝေမပါသဖြင့် သိပ်ပြီး စိတ်ပါလှပုံမရချေ။ စကားအခံရှိသောကြောင့်သာ လိုက်ပို့ရခြင်း ဖြစ်ဟန် တူသည်။

‘ဦးရန်ကနား ရှိမှရှိပါ့မလားတောင် မသိဘူး’

‘ဦးရန်ကနားတဲ့လား’

‘အင်း မော်မော်တော့ သူ့နာမည်ကို အဲဒီလိုပဲ ကြားမိတယ် ထင်တာပဲ’

‘နာမည်က ရယ်စရာကြီး’

‘လူကလဲ ရယ်စရာကောင်းတယ်၊ ဒါပေမယ့် သွားမရယ်နဲ့၊ သူက လက္ခဏာဗေဒင်သာမကဘူး၊ သမထလဲပေါက်တယ်တဲ့၊ သူများစိတ်ထဲမှာ ဖြစ်တာကို အလိုလို သိတယ်တဲ့’

မော်မော့်စကားကို ခင်ချိုတကယ်ထောက်ခံမိသည်။ ဦးရန်ကနားသည် နာမည်သာမက လူပါ ရယ်စရာကောင်း သည်မှာ အမှန်ပင် ဖြစ်၏။

မည်သူမည်မျှ အသားမည်းသည်ဆိုဆို ဦးရန်ကနားလောက်တော့ မည်းနိုင်မည် မထင်ချေ။ ဆေးမည်းသုတ်ထားသလို မှောင်နေအောင် မည်းသည်။ ဆံပင်ကိုမူ ဆာဒူးများ ထုံးသလို ထိပ်တည့်တည့်တွင် ယောင်ပေစူးသဖွယ် ထုံးထားသည်။ ဦးရန်ကနား၏ ဆံပင်သည် ဖြန့်ချ လိုက်ပါက ကျောတစ်ဝက်လောက်တော့ ရှည်မည် ထင်သည်။ ရွှေကိုင်းမျက်မှန်အဝိုင်းလေးသည် သူ့အသားမည်းနဲ့တော့ လိုက်ဖက်သယောင် ရှိသည်။ ကားစွင့်နေသော နှုတ်ခမ်းမွှေးကြီးသည်ကား ပုညက်သော ခန္ဓာကိုယ်လေးနှင့် ကြည့်မကောင်းလှပေ။ တစ်ခြားစီ

ဖြစ်နေသလို ရယ်စရာကောင်းနေသည်။ သူနှင့် မတန်တဆ ပွနေသော ရှပ်အင်္ကျီကို လက်ကြယ်သီး၊ ရင်ဘက်ကြယ်သီး အစေ့တပ်ပြီး ဝတ်ထားသည်။ အင်္ကျီအဖြူနှင့် ပိတ်ဖြူလုံချည် တို့ကြောင့် သူ့အသားမည်းမည်းမှာ ပို၍ မည်းနေဟန် တူသည်ဟု ခင်ချိုတွေးမိလေသည်။

ကျောက်သင်ပုန်းတစ်ချပ်နှင့် ဟိုခြစ်သည်ခြစ် တွက်နေသော ဦးရန်ကနားသည် မဝံ့မရဲ ဝင်လာသော ခင်ချိုတို့အား ခပ်စူးစူး လှမ်းကြည့်သည်။

'ရန်ကနား သိတယ်လေ၊ ဒီ–သူငယ်မနော်၊ လက္ခဏာအားကြီး မေးချင်တယ်'

ခင်ချိုတို့တတွေ ကြုံ့ကြုံ့ယုံ့ယုံ့လေး ထိုင်ပြီးကြသောအခါ စူးစမ်းဟန်နှင့် ကြည့်နေသော ညိုထွေးကို လက်ညိုးထိုး၍ ပြောလိုက်သည်။ နာမည်နှင့် လူသာ အချိုးမကျသည်မဟုတ်၊ သူ့ အသံကလည်း အချိုးမကျလှချေ။ အသံစူးစူးသေးသေးနှင့် ခပ်လေးလေးပြောသည်။ ခင်ချိုတို့အဆောင်ရှေ့တွင်အင်္ကျီဟောင်း၊ လုံချည်ဟောင်းနှင့် ပလတ်စတစ် ပစ္စည်းများ လာ၍ လဲလှေ့ ရှိသော ကုလားများ ဝဲပုံမျိုး ဝဲသဖြင့် ခင်ချိုတို့တွေ့ဖူးသော ဗေဒင်ဆရာများနှင့် မတူသည်ကား အမှန်ပင်။

'ဒီဘက်က သူငယ်မလေးနော်၊ ရန်ကနားကိုကြည့်ပြီး ရယ်ချင်နေတယ်၊ မကောင်းဘူးနော်၊ မရယ်ပါနဲ့၊ ရန်ကနားစိတ်ဆိုးရင်နော် ပိုပြီး မကောင်းဘူး ရှိမယ်'

'ဟိုက်'

ဗေဒင်ဆရာကိုကြည့်ရင်း ပလတ်စတစ်၊ ဇလုံ၊ ခွက်၊ ခြင်းများ တထုပ်တပိုးနှင့် လာလေ့ရှိသော ကုလားကို တွေးထင်မြင်ယောင်မိသော ခင်ချိုခမျာ ဟိုက်ခနဲ ဖြစ်သွားသည်။ မျက်မှောင် မသိမသာ ချီရင်း ခင်ချို့ကို ခပ်စောင်းစောင်းကြည့်သော ဦးရန်ကနားသည် စိတ်တွင်းကိုလည်း ထွင်းဖောက်မြင်နိုင်ဟန် ရှိသည်။ ခင်ချို့ကျောထဲတွင် စိမ့်ခနဲ ဖြစ်သွားပြီး ကမန်းကတန်း ဣန္ဒြေဆည်လိုက်ရသည်။

'ရန်ကနား သိတယ်လေ၊ အင်္ဂါသမီးလာပါ၊ ရှေ့တိုးပါ၊ ညာဘက်လက်ဝါးပြပါ'

ညိုထွေးကို အင်္ဂါသမီးဟု ဒက်ခနဲ ပြောပြီး ရှေ့တိုးခိုင်းသည်။ ညိုထွေးသည် မျက်လုံးကလေး အဝိုင်းသားနှင့် ကမန်းကတန်း ရှေ့တိုးကာ လက်ဝါးလေးဖြန့်ပြလေသည်။

'သူငယ်မနော် ငယ်ငယ်က အားကြီးပျော်တယ်၊ မောင်နှမ သုံးယောက်ရှိတယ်နော်၊ သူငယ်မက အငယ်ဆုံး၊ မှန်သလား'

'ဟုတ် ဟုတ်ပါတယ်'

'အခုလေမိဘတွေနဲ့ခွဲနေရတယ်၊ သူငယ်မအိမ်ကိုသတိရတယ်၊စိတ်ညစ်တယ်နော်မညစ်ပါနဲ့အားလုံးကောင်းတယ်၊ ပညာရေး အားကြီးကောင်းတယ်၊ ဘွဲ့အကြီးကြီး ရမယ်နော် ရန်ကနားကို မမေ့ပါနဲ့၊ မြန်မာပြည်မှာ တစ်ခုရမယ် ဟိုးအဝေးကြီးမှာ နောက်ထပ် တစ်ခုရမယ်'

'ဟုတ်ကဲ့'

ဦးရန်ကနားသည် မျက်မှန်ဂိုင်းကို ကိုင်ကာ လက်ဝါးပြင်ကို အသေအချာ ငုံ့ကြည့်သည်။ အချို့ အရေးအကြောင်းများသည်ကား မထင်ရှားဟန်နှင့် လက်နှင့် ပွတ်ကြည့်သည်။ လူကသာ အဟန့် မရှိဘဲ ရယ်စရာကောင်းနေသော်လည်း သူ့ပညာသည် သေးပုံမရချေ။

'ဆယ်နှစ်လောက်တုန်းကနော်၊ အကြီးအကျယ် နေမကောင်းဖြစ်ဖူးတယ်၊ ရန်ကနား သိတယ် ဟုတ်သလား'

'ဟုတ်ပါတယ် ရန်ကနား အဲ အဲ ဦးရန်ကနား'

ညိုထွေးက အားတက်သရော ဖြေလေသည်။ ညိုထွေး ငယ်ငယ်က တိုက်ဖွိုက်ဖြစ်၍ ဆေးရုံတက်ခဲ့ရဖူးသည့် အကြောင်းကို ခင်ချိုတို့ သိသည်။ ဟောသမျှ မှန်၍ ယုံကြည်စိတ် များပြားလာသည်။ ဦးရန်ကနားသည် ခင်ချိုတို့ ဘက်သို့ မသိမသာ စွေကြည့်ပြီး ချောင်းတစ်ချက် ဟန့်လိုက်သည်။ 'မော်မော် မပြောလား၊ ဦးရန်ကနားက သိပ်မှန်တာ' ဟု မော်မော်သည် တိုးတိုးလေး ပြောသည်။

'မာနကြီးတယ်နော် မကောင်းဘူး၊ သူငယ်မလေ အားကြီးမာနကြီးတယ်'

မှန်ပြီးရင်း မှန်ပြီးမို့ ခင်ချိုပင် ဦးရန်ကနားကို အထင်ကြီးလာသည်။ ဦးရန်ကနားသည် ညိုထွေး၏ ဘယ်ဘက် လက်ဖဝါးကိုပါ ဖြန့်ခိုင်းပြီး အသေအချာ ကြည့်နေသည်။ ထို့နောက် ခေါင်းကို ဘယ်ညာယမ်းခါလေသည်။ ဦးရန်ကနားရှေ့တွင် လက်ဝါးကလေးနှစ်ဖက်ဖြန့်ရင်း ကျုံ့ကျုံ့ လေးထိုင်နေသော ညိုထွေးသည် မျက်လုံးလေး ဝိုင်းသွားလေသည်။

'ယောကျ်ားတွေကို အထင်သေးတယ်နော်၊ မကောင်းဘူး ရှိမယ်၊ သူတို့တွေနဲ့ အများကြီး ဆက်ဆံတယ်၊ သူငယ်မ အားကြီး ဒုက္ခရောင်မယ်'

အသက်ရှူရန်ပင် ခင်ချိုတစ်ယောက်မေ့သွားသည်ဟု ဆိုပါက ပိုသည်ဟု မထင်မှတ်စေလိုပါ။ ဒက်ခနဲဒက်ခနဲနေအောင် မှန်နေသော ဦးရန်ကနားသည် ညိုထွေး၏ အလောင်းအစားကိုပင် သိနေရော့သလားဟု စဉ်းစားနေမိသည်။ သူ့အသံစူးစူးသေးသေးလေးသည် ကြားရတိုင်း စိမ့်ခနဲ ဖြစ်သွားအောင် အစွမ်းထက်လှသည်။

'သူတို့ကို ဒုက္ခဖြစ်အောင် လုပ်တယ်နော် မကောင်းဘူး၊ သူငယ်မပါ ဒုက္ခများများ ဖြစ်မယ် ရန်ကနားပြောတာ မှတ်ထားပါ'

ညိုထွေး၏မျက်နှာလေးသည် ဆီးကင်းခန့်သာ ရှိတော့မည်ထင်သည်။ မျက်နှာငယ်လေးနှင့် ခင်ချိုကိုလှမ်းကြည့် သောအခါ သနားစရာပင် ကောင်းတော့သည်။ ဦးရန်ကနားသည် ပြောရင်း ဟောရင်း စိတ်ဝင်စားလာသလို နေရာပြင်ထိုင်ပြီး ကျောက်သင်ပုန်းကို လှမ်းယူကာ တကုတ်ကုတ် တဂျောက်ဂျောက်နှင့် တွက်ချက်နေလေသည်။

'ဟင်'

ခင်ချိုသည် ခပ်တိုးတိုး အော်လိုက်မိသည်။ နေရာပြင်ထိုင်ရင်း တစ်ဝက်တစ်ပျက် ပေါ်သွားသော ဦးရန်ကနား၏ ခြေသလုံးသားများသည် ဖြူဝင်းနေသည်။ ခြေဖမိုးနှင့် ခြေကျင်းဝတ်သည် အိုးမည်းက အဘခေါ်ရအောင် အရစ်လိုက် မည်းနေပြီး ခြေသလုံးသားများ ဖွေးဖွေးဖြူနေခြင်းသည်ကား ယုတ္တိ သိပ်ပြီး မတန်လှချေ။ တစ်စုံတစ်ခုတော့ မှားယွင်းနေချေပြီ။ ညိုထွေးသည် ကျောက်သင်ပုန်းလေးကိုသာ စူးစိုက်ကြည့်နေသဖြင့် ဦးရန်ကနား၏ သလုံးသား ဖြူဖြူကို သတိထားမိဟန် မတူချေ။

'ခင်ချို တိတ်တိတ်နေ ရှိခိုးပါရဲ့ ရှိခိုးပါရဲ့ ခင်ချိုရယ်'

ခင်ချို စူးစိုက်ကြည့်နေသည့်နေရာကို လိုက်ကြည့်ပြီး မော်မော်သည် မျက်လုံးပြူးသွားသည်။ ခင်ချို့လက်ကို လှမ်းဆုတ်ပြီး တိုးတိုးလေး တောင်းပန်နေလေသည်။ တကျိတ်ကျိတ်ဖြစ်နေသော အသံများကြောင့် ဦးရန်ကနားသည် မသိမသာ မျက်လုံးစွေကြည့်သောအခါ မော်မော်သည် အသံမထွက်အောင် ပြုံးလိုက်၊ ရွဲ့လိုက်နှင့် ပွစိပွစိ ပြောရင်း ခြေသလုံးကို လက်ညိုးထိုးပြနေလေသည်။ ထို့ကြောင့် ညိုထွေး မမြင်မီ ဦးရန်ကနား၏ ဖြူဖွေးသော သလုံးသားလေးသည် ပိတ်ဖြူလုံချည်နှင့် ပြန်လည် အုပ်မိသွားလေသည်။

'ဗုဒ္ဓဟူးသားနဲ့ဆက်ဆံတယ်နော် – အများကြီး မကောင်းဘူး၊ သူငယ်ချင်းတွေ အားကြီးများတယ်၊ ကောင်းကောင်းကူညီမယ်၊ မှတ်ထားပါ၊ ဒီဘေးက သူငယ်မနော် သူနဲ့ပေါင်းပါ၊ အားကြီးကူညီတတ်တယ်၊ အများကြီး စိတ်ကောင်းရှိတယ်၊ ရန်ကနား သိတယ်'

ဦးရန်ကနားသည် ခင်ချို့ကိုဖားနေပြီ။ အသားမည်းမည်းနှင့် နှုတ်ခမ်းမွေး ကားကားကြီးကို တွေတွေဝေဝေ ကြည့်ရင်း မျက်မှောင်ကြုတ်နေသော ခင်ချို့အား ဆိုင်းမဆင့် ဗုံမဆင့် ထ၍ ချီးကျူးလေသည်။

'သူများတွေ ဒုက္ခဖြစ်အောင်နော်၊ သူဘယ်တော့မှ မလုပ်ဘူး၊ သူများ မကောင်းကြောင်းနော် မပြောဘူး၊ အသာမျက်စိမှိတ်နေတယ် အများကြီး စိတ်ကောင်းတယ်'

နေ့ချင်းညချင်း သူတော်ကောင်းဖြစ်သွားသော ခင်ချိုအား ညိုထွေးသည် လေးလေးစားစား လှည့်ကြည့်လေသည်။ ထိုစဉ်တွင် ဦးရန်ကနားသည် ခင်ချို့ကို ဆလံအထပ်ထပ် ပေးနေလေသည်။

'ဟယ် – ဟယ် – ဝေ – ဝေ –ရယ်'

ခင်ချိုသည် စိတ်ထဲမှ အော်လိုက်မိသည်။

မျက်နှာချိုသွေးနေသော ဦးရန်ကနားကို စိတ်ကူးထဲတွင် မျက်မှန်ဖြုတ်၊ နှုတ်ခမ်းမွေးဖြုတ်ပြီး ကြည့်မိသောအခါ ဆေးမည်းသုတ်ထားသော ဝေဝေ့၏ရုပ်ကို ရေးရေးမျှ မြင်ယောင်လာသည်။ တတ်လည်း တတ်နိုင်သော သူငယ်မလေး ဖြစ်သည်။ ဝင်ဒါမီယာက သူ့အဒေါ်အိမ်တွင် ဆွမ်းကျွေးရှိသည်ဆိုပြီး မနက်အစောကြီးကတည်းက ထွက်သွားသော ဝေဝေဟူသည့် သူငယ်မလေးသည် ကြို့ကုန်းရွာထဲက တဲပုတ်ငယ်တွင် မည်းမည်းတူတူနှင့် ဦးရန်ကနားဖြစ်နေ လိမ့်မည်ဟု ခင်ချို လုံးဝ မမျှော်လင့်မိပေ။

ညိုထွေး အလစ်တွင် ဒိုးဆလံ၊ တင်းဆလံ ပေးကာ အသံတိတ်တောင်းပန်ရှာသော ရန်ကနားကို ကြည့်ရင်း ခင်ချိုသည် ရယ်ချင်လွန်းသဖြင့် လျှာကို နာနာကိုက်ထားလိုက်ရသည်။

'ရန်ကနားနော် တရားထိုင်ရဦးမယ်၊ မေးပြီးရင် ပြန်ပါ'

ရယ်ချင်စိတ်ကို အတင်းမျိုသိပ်ထားရသဖြင့် နီရဲလာသော ခင်ချို၏ မျက်နှာကို ကြည့်ကာ ဦးရန်ကနား အမည်ခံ ဝေဝေသည် အတော်လန့်လာဟန် ရှိသည်။ နှုတ်ခမ်းမွေးလုပ်လုပ်ကြီးကို မပြုတ်စေရန် လက်နှင့် ဖိထိန်းထားရင်း နှင်လေတော့သည်။

'တစ်ခုတော့ မေးပါရစေဦး'

ညိုထွေးသည် တစ်စုံတစ်ခု မေးလိုဟန် ရှိသေးသည်။ သို့သော် ဦးရန်ကနားသည် ညိုထွေးကို စိတ်ဝင်စားနိုင်ဟန် မတူတော့ချေ။ အလိမ်ပေါ်ပြီး ညိုထွေး ထတီးပါက ဘယ်အပေါက်မှ ပြေးရမည်နည်းဟု ပြေးပေါက်ကို ရှာနေဟန် ရှိလေသည်။

'တရားအားကြီး ထိုင်ရမယ်၊ နောက်ကျရင်နော် အထက်ဆရာကြီးများ စိတ်ဆိုးတယ်၊ ပြန်ပါ ရန်ကနား တရားအားထုတ်ရမယ်၊ ပြန်ပါ'

ဦးရန်ကနားက အတွင်းသား နှင်လေသည့်အတွက် ညိုထွေးလည်း မပြန်ချင် ပြန်ချင်နှင့် ထရလေသည်။ 'ပြန်လိုက်ပါဦးမယ် ဦးဝေကနား' ဟု ခင်ချိုက စကားမှားသယောင်ယောင်နှင့် နှုတ်ဆက်သောအခါ နှုတ်ခမ်းမွေးကားကားကြီးများပင် ကုတ်ကျသွားသယောင် မျက်နှာလေးငယ်သွားသည်။ ခင်ချိုတို့အိမ်ပေါ်မှ ဆင်းသောအခါ ဦးရန်ကနားအမည်ခံ ဝေဝေသည် သက်ပြင်းကလေးချကာ ခြေသံလုံး လုံအောင် ကြုံ့ကြုံ့လေးထိုင်ရင်း မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ်နှင့် ကျန်ခဲ့လေသည်။ ဆံထုံးလေးကို ငယ်ထိပ်တွင် ကျစ်ကျစ်ပါ

အောင် ထုံးပြီး နှုတ်ခမ်းမွေးကြီး တလုပ်လုပ်နှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ဝေဝေ့အား ခင်ချိုသည် နောက်ပြန်လှည့်ကြည့်ရင်း ထိန်းမဆောင်နိုင်တော့ဘဲ ဟက်ဟက်ပက်ပက် ရယ်မိတော့သည်။ အသားလွတ်ရယ်သော ခင်ချိုကို ညိုထွေးသည် နားမလည်နိုင်သလို အငေးသား ကြည့်နေလေသည်။

'တကယ်မှန်တယ်နော်'

ညိုထွေးသည် တအံ့တသြနှင့် တီးတိုးချီးကျူးသောအခါ မော်မော်သည် သုံးယောက် ယှဉ်လျှောက်နေရာမှ မသိမသာ နောက်ဘက်ချန်နေရစ်သည်။ ရယ်သံထွက်မည်စိုး၍ သူ့ ပါးစပ်ကို သူ လက်နှင့် အုပ်ထားရင် ကျိတ်၍ ရယ်နေမည်ကို ခင်ချို သိပါသည်။ ခင်ချိုကိုယ်တိုင်လည်း ညိုထွေးကို မကြည့်မိရန် မျက်နှာလွှဲထားရသည်။ ဦးရန်ကနားသည် ချောလှပါသည်။

ညိုထွေးကလည်း ပေါလှပါသည်။

ရယ်ချင်စိတ်ကို မျိုသိပ်ထားသဖြင့် မျက်နှာကလေး နီနေသော မော်မော်ကလည်း အတော်ပင် စိတ်မောသွားဟန် ရှိသည်။

အမှန်တရားကို ပြောပြရန်လည်း အချိန်စောသေးသည်ဟု ခင်ချိုထင်ပါသည်။

တရားသူကြီးလာဘ်စားသည်ဟု ဆိုလျှင်လည်း ခံရပေတော့မည်။ ညိုထွေးဆီမှ ရသော ပူဇော်ငွေ ငါးကျပ်နှင့် ဝေဝေတို့က ခေါက်ဆွဲကြော် ဝယ်ကျွေးသောအခါ ခင်ချို မငြင်းမဆန် စားလေသည်။

* * *

# (၁၂)

ခုတလော ညိုထွေးအတော်ခြေငြိမ်နေလေသည်။ ကျောင်းမှန်မှန်တက်ကာ အခန်းအောင်းပြီး စာမှန်မှန် ကျက်နေသည်။ စကားကြီး စကားကျယ်တွေကိုလည်း သူများ အမြင်ကပ်အောင် မပြောသည်မှာ အတော်ကြာ ချေပြီ။

အတန်း အကူးအပြောင်းတွင် ကိုရင်မောင်နှင့် မကြာခဏ ဆုံမိတတ်ကြသည်။ ညိုထွေးသည် တတ်နိုင်လျှင် မျက်နှာချင်းမဆိုင်မိရန် ရှောင်လေ့ရှိသည်။ မတတ်သာ၍ ရင်ဆိုင်တိုးလျှင် မပွင့်တပွင့် လေး ပြုံးကာ ခေါင်းငုံ့ ပစ်တတ်လေသည်။

'ညိုထွေး ဆုတ်စစ်က တယ်ကောင်းပါလား၊ ကိုရင်မောင်တော့ ဖန့်တင်နဲ့ ငန့်ဖြစ်နေပြီ'

ခင်ချိုတို့ လူအုပ်ကိုတွေ့တိုင်း ညိုထွေးကို မသိမသာ ရှာလေ့ရှိသော ကိုရင်မောင်၏ မျက်လုံးများကို ဦးစွာ သတိထားမိသူမှာ မဝါဖြစ်သည်။ ဆူညံဆူညံနှင့် ပျော်ပျော်ပါးပါး နေတတ်သော ခင်ချိုတို့ လူစုထဲတွင် အေးအေး ဆေးဆေးဖြစ်နေသော ညိုထွေးသည် တစ်မူခြားနေသည်။ မှိန်မှိန်လေးနှင့် လင်းနေသော ကြယ်လေးသဖွယ် အာရုံ စူးစိုက်စဖွယ် ဖြစ်နေလေသည်။

'ညိုထွေးကို ကြည့်ရတာ ရင်ထဲမှာ တစ်မျိုးပဲ၊ သူ့မျက်နှာလေးဟာ တည်လဲတည်တယ် အေးလဲ အေးတယ် မာန်လဲ ရှိတယ် ရှင်လဲ ရှင်တယ်ဗျ'

ကိုရင်မောင်က လသာသော ညတစ်ညတွင် လပြည့်ဝန်းကို ကြည့်ရင်း ပြောသည်ဟု တစ်ဆင့်စကား ကြားရသည်။ လဝန်းတွင် ညိုထွေးမျက်နှာလေး ထင်ဟပ်နေပြီလားဟု ခင်ချို တွေးမိသည်။ လေးမပစ်ရသေးဘဲ လေးညို့တီးခတ်ရုံနှင့် ရန်သူသည် အခြေယိုင်နေပြီ ထင်ရသည်။

တစ်ညနေ ထမင်းစားအပြီး ခင်ချိုတို့လမ်းလျှောက်ထွက်သောအခါ ညိုထွေးလည်းပါလာသည်။ မြက်ရိုင်းနီများသည်ကား တုံးကုန်ချေပြီ။ အနီရောင်ပျောက်ကာ ညိုမည်းမည်းနှင့် ခွေယိုင်လဲနေသည်။ သည်လို ဆိုပြန်တော့လည်း နီနီလွင်ကာ လှခဲ့ဖူးသည်ဟု ယုံစရာပင် မရှိချေ။ 'အလှအပဆိုတာ သင်္ခါရပါပဲကွယ်' ဟု မိသည် သံဝေဂစကား ဆိုနေလေသည်။ မြက်ရိုင်းနီများကို တွေ့တိုင်း အပြေးခူးလေ့ရှိသော ညိုထွေးသည် ညိုဖျော့ဖျော့ ဖြူလျော်လျော် မြက်ပင်များကို ငေးကြည့်ရင်းမှ ပြောနေဟန် ရှိလေသည်။

ခရေလမ်းတွင် ခရေပင်များနှင့် ရောယှက်ပေါက်နေသော 'အာရ်အိုင်တီ ချယ်ရီ' များသည်ကား ပင်လုံးကျွတ်ပွင့်နေသည်။ ထိုပန်းကို မည်ကဲ့သို့ခေါ်ရမည်ဟု ခင်ချိုတို့တစ်ယောက်မှ ကောင်းကောင်းမသိကြချေ။ ပင်လတ်အမျိုးအစားဖြစ်ပြီး ပန်းခိုင်ပန်းပွင့်လေးများသည် ပန်းရောင်နှင့် အဖြူရောကာ ပဲပန်းနှင့် ဆင်ဆင်တူလေ သည်။ ချယ်ရီပန်းသဖွယ် ပင်လုံးကျွတ် ညွတ်နေအောင် ပွင့်တတ်သောကြောင့် ခင်ချိုတို့အားလုံး သဘောတူပင် 'အာရ်အိုင်တီ ချယ်ရီ' ဟု လွယ်လွယ်ကူကူ ခေါ်လိုက်ကြလေသည်။ အနံ့မမွှေးသည့်အတွက် မက်မက်မောမော ပန်လေ့ မရှိကြပေ။ အခိုင်လိုက်ခူးပြီး ပန်းအိုးထိုးလျှင်မူ အလွန်လှပလေသည်။ ခင်ချိုတို့အတွက် ပန်းအိုးထိုးရန် ပန်းမရှားလှပေ။ အာရ်အိုင်တီချယ်ရီတုံးလျှင် ငုစပ်ချယ်ရီ ပွင့်သည်။ ထို့နောက် တစ်ဆက်တည်း ခရမ်းရောင်

ပျဉ်းမနှင့် ငုဝါတို့ပွင့်ကြလေသည်။ မိုးတစ်ပြိုက် နှစ်ပြိုက် ကျလျှင် ကျောင်းအဝင်လမ်းရှိ စိန်ပန်းနီတို့က ရဲရဲနီအောင် အလုပြကြပြီ ဖြစ်သည်။ ဘာပန်းမှ မပွင့်သော ရာသီဖြစ်စေကာမူ ကျောင်းအရှေ့ဘက်ရေကန်တွင် ဝိုင်းစိုက်ထားသော ပုဏ္ဏရိပ်ပန်းနီနီတို့ကမူ ဒိုင်ခံပြီး ပွင့်ကြရှာလေသည်။

လမ်းဟိုဘက် ဒီဘက် ယှက်နွယ်နေသော ချယ်ရီပန်းတံတားအောက်က ခင်ချိုတို့အဖြတ်တွင် မိသည် ပန်းခူးချင်စိတ်ပေါက်လာဟန်နှင့် ချယ်ရီကိုင်းကို ခုန်ဆွဲလေသည်။

'ကြည့်စမ်း ခင်ချို မိကိုကြည့်စမ်း'

သိမ့်ခနဲ ညွတ်ကျလာသော ပန်းကိုင်းကြီးကို ဆွဲခိုထားရင်း မိက အော်နေသည်။ မိ၏မျက်နှာလေးသည် ပန်းခက်ပန်းခိုင်များ ကြားထဲတွင် ဝင်းဝင်းပပလေး ဖြစ်နေသည်။ ပန်းကလေးများကို ရှူက်နမ်းရင်း ကလေးငယ်လို ရယ်မောနေသော မိကို ညိုထွေးသည် ပြုံး၍ ကြည့်နေသည်။

'ပန်းခူးနေကြတာလား'

အသံကြားမှပင် အနားတွင် ကိုရင်မောင် ရောက်လာမှန်း သတိထားမိကြသည်။ မိသည် ပန်းခိုင်တစ်ခိုင်ကို ချိုးယူလိုက်ပြီး ပန်းကိုင်းကို လွှတ်လိုက်သည်။ မိ၏ဆံပင်ပေါ်တွင် ပန်းရောင်ပွင့်ဖတ်လေးများ ကြွေကျကျန်ရစ်ကြသည်။

'ဒီပန်းက တစ်မျိုးပဲ၊ သိပ်ကြိုက်လှချည်ရဲ့လဲ မဟုတ်ဘူး၊ မြင်ပြန်တော့လဲ မခူးဘဲ မနေနိုင်ဘူး၊ တစ်ခက်ဖြစ်ဖြစ်၊ တစ်ခိုင်ဖြစ်ဖြစ် ခူးမိတာချည်းပဲ'

'ပန်းလေးတွေက လှတယ်'

'မွှေးတော့ မမွှေးဘူး'

'ညိုထွေးရော မခူးဘူးလား'

ကိုရင်မောင်သည် ငြိမ်ငြိမ်လေးရပ်နေသော ညိုထွေးဘက်သို့လှည့်မေးသည်။ ညိုထွေးသည် ပါးချိုင့်လေးပေါ်ရုံပြုံးပြီး ခေါင်းယမ်းပြသည်။

'ဘာဖြစ်လို့လဲ မမွှေးလို့လား'

'မဟုတ်ပါဘူး၊ ပန်းတိုင်း ဘယ်မွှေးပါ့မလဲ၊ ပန်းတိုင်းလဲ ဘယ်လှနိုင်ပါ့မလဲ'

'တချို့ပန်းလေးတွေကျတော့ မွှေးလဲမွှေးပါတယ်၊ လှလဲ လှပါတယ်ဗျာ'

ကိုရင်မောင်၏စကားကို ကြားရသောအခါ မိသည် မသိမသာလေး ပြုံးလိုက်ပြီးမှ ဣန္ဒြေ ဆည်လိုက်လေသည်။ ကိုရင်မောင်ကို ကြည့်ရသည်မှာ ညိုထွေးတစ်စောင်းတိုက်ဟောရသော ပန်းအဘိဓမ္မာလေးကို သတိတရရှိနေပုံရသည်။ မထိတထိ ပစ်ခတ်ထားသော ခဲချက်သေးသေးလေးကြောင့် ဂယက်ထလာသည်ကို ညိုထွေးလည်း သိဟန်တူသည်။

'မိန်းကလေးဘဝဆိုတာ ပန်းလေးတွေလိုပဲ'

'ယောကျ်ားဘဝကရော'

'ပန်းခူးသူပေါ့'

ညိုထွေးသည် ချယ်ရီပန်းလေးတစ်ခက်ကို အမှတ်မဲ့ ပန်ဆင်လိုက်သည်။ ညိုထွေးခေါင်းပေါ်မှ ပန်းလေးကို ကိုရင်မောင်သည် ငေးကြည့်နေလေသည်။

ခင်ချိုတို့က စကားဖြတ်ပြီး အဆောင်ဘက်သို့လှည့်ပြန်လာသောအခါ ကိုရင်မောင်သည် တစ်ဦးတည်း ဆက်ပြီး လျှောက်သွားလေသည်။

'ဦးရန်ကနားက ဟောထားတယ်နော်၊ ဗုဒ္ဓဟူးသားနဲ့ဆက်ဆံရင် ဒုက္ခဖြစ်မယ်တဲ့၊ ရင်မောင်ဆိုတော့ ရ–ယ–လ–ဝ ဗုဒ္ဓဟူးသားနော်'

ခင်ချို အတော်ရယ်ချင်သွားသည်။ ညိုထွေးတစ်ယောက် ငြိမ်ကုတ်ကုတ်လေးဖြစ်နေခြင်းမှာ ဦးရန်ကနား၏ လက်ချက် ဖြစ်မှန်း ယခုမှပင် သိရတော့၏။ ညိုထွေးဟူသည့် သူငယ်မကို ခင်ချို ကယ်မှ ဖြစ်ချေတော့မည်။

'အဲဒီဗုဒ္ဓဟူးသား ဒုက္ခဖြစ်မယ်လို့ ဟောတာပါ'

'အဟုတ်လား'

'ဟုတ်ပါတယ်၊ ဥပါဒန်ကြောင့် ဥပါဒ်မရောက်စမ်းပါနဲ့၊ ညိုထွေး ဒုက္ခဖြစ်မှာ မဟုတ်ဘူး၊ ဗုဒ္ဓဟူးသား ဒုက္ခဖြစ်မယ်လို့ ဟောတာပါ'

ခင်ချို၏အားပေးစကားကို ကြားရသောအခါ ညိုထွေး၏မျက်နှာလေးသည် ရွှင်သွားသည်။ ခင်ချို့လက်ကို တင်းတင်းဆုပ်ရင်း အားတက်သရော မေးလေသည်။

'အဟုတ်နော်–ခင်ချို'

'ပြော် ဟုတ်လိုက်တာမှ ဟုတ် ဟုတ်နဲ့တောင် မြည်သေးတယ်'

'မသိပါဘူး ခင်ချိုရယ်၊ ဦးရန်ကနားဟောပြီး ညိုထွေး တော်တော် စိတ်ညစ်နေတာ၊ သူဟောတာတွေကလဲ သိပ်မှန်တယ် မဟုတ်လား၊ ညိုထွေးလေ ဘာဆက်လုပ်ရမယ်တောင် မသိဘူး၊ လမ်းကို ပျောက်သွားတာဘဲ၊ လောင်းထားပြီးမှ ရှုံးသွားမှာလဲ အရမ်းကြောက်တယ်၊ လက်စသတ်တော့ ညိုထွေး အဓိပ္ပာယ်ကောက် လွဲတာကိုး'

ဝေဝေသာပါလျှင် က္ကန္ဒြေမဆောင်နိုင်ဘဲ ထရယ်မည် ဖြစ်သည်။ ဦးရန်ကနားကောင်းမှု ညိုထွေး အတော် ပင် ဒုက္ခများသွားဟန် ရှိသည်။ ကိုရင်မောင်သည် ဗုဒ္ဓဟူးနံကြီးကို ရှေ့လျှောက်ဒုက္ခပေးရန် အတော်ကလေး လန့်နေခဲ့ဟန် တူသည်။

'အခုရော ဘာလုပ်ရမယ်မသိ'

'အခုတော့ ဆက်လုပ်၊ ကဲရီအွန် ညိုထွေးပေါ့'

ခင်ချိုက ရယ်မောရင်း ပြောလိုက်သည်။ ဝေဝေတို့ထိုးသော ခေါင်းဆွဲကြော် လာဘ်သပ်ပကာကို လက်ခံ သော်လည်း ညိုထွေးကိုလည်း ပြန်လည် စိတ်ဓာတ်မြှင့်တင်ပေးသဖြင့် ခင်ချိုသည် သမာသမတ် ကျသော တရားသူကြီး ဖြစ်လိမ့်မည် ထင်ပါသည်။ တရားသူကြီး ဟူသည် ချိန်ခွင်ကို ကိုင်ပြီး မျက်စိကို အုပ်ထားရသည်ဟု အဆိုရှိသည်။ ပါးစပ်ပိတ်ရမည်ဟု ဥပဒေက မဆိုပါချေ။ ထို့ကြောင့် ခေါက်ဆွဲကြော်လည်း စားနိုင်သည်။ မဟုတ်တာလည်း ပြောနိုင်သည်ဟု မိမိကိုယ်မိမိ အာပတ်လွှတ်လိုက်သည်။

'ရန်ကနားရေ မကယ်တော့ဘူးလား'

ညိုထွေးက ကိုရင်မောင့်ဆီမှ မေတ္တာ သဝဏ်လွှာ မကြာမီရောက်စေရမည်ဟု ပြောသောအခါ မော်မော်သည် ထအော်တော့သည်။

'အို–ရန်ကနားကကို ဟောလိုက်တာလေ၊ ညိုထွေးနဲ့ ဆက်ဆံလို့ ဗုဒ္ဓဟူးသား ဒုက္ခဖြစ်မယ်တဲ့၊ အဟင်း ဟင်း ညိုထွေးနိုင်မှာ ကျိန်းကို သေလို့'

'ရန်ကနားရေ မြန်မာစကားကို မြန်မာ နားမလည်အောင် ပြောဦးဟဲ့'

မော်မော်သည် ဒုတိယအကြိမ် စိတ်ပျက်လက်ပျက် အော်ပြန်သည်။ ဝေဝေသည် ဦးနှောက်ခြောက်ဟန်နှင့် ခေါင်းကိုတွင်တွင်ကုတ်နေသည်။ မည်သူ့ပယောဂကြောင့် ညိုထွေးနေ့ချင်းညချင်းအားတက်လာမှန်း စဉ်းစားနိုင်ပုံ မရချေ။

'ရန်ကနားလေး အများကြီး ချောက်တွန်းတယ်၊ ဒီသူငယ်မနော် အားကြီး ခေါင်းမာတယ်၊ ရည်းစားစာ ရအောင် ယူမယ် ပြောတယ်နော်– ရန်ကနား ဘာလုပ်ရမလဲ အမား'

အခန်းထဲမှ ညိုထွေး လှည့်ထွက်သွားသောအခါ ဝေဝေသည် ကြံရာမရဟန် ရှုံ့ရှုံ့မဲ့မဲ့ ညည်းရှာလေသည်။

* * *

(၁၃)

'စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့ '

ထိုသီချင်း ရေဒီယိုမှ မကြာခဏလာလျှင် နှင်းမှုံမှိုင်းမှိုင်းနှင့် အားကစား ရာသီသို့ရောက်ပြီ ဖြစ်သည်။ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း၊ တစ်လေတည်း ထွက်လေ့ရှိသော မဝါ၊ မော်မော်၊ ဝေဝေနှင့် မိတို့ စိတ်ချင်းကွဲလွဲကြသည်မှာကား ထိုအချိန်ပင် ဖြစ်သည်။ အားကစားရာသီတွင် ဌာနအလိုက် ပြိုင်ပွဲများ ပြုလုပ်သည်။ သူငယ်ချင်းအချင်းချင်း ဘယ်လောက်ပင် ခင်ခင်၊ ဌာနအလိုက် ပြိုင်သောအခါ ဌာနခွဲကလေးများ ဖြစ်လာကြသည်။ ခင်ချိုတို့ စက်မှုတက္ကသိုလ်တွင်လည်း စက်မှု၊ ဓာတု၊ လျှပ်စစ်၊ ချည်မျှင်နှင့် အထည်၊ မြို့ပြ၊ သတ္တုတူးဖော်ရေး၊ ဗိသုကာ စသည်ဖြင့် ဌာနအချင်းချင်း ပြိုင်ကြရသောအခါ ခင်လှသော သူငယ်ချင်းများသည်လည်း သူငယ်ချင်းဟူ၍ မညှာနိုင်၊ ဌာနအတွက် သေသေကျေကျေ အစွမ်းပြကြလေတော့သည်။

ပုရ ဝသော မမလှပင်လျှင် ဘောင်းဘီတိုလေးဝတ်ကာ ဘော်လီဘော ဝင်ပုတ်လေသည်။ လေတိုက်လျှင်လဲတော့မယောင် ပိန်ပြီး ရှည်လှသော မအေးသွယ်သည်လည်း သံပြားဝိုင်း ဝင်ပစ်လေသည်။ လက်မောင်းရင်းကိုက်နေသော ယုဆွေပင် မနေနိုင်၊ ပရုပ်ဆီလိမ်းပြီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဝင်ခဲ့သေးသည်။

ထွေးထွေးတစ်ယောက်သည်လည်း ဌာနအလိုက် လွန်ဆွဲရန် လူစုနေသည်။ ခင်ချိုသည်ကား အားကစားရာသီတွင် 'ပုံးဆွဲ' ဟူသော အမည်အသစ်တစ်ခုကို ရခဲ့လေသည်။ သူ့ခမျာ ဘဝပေးပါရမီကြောင့် အားကစားဘက်တွင် အတော်ပင် အကျိုးပေးညံ့ရှာလေသည်။ ကြက်တောင်ရိုက်ရန် ကြိုးစားသည်၊ ဘက်တံနှင့် ကြက်တောင်သည် ရန်ဖြစ်ထားကြဟန် တူသည်။ တစ်ခုနှင့်တစ်ခု ထိရန် ကြိုးစား၍ မရဘဲ တစ်လွဲစီ ဖြစ်နေ၍ လက်လျှော့လိုက် ရသည်။ ထို့နောက် ဘော်လီဘော ပုတ်ရန် အားထုတ်ပြန်သည်။ လေထဲတွင် ပျံဝဲနေသော ဘောလုံးသူ့ဆီသို့ တန်းလာလေလျှင် ကြောက်ကြောက်လန့်လန့်နှင့် ခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်ပြီး ကွင်းထဲတွင် လျှောက်ပြေး နေသည်။ ထို့ကြောင့် ဘော်လီဘော အသင်းကလည်း လက်ခံလိုဟန် မရှိချေ။ ပိန်ချိုသော ခန္ဓာကိုယ်လေးကြောင့် လွန်ဆွဲရန်လည်း မည်သူကမျှ စာရင်းထည့်မသွင်းချေ။ ထို့ကြောင့် ပြိုင်ပွဲဝင်သူတို့အမောပြေသောက်ရန် သံပုရာ ရည်ဖျော်ပြီး ပုံးကြီးတကားကားနှင့် သယ်ယူသွားလေ့ရှိသော ခင်ချိုကို 'ပုံးဆွဲ' ဟူ၍ ကင်ပွန်းတပ်ထားကြသည်။ ပုံးဆွဲကလည်း ခေတော့ မခေလှပါချေ။

ဘော်လီဘောအသင်း ရွှေတံဆိပ်ရသောအခါ ဆယ့်နှစ်ခု ရလေသည်။ အရံလူ နေနေသာသာ၊ မိန်းကလေးရှားလွန်း၍ ခြောက်ယောက်ပြည့်အောင်ပင် မနည်းလူစုကစားရသော စက်မှုဘော်လီဘောအသင်းပေမို့ ပုံးဆွဲသော ခင်ချိုလည်း ရွှေတံဆိပ်တစ်ခုရလေသည်။

'လွန်ဆွဲတာ နိုင်ရင် ဌာနအမှတ်သိပ်ကောင်းမှာနော်'

'ဆွဲကွာ နိုင်အောင်ဆွဲ၊ မိုရီးယာမင်းသောက်၊ နွားနို့သောက်'

ခင်ချိုက အတွင်သာ အားပေးလေသည်။ ကိုယ်တိုင် ဝင်ဆွဲရန် မတတ်နိုင်လေတော့ အားပေးရာတွင် ခင်ချို ကို မည်သူမျှ မီမည် မထင်ပေ၊ သံပုရာရည် တစ်ပုံးနှင့် ပွဲတိုင်းကျော် ဖြစ်လေသည်။

'ဟာ ကိုရင်မောင် လွန်ဆွဲမယ် ထင်တယ်'

ဘောင်ဘီတိုလေးနှင့် လျှောက်လာသော ကိုရင်မောင်ကို တွေ့သဖြင့် မဝါသည် ခပ်တိုးတိုး ပြောသည်။ ယောကျ်ားလေး လွန်ပွဲများ အရင်စမည်မို့ ခင်ချိုတို့ မိန်းကလေးများသည် ပွဲကြည့် ပရိသတ်ဖြစ်သည်။ ခင်မင်ရာ ခင်မင်ကြောင်း ဌာနခွဲကလေးများနှင့် ကိုယ်နှစ်သက်ရာ ဘက်သို့ အားပေးကြသည်။

'ကိုရင်မောင် လွန်ဆွဲမလို့လား'

'အေးဗျာ တော်မီရယ် ဖျားနေလို့ လူမပြည့်ဘူးဆိုပြီး ဖက်တီးဝင်းအောင်ရယ် အတင်းဆွဲခေါ်လာတယ်'

'ဆွဲ ဆွဲ နိုင်အောင်ဆွဲ'

'အားပေးကြပါဗျာ၊ အားလိုပါတယ်'

ညိုထွေးကို ဝေ့ခနဲ ကြည့်ရင်း ကိုရင်မောင်သည် ခပ်ပြုံးပြုံး ပြောလေသည်။ ညိုထွေးသည် နှစ်နှစ်ခြိုက် ခြိုက် ရယ်လိုက်သည်။ ညိုထွေးရယ်လျှင် ခွက်ဝင်သွားလေ့ရှိသော ပါးချိုင့်လေးများသည် စွဲမက်စဖွယ်ကောင်း လှသည်။

'ဖက်တီးကိုဝင်းအောင် ပါနေမှတော့ ကိုရင်မောင်တို့ မရှုံးနိုင်ပါဘူး'

မည်သည့်နေရာတွင်မှ မျက်နှာကောင်းရလေ့မရှိသောဖက်တီးများသည်လွန်ပွဲတွင်မူ အထူး မျက်နှာပွင့်လန်း ကြလေသည်။ ချောင်ကြိုချောင်ကြားမှ ဖက်တီးအပေါင်း သူတော်ကောင်းတို့ကို ဌာနဆိုင်ရာ အားကစားမှူးများက တောင်းတောင်းပန်ပန် ပင့်ခေါ်ကြရလေသည်။

'ဖက်တီးက ဝသာဝတာ အားမရှိဘူး'

'နောက်ဆုံးက ကြိုးချည်ခိုင်းပေါ့'

ဖက်တီးကိုဝင်းအောင်သည်ကား ခင်ချိုတို့သိသမျှ တက္ကသိုလ်ရှိ လူဝများထဲတွင် အဝဆုံးဖြစ်သည်။ သူ့ လက်နှစ်ဖက်ကို ဘေးသို့ ရှိုးရိုးချထားလျှင် သူများလို တန်းတန်းမတ်မတ် ကျမနေချေ။ ဝထစ်နေသော အသားများ ကြောင့် ကားကားကြီး ဖြစ်နေသည်။ အသားဖြူဖြူ နှာတံပေါ်ပေါ်၊ မျက်ခုံးထင်းထင်းနှင့် မျက်နှာကိုချည်း ကြည့်လျှင် လူချောတစ်ဦးဟု ပြောနိုင်သည်။ မတန်တဆ ဝသော ကိုယ်ခန္ဓာကြောင့် သူ့ခမျာ ခုထိတော့ မစွံနိုင်ရှာ သေးချေ။

'ဖက်တီးကွ – ဖက်တီး၊ ကြိုးစားပေး'

ကိုရင်မောင်တို့အဖွဲ့တွင် ဖက်တီးကိုဝင်းအောင်သည် အဓိကရ ဖြစ်နေသည်။ နောက်ဆုံးမှ နေပြီး လွန်ကြိုးလွတ်မထွက်စေရန် ခါးကို ကြိုးနှင့် ပတ်ပြီး ချည်ထားသည်။ ကြိုးတင်းလွန်းလျှင် အသားထဲမြုပ်ပြီး ပွန်းမည်စိုးသောကြောင့် ထင်သည်။ ခါးနှင့် ကြိုးအကြားတွင် ကင်းဗတ်စ် ဘိနပ်အဖြူများ ခံထားသည်။ ခါး ပတ်လည်တွင် ဖိနပ်များ စီရရီနှင့် ဝသည်ထက် ဝနေသော ကိုဝင်းအောင်ကို ကြည့်ကာ လူတိုင်း ပွဲကျနေကြသည်။ ကိုဝင်းအောင်သည် ပရိသတ်က ထပ်တလဲလဲ တောင်းဆိုခြင်း ခံရသော ဇာတ်မင်းသဖွယ် အားရပါးရ ပြုံးပြီး ခါးကလေးကုန်းကာ ဦးညွှတ်ပြသောအခါတွင်ကား တဝါးဝါး ဖြစ်ကုန်ကြတော့သည်။

ဖက်တီးအရှေ့နစ်ယောက်ကျော်တွင် ကိုရင်မောင်ကို တွေ့ရသည်။ လူမပြည့်သဖြင့် ဆွဲသွင်းထားသူမို့ သူတို့အဖွဲ့ထဲတွင် အပိန်ဆုံး ဖြစ်နေသည်။

'ဟေ့ကောင် – ရင်မောင်၊ မင်းနံရိုးတွေက ပတ္တလားတီးလို့ရတယ်ဟေ့'

လူအုပ်ထဲမှ ဗစ်တာ၏အသံကို ကြားရသည်။ လူဝများအကြားထဲတွင် ပိန်နေသော ကိုရင်မောင်သည်လည်း လူရယ်စရာ ဖြစ်နေသည်။

'လွန်ပွဲသာ နိုင်အောင်ဆွဲ၊ အချစ်ပွဲမှာလဲ နိုင်စေရပါ့မယ် မောင်မောင်ရယ်တဲ့၊ သူက ပြောတယ်၊ သူက ပြောတယ်'

ပရိတ်သတ်ထဲမှ အသံကြောင်ကြောင်နှင့် တစ်ဦးက ထအော်ပြန်သည်။ လွန်ပွဲမစမချင်း အော်ဟစ်သံ နောက်ပြောင်သံများနှင့် ဆူညံနေသည်။ 'ကိုရင်မောင်က ဗလမဆိုးဘူးဆရာ။ အရပ်မြင့်၊ အသားညိုတဲ့ လူခန့်ချောဆိုတာ သူ့လိုလူမျိုး ထင်ပါရဲ့' ဟု ထွေးထွေးက တိုးတိုးလေး မှတ်ချက်ချသောအခါ ညိုထွေးသည် ပြုံးနေလေသည်။

'ဝမ်း–တူး–ဆွဲ–ဝမ်း–တူး–ဆွဲ'

သေနတ်ပစ်ဖောက်လိုက်သည်နှင့် လွန်ကြိုးသည် တုံ့ခနဲ တင်းသွားပြီး အပြိုင်အဆိုင် ဆွဲကြလေတော့သည်။ တောက်လျှောက်ကြီး အားကုန်အောင် မဆွဲဘဲ ချိန်သားကိုက်ကာ ဆောင့်၍ ဆောင့်၍ ဆွဲသော ကိုရင်မောင်တို့အဖွဲ့သည် လက်ရည်သာလေသည်။

'ဟား–ဟား–ကြည့်–ခင်ချိုကြည့်–ရယ်စရာကြီး'

အံကြိတ်ကာ ရှုံ့မဲ့မဲ့ဖြစ်နေသူများကို ကြည့်ကာ ထွေးထွေးသည် အားမနာ ပါးမနာ ရယ်နေသည်။ မည်သူမည်မျှ ချောသည်ဆိုဆို၊ လှသည်ပြောပြော လွန်တစ်ခါဆွဲခိုင်းလျှင် လှသမျှ ပျက်လေတော့သည်။ အားသွန်ခွန်စိုက်ဆွဲရလေသည်မို့မိမိကိုယ်ကိုလည်း မေ့၊ ပတ်ဝန်းကျင်ကိုလည်း မေ့တတ်ကြလေသည်။ အလှအပကို အသာဘေးပစ်ချထားပြီး မဲ့လိုက်၊ ရွဲ့လိုက်၊ အံကြိတ်လိုက်နှင့် အနိုင်အထက် ကြိုးစားကြတော့သည်။ မျက်နှာက ရှုံ့လေသည်နှင့် အမျှ မျက်လုံးနှစ်ဖက်က ပြူးထွက်လာသောအခါကား လူပျက်ရုပ်ပေါက်ကုန်ကြလေတော့သည်။

'ဒါမှ ဒို့ဖက်တီးကွ– နိုင်ငံကျော် ဖတ်တီး၊ ကမ္ဘာကျော်မယ့် ဖက်တီး'

ဖက်တီးဝင်းအောင်၏မျက်နှာသည် ခရမ်းချဉ်သီးမှည့်လို တွတ်တွတ်ရဲနေသည်။ မြေပြင်ကို ခြေကန်ကာတုံ့ခနဲ တစ်ချက် ဆွဲတိုင်း တစ်ဖက်မှ လူများ ငိုက်ခနဲ ဖြစ်သွားတတ်လေသည်။ လွန်ကြိုးသည် ဖက်တီးတို့ဖက် တဖြည်းဖြည်း ပါလာသည်။ တစ်ဖက်အသင်းမှ ကျောင်းသားများ မှောက်လဲသူလဲ၊ ဒရွတ်ဆွဲသူဆွဲ ဖြစ်ကုန်ကြသော အခါ ဗစ်တာသည် လက်ခုပ်လက်ဝါးတီးပြီး မျက်မှန်ကြီး တဝင်းဝင်းနှင့် ထကလေတော့သည်။

'ငါတို့က လူနဲ့ဆွဲရမလား အောက်မေ့ပါတယ်၊ မင်းတို့က နွားတွေ ဝက်တွေ ထွက်လာတာကိုး'

ကြိုးကြီးကို မလွှတ်ဘဲ မှောက်လျက်သား ဒရွတ်ဆွဲပါလာသော ကိုသန်းမောင်ဌေးသည် မြေပြင်ပေါ်တွင် ငုတ်တုတ်ကြီး ထိုင်ကာအော်နေသည်။ ဖက်တီးဝင်းအောင်သည် သူ့ရှေ့တွင်ဆောင့်ကြောင့်လေးထိုင်ကာလက်အုပ်ချီလိုက်လေသည်။

'ဌာနအတွက်မို့ပါ ယောက်ဖရယ်၊ လွန်ပွဲရှုံးပေမယ့် နမတော့ ပေးပါနော်'

နှမချောလေးများ ရှိသော ကိုသန်းမောင်ဌေး၊ နေရာမှ အထတွင် ဖက်တီးသည် ရုတ်ခနဲ ထကာ ပြေးလေသည်။ သို့သော် သူ့ခမျာ လွန်အဆွဲကောင်းသော်လည်း အပြေးမသန် ရှာလေသည့်အတွက် စွန်သုတ်ခံရသော ဝက်ဝံဖြူကြီး သဖွယ် ကိုသန်းမောင်ဌေးလက်တွင် မိပြီး ဇက်ပိုးအုပ် ခံရလေသည်။

'အားပေးတဲ့ လူတွေ ကောင်းလို့နိုင်တာပါဗျာ'

ကိုရင်မောင်က ခင်ချိုတို့ဆီမှ သံပုရာရည် တောင်းသောက်ရင်း ပြောသည်။ ခင်ချိုတို့လူစု ကလည်း သူ့ဘေးမှ အသံကုန်အော်ပြီး အားပေးခဲ့ကြလေသည့်အတွက် အတော်ကျေနပ်နေဟန် ရှိသည်။ အောင်ပွဲရ လွန်အဖွဲ့တွင် ဆုရသော သွားတိုက်ဆေးဘူးလေးများကို ရှေ့တွင်ထောင်ပြီး ဆောင့်ကြောင့်လေးများထိုင်ကာ ဓာတ်ပုံရိုက်ကြသော အခါ ညိုထွေးတို့အနားရောက်နေသော ကိုရင်မောင်ကို အော်ဟစ်ခေါ်ယူကြရလေသည်။

'ဟေ့ကောင်ကြီး ရင်မောင်၊ မမယ်မကို ရှာနေသလား၊ ဓာတ်ပုံရိုက်ရအောင် ကြွပါဦး'

ဖက်တီးကိုဝင်းအောင်သည် အသံပြဲကြီးနှင့် ကုန်းအော်သောအခါ ကိုရင်မောင်၏မျက်နှာသည် ရဲခနဲဖြစ်သွားပြီး ညိုထွေးကို ဖျက်ခနဲ ခိုးကြည့်လိုက်သည်ကို ခင်ချိုမြင်လိုက်သည်။ ညိုထွေးကမူ ဘာကိုမျှ အမှုမထားမိသလို ကြည်ကြည်လင်လင်ကလေးပင် ရယ်နေသည်။ 'ကိုရင်မောင် ဓာတ်ပုံထဲမှာ အသံပါသွားအောင် ရယ်နော်' ဟုပင် လှမ်း၍နောက်လိုက်သေးသည်။

'မမယ်မဆိုတာ ဘာကို ပြောတာလဲ'

မဝါသည် မြန်မာဝတ္ထုများ ဖတ်လေ့ဖတ်ထမရှိသဖြင့် 'မောင်ရင်မောင်၊ မမယ်မ' အကြောင်း သိဟန်မတူချေ။ 'မောင်ရင်မောင်၊ မမယ်မ'သည် ဂျိမ်းလှကျော်ရေးသော ဝတ္ထုခေတ်ဦးက ဝတ္ထု ဖြစ်ကြောင်း။ မိန်းကလေးများနားတွင် ရောက်နေသော ကိုရင်မောင်ကို 'မမယ်မကို ရှာနေသလား' ဟုဝတ္ထုထဲမှ နာမည်သုံးကာ နောက်ပြောင်ခြင်း ဖြစ်ကြောင်းကို ခင်ချိုက ရှင်းပြနေရလေသည်။

'ဒီလိုဆိုရင် ညိုထွေးကို မမယ်မလို့ပြောတာထင်တယ်နော်'

'အို ဘာဖြစ်လို့'

ဘုမသိ ဘမသိ ထင်ကြေးနှင့် မှတ်ချက်ချသော ထွေးထွေးကို ညိုထွေးကခေါင်းကလေးခါပြသည်။ ဝေဝေနှင့် မော်မော်ကမူ 'ဒို့ကိုပြောတာ ထင်တယ်' ဟု သံပြိုင် ဝင်ပြောသည်။

'ဟုတ်ပါဘူး–ထွေးထွေး ဒီလောက်တော့ လျင်ပါတယ်၊ ကိုရင်မောင်က ညိုထွေးဆိုရင် ကွက်ကြည့်ကွက်ကြည့်နဲ့ ဟင်း–သိတာပေါ့၊ ကဲ–မမယ်မ နက်ဖြန် ဘော်လီဘော ပွဲကျရင် ကိုရင်မောင်ကြီး လာအားပေးပါလိမ့်မယ်'

ထွေးထွေးက အပိုင်ပြောသောအခါ ညိုထွေးသည် ဘာမှမငြင်းသာတော့ဘဲ ပြုံးနေလေသည်။ ညိုထွေးသည် ထိုနေ့မှစ၍ 'မမယ်မ' ဟူသော နာမည်ပြောင်လေးကို ရရှိသွားရှာလေသည်။

ထွေးထွေး အတပ်ဟောသကဲ့သို့ပင် ညိုထွေးတို့ဘော်လီဘောပွဲသို့ကိုရင်မောင် ရောက်လာခဲ့သည်။ ညိုထွေးနှင့် ခင်ချိုသည် ပိန်မသာ လိမ်မသာ ဖြစ်သည်။ အားကစားဖက်တွင် နှစ်ဦးလုံး ပါရမီ နည်းရှာကြသည်။ သို့သော် ညိုထွေးသည် ခင်ချိုထက်တော့ သတ္တိကောင်းတယ် ဆိုရပေမည်။ သူတို့ဌာနက ကစားရန်လူမပြည့်၍ ဝင်ရပ်ရုံကလေး ရပ်ပေးပါ။ လူပြည့်လျှင် တော်ပါပြီဟု အတင်းခေါ်သောအခါ ညိုထွေးကွင်းထဲသို့ဆင်းရလေသည်။ မဝံ့မရဲနှင့် ဘော်လီဘောကွင်းထဲတွင် ကြောင်းစီစီလေးရပ်နေသော ညိုထွေးသည် ရယ်စရာကောင်းနေသည်။ ထွေးထွေးကမူ ညိုထွေးကို ကြည့်ရင်း တခွီးခွီးနှင့် ကျိတ်၍ ရယ်နေလေသည်။ ခင်ချိုတို့ကဲ့သို့

ပင် ဘောလုံးကို ကြည့်ရင်း တခွီးခွီးနှင့် ကျိတ်၍ ရယ်နေသည်။ ခင်ချိုကဲ့သို ့ပင် ဘောလုံးကို ကြောက်ပြီး လက်နှစ်ဖက်နှင့် ခေါင်းကို အုပ်ကာ ကွင်းထဲတွင် လျှောက်ပြေးလေ့ရှိသော ညိုထွေး၏ အရည်အချင်းကို အတွင်းသိ အစင်းသိမို ့ဟန်ဟန်ပန်ပန် ကွင်းထဲဝင်ရပ်နေသောအခါ ရယ်ချင်စိတ်ကို ထိန်းနိုင်ဟန် မတူချေ။ တစ်ဖက် အသင်းတွင် ဝေဝေ၊ မော်မော်နှင့် မမခင်တို ့ပါသည်။ ညိုထွေးဘက်တွင် မဝါနှင့် မိပါလေသည်။ နှစ်သင်းစလုံး ခင်မင်သူချည်းမို့ ခင်ချိုတို့ လည်း နှစ်ဖက်လုံးကို အားပေးကြရမည် ဖြစ်သည်။

'ညိုထွေးက ကစားမလို့ လား'

'ဟုတ်ကဲ့'

ခင်ချိုတို ့ဘေးတွင် ဝင်ရပ်သော ကိုရင်မောင်သည် ညိုထွေးကို လှမ်းမေးသည်။ ညိုထွေးသည် ပြုံးရောင်သမ်းယောင်ယောင်နှင့် ခေါင်းညိတ်ပြီး ဣန္ဒြေဆယ်နေသည်။ ပြုံးစပ်စပ်လုပ်နေသော ထွေးထွေးကို မျက်စောင်းတစ်ချက်ထိုးကာ ခပ်တည်တည်လုပ်နေသော ညိုထွေးသည် ပိုပြီး ရယ်စရာ ကောင်းနေသည်။

'ခါတိုင်း ညိုထွေး ကစားတာ မတွေ့ ဘူး'

'ဘယ်ကစားမလဲ သူက စက်မှုကလူတွေနဲ ့လက်ရည်တူတယ်ထင်တာ မဟုတ်ဘူး၊ ချိုထားတာ၊ အခုမှ ပညာတွေပြမယ်လေ၊ စောင့်ကြည့်'

ထွေးထွေး၏စကားကို ယုံသလား၊ မယုံသလားတော့ မသိ၊ ကိုရင်မောင်သည် ညိုထွေးကို အထင်တကြီး လှမ်းကြည့်သောအခါတွင် ညိုထွေးသည် အနေခက်ဟန်နှင့် ကိုယ်ကလေး ကျုံ့ သွားရှာသည်။

'စောင့်ကြည့် စောင့်ကြည့်'

ထွေးထွေးပြောသလိုပင် စောင့်ကြည့်နေသော ကိုရင်မောင်သည် ညိုထွေး၏ချိုထားသော ပညာများကို မြင်ရသောအခါ အတော်ပင် ရယ်ချင်လာဟန် ရှိလေသည်။

သူတို့ တစ်ဖွဲ့ လုံးတွင် ညိုထွေးသည် အချာဆုံးမှန်းသိသဖြင့် တော်သော လူနှစ်ဦးဖြစ်သည့် မဝါနှင့် မိတို့ ကြားထဲတွင် ညှပ်ပြီး ထားသည်။ ဘော်လီဘောကွင်းထဲဝင်ပြီး ဘောလုံးကြောက်နေသော ညိုထွေးကို ဘေးနှစ်ဖက်မှ ဝိုင်းကူကြသည်။ ညိုထွေးဆီ ဘောလုံး အရောက်မခံ။ သူတို ့က ဝိုင်းပုတ်ပေးသည်။ တစ်ဖက်အသင်းမှ ဝေဝေတို့ ကလည်း ညိုထွေးဆီကိုမှ ချိန်ပြီး ပစ်တတ်ကြသည်။ ညိုထွေး ဆီလာသမျှ ဘောလုံးကိုလည်း မဝါနှင့် မိတို ့က အပြေးအလွှား ဝင်ဖမ်းကြသည်။ ညိုထွေးသည် သူတို ့ဝင်လာအောင် ဟိုတိမ်း၊ သည်တိမ်းနှင့် ဆုတ်လိုက်၊ ရှောင်လိုက်၊ လမ်းရှင်းပေးလေ့ရှိသည်။ ဘော်လီဘောကွင်းထဲတွင် ဘောလုံးကို ရှောင်ပြေးနေသော ညိုထွေး၏အဖြစ်ကို ကြည့်ကာ ပရိသတ် အားလုံး အူတက်နေကြသည်။

'ဟိုဘက်ကို ရောက်ရင် ငါးပြားပေးမယ်'

'ကြိုးစားကွယ် နမသယ်လေးရေ၊ အစ်ကိုက တစ်မတ်ပေးမယ်'

ညိုထွေး ဆာဗင်ပေးရမည့်အလှည့်တွင် ကျောင်းသားများက ဝိုင်းနောက်နေကြသည်။ ဌာနအတွက်မို ့ မရှက်မကြောက် လူပျက်လုပ်နေရသော ညိုထွေးသည် မျက်နှာကလေး နီနေသည်။ မျက်နှာကလေးပျက်ကာ အတော်အားငယ်နေဟန် ရှိသည်။ သူ ့အဖြစ်ကလည်း တကယ်ပင် ရယ်စရာမို ့အူတက်အောင် ရယ်နေသူများကို အပြစ်တင်လိုဟန် မရှိချေ။ သူ့ ဟာသူ လည်း ရယ်ချင်ငိုချင် ဖြစ်နေဟန် ရှိသည်။

'ရှူး တိုးတိုး မရဘူး ပြောနိုင်လား'

ထွေးထွေးက ဣန္ဒြေဆည်ကာ ပြောသောအခါ ငြိမ်သွားကြ၏။ သို့သော် ညိုထွေး တိုးထုတ်လိုက်သော ဘောလုံးသည် အရှိန်ပြင်းပြင်းနှင့် ရှေ့သို့သွားရမည့်အစား ဘုန်းခနဲ နောက်ဖက်လွင့်သွားသောအခါ တွင်ကား တစ်ချိန်လုံး ငြိမ်နေသော ကိုရင်မောင်ပင် ဗိုက်ကို နှိပ်ပြီး လိမ့်နေအောင် ရယ်တော့သည်။ ဘောလုံးကို ရှေ့သို့ ထိုးရမည်ကို ယောင်ကန်းကန်းနှင့် နောက်ပြန် ထိုးထုတ်လိုက်ခြင်း ဖြစ်ဟန် တူသည်။

'ဖမ်း ဖမ်း ညိုထွေး မိအောင် ဖမ်း'

ညိုထွေးဆီသို့ တန်းတန်းမတ်မတ် ချိန်လွှတ်လိုက်သော ဘောလုံးကို ဝင်ပုတ်ရန် မမီသဖြင့် မဝါက ပြေးလာရင်း အော်နေသည်။ ညိုထွေးသည် ဘောလုံးကို ပုတ်လိုက်ရမည့်အစား မိမိရရ ဖမ်းကိုင်ကာ ကြောင်စီစီ ရပ်နေသော ညိုထွေးကို ကြည့်ရင်း မဝါနှင့် မိတို့သည် စိတ်မဆိုးနိုင်ဘဲ ခြေပြစ်လက်ပြစ်ထိုင်ချကာ ရယ်ကြ လေတော့သည်။

ဗေဒင်မေးစရာ မလို။ ထိုပွဲတွင် ညိုထွေးတို့ဘက်က မရှုမလှ ရှုံးလေသည်။ ပွဲပြီးသောအခါ ခင်ချိုတို့ အားလုံး မိုက်နာနေကြပါသည်။

'ညိုထွေးကြောင့် ရှုံးတာ'

ညိုထွေးသည် မျက်နှာငယ်လေးနှင့် ပြောသည်။ သူ့ကြည့်ရသည်မှာ တကယ်ပင် စိတ်မကောင်းဖြစ်နေဟန် တူလေသည်။ ဌာနအတွက်မို့ လူပျက်လုပ်ခဲ့ရသော ညိုထွေးကို ကိုရင်မောင်သည် ကရုဏာမကင်း ကြည့်နေသည်။

'ရှုံးလဲ ဘာဖြစ်လဲ၊ ရယ်ရတာ အမြတ်ပေါ့'

မဝါက ပြောသောအခါ ညိုထွေးမျက်နှာလေးသည် ရှုံ့သွားရှာသည်။

'ညိုထွေးကို ကျွန်တော် တကယ်ချီးကျူးတယ်၊ ကျွန်တော်သာ ဆိုရင် ဒီလိုသတ္တိရှိမှာ မဟုတ်ဘူး၊ ကိုယ်မတတ်တာကို ပွင့်ပွင့်လင်းလင်း မတတ်ကြောင်း ပြရဲတာ နည်းတဲ့သတ္တိမှ မဟုတ်တာ'

ကိုရင်မောင်သည် ရယ်ရှိန်မသတ်နိုင်သေးသော်လည်း ချီးကျူးစကားပြောသည်။ ရှက်လည်း ရှက်၊ ရယ်ချင် ငိုချင်လည်း ဖြစ်နေသော ညိုထွေး၏မျက်နှာလေးသည် နဖူးပြင်ပေါ်မှ ချွေးများကို လက်နှင့် သပ်ချရင်း ဖြတ်ခနဲ မျက်လွှာချလိုက်လေသည်။

မျက်နှာလေးငယ်ငယ်နှင့် ပြုံးမဲ့မဲ့ဖြစ်နေသော ညိုထွေးကို ကိုရင်မောင်သည် အမှတ်မထင် ငေးကြည့် နေလေသည်။

* * *

(၁၄)

'ကိုရင်မောင်က တကယ်ခင်စရာကောင်းတယ်နော်၊ အရင်က သူ့ကို ဒီလောက်ခင်စရာကောင်းလိမ့် မယ် တောင် မထင်မိဘူး'

ထွေးထွေးသည် အုန်းသီးအခွံမာပေါ်ရှိ အုန်းဆံများကို ဒါးပါးနှင့် ခြစ်ပစ်နေရင်း စကားမစပ်ပြောသည်။ ညိုထွေးသည် သချာ်တစ်ပုဒ်ကို ကုန်းတွက်နေရာမှ မသိမသာလေး စောင်းကြည့်လေသည်။

'ဘာဖြစ်လို့'

'ခင်စရာကောင်းတယ်ဆိုတာ အသေးအဖွဲလေးတွေကို ပြောတာထင်တယ်၊ သူ့ကြည့်ရတာ ကူညီတတ် တယ်၊ ရိုးတယ်၊ အားနာတတ်တယ်၊ ဟိုနေ့က ကွင်းထဲမှာ ညိုထွေးလူပျက်လုပ်နေတုန်းက ကြည့်ပါလား၊ သူ့ ကြည့်ရ တာ ရယ်တာရယ်နေရတယ်၊ ညိုထွေးကို သနားနေသလိုပဲ'

'အောင်မာ မလိုပါဘူး၊ ဘာလို့သနားရမှာလဲ'

ညိုထွေးသည် ဖောင်တိန်အဖုံးကို ပိတ်လိုက်ပြီး ထလာ လေသည်။ မခံချင်သလို မျက်နှာလေး ညိုနေ သည်။ မာနကြီးသော မိန်းကလေးများသည် အသနားခံရမှာ အလွန်ကြောက်တတ်ကြသည်။ သူ့အဖြစ်ကလည်း တကယ့်ကို သနားစရာ ရယ်စရာ ဖြစ်ခဲ့၍ နာလိုခံခက် ဖြစ်သွားဟန် ရှိသည်။

'သနားတာ စိတ်ဆိုးစရာလား ညိုထွေးရဲ့'

'အို ဆိုးတယ်'

'အဟဲ ချစ်ခြင်းအစ သနားခြင်းကတဲ့၊ ကြားဖူးတာပဲ'

မဝါနှင့် မိသည် ထင်ရာမြင်ရာ စွတ်တောနေသော ထွေးထွေးကို ခပ်ငေးငေးကြည့်နေလေသည်။ အပျက် အပျက်နှင့် စခဲ့သော ကိုရင်မောင့် အသည်းခွဲရေး စီမံကိန်းကြီးသည် နာခေါင်းသွေးထွက်လေအောင် အကောင် အထည်ပေါ်လာမည့်အရေးကို တွေးမိပြီး ရင်လေးနေကြဟန် ရှိသည်။ ညိုထွေးကမူ ခပ်ထေ့ထေ့လေး ပြုံးနေသည်။

'နောက်ပြီး ကိုရင်မောင်က စာသိပ်တော်တာပဲ၊ စာမေးပွဲလဲ နီးလုပြီ၊ စင်သီယာတို့က ကိုရင်မောင်ကို မသိတာတွေ မေးရအုံးမယ် တဲ့'

'အဲဒါ ဘာဖြစ်လဲ'

'ကိုရင်မောင်ကတော့ ညိုထွေး စာတွေလိုက်နိုင်ရဲ့လားတဲ့ အဟဲ'

'တခြားအကြောင်းပြောစမ်းပါ ထွေးထွေးရယ်၊ ဘာလို့တရင်မောင်ထဲ ရင်မောင်နေရတာလဲ၊ ပေးစမ်းမဝါ၊ ဆက်ခွာ ပေးမယ်'

မဝါက စိတ်မရှည်သလို ခပ်ငေါက်ငေါက်လေး ဝင်ပြောသည်။ ခင်ချိုတစ်ခါက မိန်းမမာယာ အကြောင်း စာအုပ်ထဲတွင် ဖတ်ဖူးသည်။ ထမီဝတ်တာက အစ၊ ခြေထောက်ကားထိုင်တာရော၊ ပေါင်စေ့ထိုင်တာရော၊ ကလေး ချီတာအဆုံး လှုပ်ရှားမှုမှန်သမျှ ဘာမှမလွတ်ဘဲ မာယာထဲ ပါနေ၍ အတော်စိတ်ညစ်သွားသည်။ ခုတော့ ယုံရမလို ဖြစ်နေသည်။ ညိုထွေးသည် ကိုရင်မောင်ကို တစ်ခါမှ သိသာလောက်အောင် အခွင့်အရေးပေး ဖော်ရွေခြင်း မရှိသေးပေ။ သွားရင်းလာရင်း ခရီးသွားဟန်လွှဲနှင့်ပင် နှောင်ကြိုးနှင့် ငင်ခဲ့သည်။ မိန်းကလေးတို့သည် ယောကျ်ား သားများကို ရိုးရိုးတန်းတန်း သွားလာလှုပ်ရှားရင်း မသိမသာလေး ဆွဲဆောင်နိုင်စွမ်း ရှိကြဟန် တူလေသည်။ ထို့ ကြောင့်လည်း အတောင်နှစ်ဆယ်မင်းယောကျ်ားများ အလန့်ကြီး လန့်ပြီး မိန်းကလေးတို့လှုပ်ရှားလေသမျှ အမူအယာမှန်သမျှကို မာယာဟု သတ်မှတ်ခဲ့ကြဟန် တူလေသည်။ ညိုထွေးသည် မြားကို ချွန်ပြီး ထောင်ထားရာ၊ ကိုရင်မောင်က မြားဦးသို့ တဖြည်းဖြည်း တိုးလာနေသည်နှင့် တူနေသည်။

'ဦးရန်ကနားကတော့ ဟောထားတယ်၊ ညိုထွေးနဲ့ပေါင်းရင် ဗုဒ္ဓဟူးသား ဒုက္ခရောက်မယ်တဲ့'

'ဦးရန်ကနားတဲ့လား ဘယ်သူလဲ'

ကြို့ကုန်းရွာထဲက ဗေဒင်ဆရာကြီးလေ သိပ်မှန်တာဘဲ'

ဦးရန်ကနားအသံကို ကြားရသောအခါ ခင်ချိုသည် ရယ်ချင်လွန်း၍ မျက်နှာကို တစ်ဖက်သို့ လှည့်ထား လိုက်သည်။ ပြဿနာကတော့ သပွတ်အူလိုက်နေပေပြီ။ ဦးရန်ကနား ပေါ်လာသည့်အတွက် တရားသူကြီး ခေါက်ဆွဲစားရလေသည်။ မဟုတ်တာလည်း ပြောခဲ့ပေပြီ။ တရားသူကြီး ပယောဂကြောင့် ညိုထွေးအားတက်ပြီး အသည်းခွဲရေး အစီအစဉ်ကို ဆက်လက် လုပ်ဆောင်ခဲ့သည်။ ဘာလိုလိုနှင့် တရားသူကြီးသည် တရားခံဘဝသို့ ရောက်မှန်းမသိ ရောက်နေချေပြီ။ ခင်ချိုသည် ရယ်ချင်ရက်က စိတ်လည်း အရှုပ်ကြီး ရှုပ်မိသည်။

'ထွေးထွေးရော မေးမလား၊ သိပ်မှန်တာ'

'အဟုတ်မှန်လား'

'မေးမနေနဲ့၊ ဦးရန်ကနား မရှိတော့ဘူး'

'ဟင် ဘာဖြစ်လို့'

'ဟိုး ပုပ္ပားတောင်မှာ တရားအားထုတ်ဖို့ထွက်သွားပြီ၊ သိပ်လဲနေမကောင်းဘူးတဲ့၊ အဲဒီမှာပဲ ထွက်ရပ် ပေါက်ရင် ပေါက်သွားမှာ...'

ရန်ကနားဇာတ်သိမ်းမှ ဖြစ်တော့မည်မို့ခင်ချိုသည် အတည်ပေါက်နှင့် ဝင်၍ ပြောမိသည်။

'ဟယ် နာလိုက်တာ၊ ထွေးထွေးတောင် မမေးလိုက်ရဘူး၊ စာမေးပွဲမှာ အမှတ်ကောင်းပါ့မလား၊ အဆင့် ဘယ်လောက်နဲ့အောင်မလဲ၊ မေးချင်လိုက်တာ'

'နတ်တင် နင်တတ်ရင် အောင်မှာပေါ့ မိထွေးရယ်'

မဝါသည် စိတ်မရှည်နိုင်သလို ဝင်ပြောသည်။ ဝေဝေ၏ရန်ကနားအကြောင်းကို သိထားသဖြင့် ကြာလျှင် မရယ်နိုင်ဘဲ ထရယ်မိမည် စိုးသောကြောင့် ဖြစ်ဟန်တူသည်။ ထွေးထွေးသည် ဘာမှ ဆက်မပြောတော့ဘဲ ကုတင်ပေါ်တွင် မတ်တပ်ရပ်လိုက်သည်။ အုန်းသီးထဲမှ အရည်များကိုလည်း ဖောက်ထုတ်ပြီး ဖြစ်သဖြင့်

အုန်းအခွံမာကို ခွဲရန် ခင်ချိုတို့တတ်နိုင်သော နည်းတစ်နည်းသာ ရှိသည်။ အမြင့်တွင် တက်ရပ်ပြီး လက်နှစ်ဖက်ကို အပေါ်မြှောက်ကာ အုန်းသီးကို သံမံတလင်း ပေါ်သို့ပစ်ချလိုက်ခြင်းဖြစ်သည်။ ခေါင်းမာသော အုန်းသီးဆိုပါက တစ်ချက်တည်းနှင့် မရပေ။ သုံးလေးခါ ပစ်ရတတ်သည်။

'ဝမ်း တူး သရီး ပစ်'

မိသည် နားကို လက်နှစ်ဖက်နှင့် အုပ်ခါ အော်သည်။ ထွေးထွေးလက်ထဲမှ အရှိန်နှင့် ကျလာသော အုန်းသီးလေးသည် သံမံတလင်းနှင့် ရိုက်ခတ်မိသောအခါ ခွမ်းခနဲ ကွဲသွားသည်။

'ဟယ် ဟယ် ဆံကျည်ထွေးလေး'

အုန်းသီးအကွဲတွင် ဆံကျည်ထွေးဖြူဖြူလေးသည် ပြုတ်ပြီး လိမ့်ထွက်လာသည်။ အစားနောက်သို့ လိုက်သော မဝါသည် ကုတင်အောက်အထိ လေးဖက်ထောက်လျက် လိုက်သွားသည်။ စာအုပ်ပုံများ သေတ္တာများနှင့် ညပ်နေသော ခုတင်အောက်တွင် တကုန်းကုန်း တကွကွ ရှာဖွေပြီး လေးဖက်ထောက်လျက်နှင့်ပင် နောက်ပြန်ထွက်လာသည်။ သူ့လက်ထဲတွင် ဆံကျည်ထွေး ဖြူဖြူလေးသည် ဖုံအလိမ်းလိမ်းနှင့် ပါလာသည်။

'ဟယ် အုန်းသီးမြင်မှ ထမင်းစားချင်တယ်'

'မဆီမဆိုင်ဟာ မိကလဲ'

'အဟုတ်ပြောတာ၊ တကယ်ဆာလာလို့'

မိပြောမှပင် ခင်ချိုတို့လည်း ဆာလာသည်။ ညနေထမင်းစားမကောင်းပါက ရှစ်နာရီခွဲ ကိုးနာရီလောက်ကျလျှင် ဆာလာပြီဖြစ်သည်။ လဆန်းရက် အိမ်မှ ရောက်ခါစ ဆိုလျှင် ဖောဖောသီသီ စားနိုင်သည်။ လကုန်ရက်ဆိုလျှင်ကား ရေသောက်ပြီး ဗိုက်မှောက်အိပ်သင့်ပါက အိပ်ကြရလေသည်။ ခင်ချိုတို့အုပ်စုသည် ကိုယ့်ပိုက်ဆံနှင့် ကိုယ် အင်္ကျီတစ်စပင် မဝယ်နိုင်အောင် အစားနိုပ်စက်ခြင်း ခံရသူများ ဖြစ်၏။

'နွေးအေးက အာလူးသုတ်နဲ့လက်ဖက်သုတ်ဝယ်ကွာ၊ ထမင်းသုံးထုပ်ဆိုရင် လောက်ရောပေါ့၊ ဦးအေးမောင်ကို ပေးဖို့က ငါးမူး'

ညထွက်ခွင့်မရှိသော အဆောင်နေကျောင်းသူများသည် အဆောင်စောင့်များကို ပိုက်ဆံပေးပြီး ဝယ်ခိုင်းကြရသည်။ ဦးလေးကြီးများကလည်း တော်ရှာကြပါပေသည်။ ကျောင်းသူများ စားချင်သမျှ မညည်းမညူ အခေါက်ခေါက် အခါခါ ဝယ်ပေးကြရ လေသည်။

သို့နှင့်ပင် ခင်ချိုတို့တတွေ လက်ဖက်သုတ်နှင့် ညလယ် ထမင်းစားဖြစ်ကြလေသည်။ အခန်းအပြင်ဘက်တွင် ဝိုင်းဖွဲ့ပြီး စာမိကြသည်။ လူသွားလမ်းတွင် မီးပိတ်ထားသဖြင့် မှောင်ရိပ်သမ်းကာ လရောင် လဲ့လဲ့ဖြာကျနေသည်။ လေပြေလေညင်းသွေးနေသော ညအချိန်တွင် ထမင်း မလုံမလောက်၊ ဟင်း၊ မလုံမလောက်နှင့် သူငယ်ချင်းတစ်စု တစ်လုတ်တစ်ဆုပ်စီ စားရသည်မှာ အရသာထူးလှသည်။ လက်ဖက်စားရင်း ငရုတ်သီးစားချင်သောကြောင့် မဝါသည် တစ်ခန်းဝင် တစ်ခန်းထွက်နှင့် ငရုတ်သီးလိုက်ရှာသည်။ နောက်ဆုံးလွင်လွင်အေးတို့အခန်းမှ ခြောက်နေသော ငရုတ်သီးစိမ်းသုံးတောင့် ရလာခဲ့လေသည်။ မရှိပါမှ စားကောင်းနေသော ငရုတ်သီးလေးသည် တစ်ယောက်တစ်ကိုက်နှင့် ခဏလေး ကုန်သွားသည်။

'ဟော ဟိုမှာ ကိုရင်မောင် မဟုတ်လား'

ထွေးထွေးသည် အဆောင်ရှေ့ရှိ လမ်းကလေးတွင် ဖြည်းဖြည်းလေး လျှောက်သွားသော ကျောင်းသားတစ်အုပ်ကို ညွှန်ပြသည်။ ညဥ့်အမှောင်တွင် လူလုံးမသဲကွဲလှချေ။ သို့သော် ခင်မင်သူ အချင်းချင်းဆိုပါက လူဟန်

နှင့် လမ်းလျှောက်ဟန်ကို ကြည့်ပြီး မည်သူမည်ဝါ ခွဲခြားနိုင်လေသည်။ အရပ်မြင့်ပြီး ခပ်လေးလေး လျှောက်လေ့ရှိသော ကိုရင်မောင်၏ ဟန်ကိုလည်း ခင်ချိုတို့အားလုံး မှတ်မိကြသည်။ ကျောင်းသားများသည် အဆောင်ရှေ့တွင် ဖြတ်လျှောက်ရင်း အဆောင်တွင်းသို့ ငဲ့စောင်းကြည့်ကြလေသည်။

'ဟိတ် ဘာကြည့်တာလဲ၊ မမယ်မ မရှိဘူး'

ထွေးထွေးသည် နှာခေါင်းကို လက်နှင့်ပိတ်ခါ နှာသံလေးနှင့် အသံဖျက်၍ အော်လိုက်သည်။ အသံကို မှတ်မိသွားပါက ကိုယ့်အလှည့်ကျလျှင် သေအောင်ခံရမည်မို့ ထွေးထွေးလည်း ကြောက်တတ်ရှာလေသည်။

'ဟရေး အာကိုး ဘယ်တွားမလဲ၊ မမယ်မက လက်ဖက်စားပါဦးတဲ့ အာကိုး'

ခင်ချိုတို့မတားနိုင်မီ ဒုတိယအကြိမ် အော်ပြန်သည်။ ကျောင်းသားများဆီမှ ရယ်သံကျိတ်ကျိတ်ကို ကြားရသည်။ ကိုရင်မောင်သည် အဆောင်ဘက်သို့ကြည့်ချင်ရက်နှင့် ခေါင်းငဲ့ပြီးမကြည့်ဝံ့ရှာတော့ပေ။ ညိုထွေးသည် ထွေးထွေး၏ ပေါင်တွင်းကြောကို ဆွဲလိမ်တော့သည်။

'ဟရေး ဘာကောင်းလဲ၊ ကယ်ပါဦး အာကိုး၊ မမယ်မ နာ့ကို ဆိတ်နေတယ်'

ထွေးထွေးသည် မလျှော့ဘဲ ကဲ၍ အော်လေသည်။ ဂျီဟောသည် ရတနာ၊ အင်းလျားစသော မိန်းကလေးဆောင်များနှင့် မတူချေ။ အဆောင်နှင့် လမ်းကပ်နေသောကြောင့် အသံခပ်ကျယ်ကျယ် ပြောဆိုလိုက်လျှင်ပင် လမ်းမှ ကောင်းကောင်း ကြားရလေသည်။ ထွေးထွေး၏ ကောင်းမှုကြောင့် ကိုရင်မောင်သည် မည်သည့်ဘက်မှ မလှည့်ဝံ့တော့ဘဲ ဇက်ကြီးခိုင်သွားရှာသည်။ သူ့ဘေးမှ ကျောင်းသားများသည်ကား အသံအုပ်ပြီး ကျိတ်ရယ်နေကြသည်။

ခင်ချိုတို့လည်း အပြင်တွင် ကြာကြာမနေဝံ့၊ အခန်းထဲ ဝင်ပြေးကြရသည်။ အဆောင်မှူးသိသွားပါက တသီတတန်းကြီး အဆူခံရမည် စိုးသောကြောင့် ဖြစ်ပါသည်။

* * *

(၁၅)

'ဦးအောင်ညွန့်နဲ့ စိုင်းရီလိတ်က သုံးတန်း၊ ဦးအောင်သိန်းနဲ့ မောင်မောင်ဖုန်းက လေးတန်း၊ အူရှားကော့နဲ့ ရှီဒီယိုနော့ဖ်က ငါးတန်း ခြောက်တန်း၊ ဦးမျိုးမြင့်စိန် ဌာနမှူး၊ အိုဂျီကော့၊ အူရှားကော့၊ ဒိုရှိဖီးယက်၊ ဦးမျိုးမြင့်စိန် ဌာနမှူး'

ကိုဝင်းနိုင်သည် ဗိသုကာသီချင်းကို အော်ဆိုရင်း ပုံဆွဲနေသည်။ 'အိုဘလာဒီး အိုဘလာဒါ' သီချင်းအလိုက် ဆရာများအမည်သွင်းကာ ဖျက်ဆိုထားခြင်း ဖြစ်၏။ သီချင်းအလိုက် ပြေပြေလည်လည် ဆိုနိုင်သောကြောင့် တမျိုးတဖုံ နားထောင်၍ ကောင်းလေသည်။

ဗိသုကာ ကျောင်းသူကျောင်းသားအားလုံးလိုလိုပင် အသံကောင်းသူရော၊ မကောင်းသူပါ ပုံစံစိတ်ကူးရင်း ဆွဲရင်း သီချင်းငြီးလေ့ရှိကြသည်ကို ခင်ချို သတိထားမိသည်။ စိတ်အာရုံကို ပုံစံထဲတွင် စူးစိုက်ပြီး နစ်မြုပ်နေချိန်တွင် ပါးစပ်မှ အလိုလိုပင် သီချင်းသံ ထွက်လာတတ်ကြပေသည်။ စကားပြောလျှင် ထစ်သော မောင်မြင့်ပင် ပုံဆွဲရင်း သီချင်းဆိုသောအခါ လုံးဝမထစ်တော့ချေ။

'ခင်ချို ဆွဲလို့ ပြီးလုပြီလား၊ ဘာငိုင်နေတာလဲ'

'ဩော် ထွေးထွေး'

ထွေးထွေးသည် ပုံဆွဲမင်လိုက်တံကို ကိုင်ရင်း ငိုင်နေသော ခင်ချို၏ ပုခုံးကို ဖျတ်ခနဲ ပုတ်လိုက်သည်။ ဆတ်ခနဲ တုန်သွားသော ခင်ချိုကို ကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်နေလေသည်။ ရယ်စရာကို ရှာပြီး ရယ်နေလေ့ရှိသော ထွေးထွေး၏ မျက်နှာနုနုလေးသည် ရွှင်ချိုနေတတ်လေသည်။

'ခင်ချို ဘာတွေ တွေးနေတာလဲ'

'ဘာရယ်မဟုတ်ပါဘူး၊ ဒီလိုပါပဲ'

'ခင်ချိုကမှ ဒီဇိုင်းထွက်နေပြီ၊ တော်သေးတယ်၊ ထွေးထွေးဖြင့် ဒီဇိုင်းတောင်မရသေးဘူး၊ ပုံစံကဖြင့် တင်ရခါနီးနေပြီ'

ခင်ချို၏ဆွဲလက်စ အိမ်ပုံစံငယ်လေးကို ကြည့်နေရင်း ထွေးထွေးက ပြောလေသည်။ ဆရာများက ပုံစံတစ်ခု ဆွဲခိုင်းလိုက်လျှင် မည်ကဲ့သို့သော အဆောက်အဦးပစ္စည်းကို သုံးပြီး မည်ကဲ့သို့သော ပုံစံကို တည်ဆောက်မည်ဟု ဦးနှောက်ချာချာလည်အောင် စဉ်းစားရသည်မှာ ခင်ချိုတို့ ဗိသုကာ ကျောင်းသားများအလုပ်ပင်ဖြစ်၏။ ဦးနှောက်မှ စဉ်းစား၍ ရေးရေးမျှ ထွက်လာသောအခါ တကယ်ဆောက်နိုင် မဆောက်နိုင် ချ၍ ဆွဲကြည့်ကြရလေသည်။ ဆွဲ၍ ပြီးသောအခါ ပုံစံငယ်ကလေးကိုပါ စက္ကူပြားများနှင့် ကပ်ပြီး တည်ဆောက်ကြရလေသည်။ ပုံစံငယ်ကလေးတွင် တကယ်အဆောက်အဦနှင့် တူစေရန် ကားကလေးများ၊ လူကလေးများ၊ သစ်ပင်ကလေးများကို သူ့စကေးနှင့်သူ

ထည့်သွင်း ပေးတတ်ကြသည်။ ခင်ချိုတို့အတွက် သစ်ပင်များ၊ ကားများကို ညိုထွေးနှင့် ဝေဝေတို့သည် ဒိုင်ခံကူပြီး လုပ်ပေးလေ့ရှိကြသည်။

'ညိုထွေးက ပြောတယ် ဒီတစ်ခါ ကားရောင်းစားမယ်တဲ့၊ တစ်ကားကို တစ်မတ်တဲ့'

တစ်လက်မလျှင် ဆယ့်ခြောက်ပေနှုန်းနှင့် လုပ်ထားသော ညိုထွေး၏စက္ကူကားလေးများသည် လက်မလောက်သာ ရှိလေသည်။ နောက်ဆုံးပေါ် မှန်ကားပုံလေးများကို တွေးပြီး စိတ်ရှည်လက်ရှည်ပြုလုပ်ကာဆေးရောင်တောက်တောက် သုတ်ပေးလေ့ရှိသော ညိုထွေး၏ ကားလေးများသည် ခင်ချိုတို့၏ အဆောက်အဦငယ်လေးများနှင့် လိုက်ဖက်လှသည်။ တစ်ခါတစ်ရံ ရိုးပုံစံများ ပြုလုပ်ရသောအခါ လမ်းမကြီးတွင် ပြေးဆွဲသော ဟီးနိုးကားလေးများကိုပါ စိတ်လိုလက်ရ ပြုလုပ်ပေးတတ်လေသည်။

'ဒီကောင် စီးပွားရေး သောင်းကျန်းတယ်၊ ဟိုတစ်ခါတုန်းက သစ်ပင်တစ်ပင် ဆယ်ပြားပေးရတယ်'

'ဒီတစ်ခါ စာမေးပွဲနီးနေရက်နဲ့ ကူလုပ်ပေးရတာမို့ တစ်မတ်တဲ့၊ ဈေးတက်သွားတယ်'

'ကောင်းတာပေါ့ဟာ၊ ခွေးမလေး ညိုထွေး'

ခင်ချိုသည် မကျေမနပ်နှင့် ပြောမိသည်။ ညိုထွေးဟူသည့် ညိုထွေးသည် ကူစရာရှိလျှင် မငြီးမငြူစေတနာ ရှိရှိနှင့် ကူလေ့ရှိလေသည်။ သို့သော် တစ်ခါတစ်ရံ ဗွေဆိုးဖောက်ပြီး စေတနာကို ငွေနှင့် တန်ဖိုးဖြတ်ကာလက်ဖက်သုတ် ဝယ်စားတတ်သော သတ္တဝါလေးဖြစ်၏။

'ခင်ချို ထမင်းစားခန်းနဲ့ မီးဖိုခန်းတွဲထားမှာပဲလား၊ ထွေးထွေးတော့ တခြားစီထားတာ ကြိုက်တယ်'

'တခြားစီထားတာက အိမ်ဖော်များများ၊ထမင်းချက်သတ်သတ်ထားနိုင်ရင်တော့ဟုတ်တာပေါ့၊ အိမ်ရှင်မကပဲချက်ရတဲ့ အိမ်မှာ ထမင်းစားခန်းနဲ့ မီးဖိုဝေးနေရင် မကောင်းဘူး ထင်တယ်'

'အင်း ဒါလဲ ဟုတ်တာပဲ'

'နောက်ပြီး ဒို့မြန်မာအိမ်တွေက နိုင်ငံခြားလို မဟုတ်ဘူး၊ မီးဖိုချောင်မှာ စားပွဲဝိုင်းလေးနဲ့ စုစားတတ်ကြတာ၊ တညင်းသီးဆားစိမ်အိုးကအစ၊ ငံပြာရည်၊ ငါးပိ၊ ငါးခြောက် အဆုံး မီးဖိုမှာ ထားတတ်ကြတာမို့ မီးဖိုလဲကျယ်ကျယ်လိုတယ်'

'အေး ဟုတ်တယ်၊ မီးဖိုမကျယ်ရင်လဲ သိုလှောင်ခန်းလေး ရှိပါမှ၊ ဒါမှမဟုတ်ရင် တညင်းသီး ဆားစိမ်နံ့ဟာ အိမ်ခန်းနားအထိ နယ်ချဲ့လာရော၊ အဲဒါတွေက စားလို့သာ ကောင်းတာ၊ ရှူလို့ တော့ တယ်မကောင်းဘူးနော'

ထွေးထွေးသည် တွေးတွေးဆဆလေးပြောပြီး ရယ်နေလေသည်။ ထွေးထွေးသည် ကလေးဆန်လွန်းသော်လည်း တစ်ခါတစ်ရံတွင်မူ အတည်ပေါက် တွေးတတ်လေသည်။ သို့သော် ဆယ်ခါတစ်ခါသာ အတည်တွေးတတ်သော ထွေးထွေးကို မည်သူကမှ လူကြီးအရာ မသွင်းတတ်ချေ။ သူ့ဆိုလျှင် တစ်ဆင့်နိမ့်ပြီး ကလေးသဖွယ် သဘောထားလေ့ရှိသဖြင့် ထွေးထွေးသည် အလွန်ဒေါသထွက်လေ့ရှိသည်။

'ဟေး ပြီးပြီလား၊ ပြီးပြီလား ဆွဲလို့ပြီးကြပြီလား၊ ပုံစံတင်ဖို့က ဖင်နားကပ်နေပြီနော'

ကိုသန်းဝေသည် အတန်းထဲသို့ အပြေးအလွှား ဝင်လာရင်း ပြောသည်။ သူ့လက်ထဲတွင် ပုံစံငယ်ပြုလုပ်ရန်ကော်ဘူးများ၊ စက္ကူပြားများကို တပွေ့တပိုက်ကြီး ကိုင်ထားလေသည်။ ခါးကြားထဲတွင်မူ ကတ်ကြေးတစ်လက်ကိုထိုးထားသည်။

'ကိုသန်းဝေ အဆောင်က လာတာလား'

'ဟင့်အင်း စပါးလုံးရွေးပြီး ပြန်လာတာ'

'ဘာဟင်းလဲ'

'ဘဲဥရေကြော်နဲ့ ကြက်ရိုးဟင်း'

အဆောင်မှ ကျွေးသော ထမင်းသည် အများစာချက်သည်မို့ စပါးလုံး မရွေးနိုင်ဘဲ ချက်ကြရလေသည်။ ထို့ကြောင့် ထမင်းထဲတွင် စပါးလုံးများ နိုင်ချင်း ပါလေ့ရှိသည်။ ထမင်းစားလျှင် စပါးလုံးရွေးရသည်မှာလည်း အလုပ်တစ်လုပ် ဖြစ်နေလေသည်။ ထို့ကြောင့် ကျောင်းသားများသည် ထမင်းစားဆောင်သို့ ထမင်းစားရန်သွားသည်ကိုပင် စပါးလုံးရွေးရန် သွားသည်ဟု ပြောလေ့ရှိကြသည်။ ထမင်းတစ်ပန်းကန်လျှင် စပါးလုံး အလုံးသုံးဆယနှင့် လေးဆယ်ကြား ပါလေ့ရှိသည်ဟု ပြောကြသည်။ 'ဝေဝေကမူ စပါးလုံးလဲ အထဲမှာ ထမင်းပဲ ဘာဖြစ်သလဲ' ဟု ပြောကာ ဂရုတစိုက် ဖယ်လေ့မရှိချေ။

'ခင်ချို ခင်ဗျား ညိုထွေးနဲ့ ခင်သလား'

'ခင်တယ်လေ ဘာဖြစ်လို့'

ကိုသန်းဝေသည် ခါးကြားထဲမှ ကပ်ကြေးကို အံဆွဲထဲ ထည့်လိုက်ပြီး ဆွဲလက်စပုံကို ဆက်ဆွဲရန် ခဲတံချွန်နေသည်။

'ဟော ဆရာလာပြီ'

ခင်ချိုသည် အသေအချာ မေးမည်ဟု ဟန်ပြင်နေစဉ် ဆရာဝင်လာ၍ အသာငြိမ်ရင်း ပုံဆက်ဆွဲနေရသည်။ တစ်လောက ကျောင်းအပြေးများသွားသဖြင့် ခင်ချိုတို့တစ်တွေ ခုတစ်လော ကျောင်းမှန်မှန် တက်နေရသည်။ စားသောက်ဆိုင်ထဲတွင် ထွက်ပြေးရသည့်အဖြစ်ကိုမူ ဆရာကြီး မသိ၍ တော်ပါသေးသည်။ ပုံစံဆွဲ၍ တင်သည်ဆိုသော်လည်း ကိုယ်ထင်ရာ ကိုယ်ဆွဲနိုင်ကြသည် မဟုတ်ပေ။ အတန်းပိုင်ဆရာနှင့် တစ်ဆင့်ပြီး တစ်ဆင့် အကြေအလည် ဆွေးနွေးပြီးမှ ဂျူရီ တင်ကြရသည် ဖြစ်သည်။ ခင်ချိုတို့ ဆရာကြီးသည် တစ်ဦးစီ လိုက်ကြည့်ပြီး ဆွဲထားသော ပုံစံများကို အကောင်းအဆိုး ညွှန်ပြပြီး ဆွေးနွေးလေသည်။

ခင်ချို၏ အရှေ့ဘက်ခုံမှ ယုနှင့်ဆရာသည် ငြင်းနေကြသည်။ ယုဆွဲထားသော ပုံစံတွင် မြန်မာဆန်စေရန်ဟု ပြာသာဒ်လိုလို အချွန်အတက်များ ထည့်ခိုင်းနေလေသည်။ ဘာသာရေး အဆောက်အဦမဟုတ်သည့်အတွက် ယုကလည်း မထည့်လိုပေ။ နိုင်ငံခြားသားဆရာနှင့် သင်ရသည်မှာ တစ်ခါတစ်ရံ မြန်မာမှု၊ မြန်မာဟန်နှင့် ပတ်သတ်ပြီး ပြဿနာပေါ်တတ်လေသည်။ အမှတ်ရလျှင် ပြီးရောဟု ဆရာ့အကြိုက်လိုက်ပြီး တံစက်မြိတ်ကအစ ပန်းဆွဲလိုလို အတွန့်ကလေး များနှင့် ပြုလုပ်ပြန်သောအခါ၌လည်း အူကြောင်ကြောင် အဆောက်အဦ ဖြစ်သွားတတ်ကြလေသည်။

'ကိုသန်းဝေ၊ ညိုထွေးအကြောင်း ဘာလို့မေးတာလဲ'

ဆရာ အလုပ်များနေစဉ် ခင်ချိုသည် ကိုသန်းဝေကို တိုးတိုးလေးလှည့်ပြီး မေးမိလေသည်။

'ခင်ဗျား ကိုရင်မောင်ကို သိလား'

'သိသားပဲ'

'ဩော် သူက ပြောလို့ပါ၊ ခင်ချိုနဲ့ ညိုထွေးနဲ့ ခင်တယ်ထင်ပါတယ်တဲ့'

'အင်းလေ အဲဒါ ဘာဖြစ်လဲ၊ ဘာနဲ့ စကားစပ်မိလို့ လဲ'

'ညိုထွေးအကြောင်း ပြောရင်းပါ၊ ညိုထွေး ဘော်လီဘောကစားတာကို ပြောပြီး အဆောင်မှာ ရယ်နေကြတယ်၊ သူ့ သတ္တိကိုတော့ အားလုံး ချီးကျူးနေကြတယ်လေ'

'ညိုထွေးလေး သနားပါတယ်'

'ခင်ချို ခင်ဗျားနဲ့ ကိုရင်မောင်နဲ့ တစ်လေတည်းပဲ၊ ကိုရင်မောင်ကလဲ သနားပါတယ်တဲ့၊ သူ့ မျက်နှာလေးဟာ နီရဲပြီး အရှမ်းရှက်နေပေမယ့် မရှက်ချင်ယောင်ဆောင်ပြီး ဆက်ကစားနေတာကို သနားစရာ ကောင်းနေတာတဲ့'

ကိုသန်းဝေသည် ပြောရင်းတန်းလန်း သူ့ အနားသို့ ဆရာရောက်လာသည့်အတွက် 'မင်္ဂလာ နံနက်ခင်းပါ ဆရာ' ဟု နှုတ်ဆက်ရင်း မတ်တပ်ရပ်လိုက်သည်။ ခင်ချိုနှင့်လည်း စကားပြတ်သွားလေသည်။ ဟန်မပျက် ပုံဆက်ဆွဲနေသော်လည်း ခင်ချို့ စိတ်များ ဝေနေသည်။ မဝါ၊ မိနှင့် ဝေဝေ၊ မော်မော် တို့ တတွေ တစ်လခ စီပြုတ်ရန် အရေးသည် တဖြည်းဖြည်း ဖန်လာနေပြီ ထင်ပါသည်။

* * *

(၁၆)

'ဖန်လာငယ်ရေးငယ်၊ ပြော် ဖန်လာငယ်ရေး၊ အေး – ဟေး ငယ် – အို – ဟို – ဟို ရယ်လဲရယ်ချင် ငိုလဲ ငိုချင်တယ်'

ဝေဝေသည် သူ့လက်ထဲမှ ပန်းရောင်စာရွက်နှင့် စာရွက်အဖြူကလေးကို ယှဉ်လျက် ထောင်ပြရင်း ပေါက်ကရ အော်နေလေသည်။ သူ့ဘေးတွင် မော်မော်သည် ပြုံးစပ်စပ်ကလေး ထိုင်နေသည်။

သူ့ကြည့်ရသည်မှာ အတော်ရယ်ချင်နေဟန် ရှိသည်။

'ဘာဖြစ်လို့လဲ ဝေဝေ'

'ပြော မပြောချင်တော့ဘူး၊ မပြောချင်တော့ပါဘူး ဟူး ဟူး ဟူး'

ဝေဝေသည် စိတ်ပျက်လက်ပျက် အော်လေသည်။ မော်မော်ကမူ ဘာမှမပြောဘဲ ဝေဝေ့လက်ထဲမှ စာရွက်နှစ်ရွက်ကို ဆွဲယူပြီး ခင်ချို့ဆီသို့ကမ်းပေးသည်။

'ချစ်ရလွန်းသော ဝေတဲ့၊ အဟမ်း – ဘယ်သူ့ဆီကလဲ မိဝေ'

'ဒသဂီရိဆီက – အဲဒါ ထားပါဦး၊ ဟိုစာဖတ်ပါဦး'

ဝေဝေသည် အိပ်ယာပေါ်တွင် ပက်လက် လှဲနေရင်း ဘိန်းစားသံလေးနှင့် ပြောလေသည်။ သို့ကြောင့် ခင်ချိုလည်း စာရွက်ဖြူလေးကို ဖွင့်ဖတ်ဖြစ်သည်။

'သမီးလေးဝေဝေတဲ့၊ ဟာ မိဝေ နင့်အမေဆီက စာ ဘာလုပ်ဖို့တုံး'

'ဆက်ဖတ်ပါဦးလေ'

'သမီးလေး နေကောင်းလိမ့်မည်ဟု ထင်ပါသည်။ စာမေးပွဲနီး၍ စာကြိုးစားနေရသဖြင့် ပင်ပန်းနေလိမ့်မည် ထင်ပါသည်။ မေမေ လူကြုံနှင့် အားဆေးများ ပေးပို့လိုက်ပါသည်။ မေမေ ဖော်ပေးလိုက်သော သွေးဆေးကိုလည်း မှန်မှန်သောက်ပါ'

'ဟာ နင့်ဟာတွေကလဲ ဘာမှ စိတ်ဝင်စားစရာ မပါ၊ ဟော – ဟော – တွေ့ပြီ'

ဟိုတစ်နေ့က မေမေ့ သူငယ်ချင်း မရင်မြနဲ့တွေ့ပါသည်။ သားကြောင်း သမီးကြောင်း ပြောကြရင်း သူ့သားလည်း သမီးတို့ကျောင်းမှာ ရှိသည်ဟု သိရသည်။ သမီးနှင့် တစ်နှစ်တည်း ရောက်သည်ဟု ပြောပါသည်။ မောင်ရင်မောင် အရပ်မြင့်မြင့် ဟု ပြောပါသည်။

'အလဲ့ – ငါတို့ကိုရင်မောင်ပေါ့နော်'

'မေမေတို့ သူငယ်ချင်း အချင်းချင်း ကွဲသွားကြတာ အတော်ကြာပြီး ခုမှ ပြန်တွေ့ခြင်း ဖြစ်သည်။ နောင် ဆွေမျိုးတော်ကြရန် သမီးနှင့် သားကို နေရာချပေးရရင် မကောင်းလားဟု မရင်မြက ပြောနေပါသေးသည်။

'ဟယ် – ဟယ် – ဟယ်'

ခင်ချိုသည် စာကို ဆက်မဖတ်ဖြစ်တော့ဘဲ လက်ထဲမှ စာရွက်လွတ်ကျသွားပါသည်။ ပါးစပ်အဟောင်းသား ဖြစ်သွားသော ခင်ချို့ကို ဝေဝေသည် ရယ်ချင်ဗိုချင် မျက်နှာထားကလေးနှင့် ကြောင်ငေးငေး ပြန်ကြည့်နေ လေသည်။

'ဟယ် ကြုံမှ ကြုံတတ်တယ်'

'အေးကွယ် ကြုံရတယ်'

မေးကို လက်နှင့် စုံ ထောက်ကာ ပြုံးမဲ့မဲ့ ဖြစ်နေသော မော်မော်သည် ခပ်ညည်းညည်းလေး ပြောသည်။ ဝေဝေက ဘာမပြော ညာမပြောနှင့် ဟက်ဟက်ပက်ပက် ထရယ်သောအခါတွင်ကား ခင်ချိုရော မော်မော်ပါ ရယ်ဖြစ်ကြလေသည်။ ကိုရင်မောင်တစ်ယောက်တော့ မျက်ခုံးလှုပ်ရှော့မည် ထင်သည်။

'ဝေဝေ ဘယ်လို သဘောရတုံး'

'ဘာကိုလဲ'

'ကိုရင်မောင့် ကိစ္စကိုလေ'

အဟက် ဝေဝေတော့ ကိုယ့်လခလေး တစ်လခပြုတ်အောင် ကိုယ့်ဟာကိုယ် အားကြိုးမာန်တက် ကြိုးစား ရဦးမှာပေါ့'

'ဘယ် လို'

'ကိုရင်မောင် ညိုထွေးကို ကြိုက်တယ်လို့ သေချာရင် ဝေဝေတို့ ရှုံးမယ် မဟုတ်လား၊ အရင်တုန်းကတော့ ရှုံးမှာ ကြောက်လို့ ရန်ကနားတောင် လုပ်ခဲ့ရသေးတယ်၊ ခုတော့ ရှုံးအောင် လို့ ကို ကြိုးစားရဦးမယ်'

'ဆိုပါတော့ ရှုံးတော့ ဘာလုပ်မလဲ'

'ရှုံးတော့ အမေ့ကို ပြောရမှာပေါ့၊ ဟရေး အမား – ရင်မောင်နော် မကောင်းဘူး ရှိတယ်၊ သူလေ အမား သမီးကို မကြိုက်ဘူး၊ ညိုထွေးလို့ ခေါ်တယ်နော်၊ အင်္ဂါသမီးကို ကြိုက်တယ်၊ အမားသမီးနဲ့ ပေးစားလို့ နော်၊ အများကြီး ဒွတ်ခရောက်မယ်လို့ ပြောရမှာပေါ့'

ရန်ကနားလေနှင့်ပြောရင်း ဝေဝေသည် ရယ်နေလေသည်။ ချစ်ရေးကြိုက်ရေး အိမ်ထောင်ရေးကို လုံးဝမစဉ်းစားသေးသော ဝေဝေသည် ကိုရင်မောင်နှင့် ညိုထွေး နီးစပ်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းတော့မည် ထင်သည်။ အူလည်ချာလည် လိုက်နေသော ပြဿနာထဲတွင် တရားသူကြီး ခင်ချိုတစ်ယောက်တော့ ဂွမ်းသာ လိုမ့်ပြီး ထိုးချင်စိတ် ပေါက်လာသည်။

'ဘယ်ဟုတ်မလဲ မိဝေဝေ၊ ရှုံးရင် နင်တစ်ယောက်တည်း မဟုတ်ဘူး၊ ငါတို့ပါ ရှုံးမှာ၊ ကိုရင်မောင်နဲ့ နေရာ ချမှာ နင်သာ သဘောတူလိုက်ရင် ငါတို့ အကုန်နိုင်ရော'

'အလိုလေး – လေး – မလုပ်လိုက်ပါနဲ့'

မော်မော်က မကျေမနပ် ဝင်ပြောသောအခါ ဝေဝေသည် ခြေကားယား လက်ကားယားနှင့် အော်နေလေသည်။ သူ့ကို ကြည့်ရသည်မှာ ရယ်စရာလည်း ကောင်းသည်။ စိတ်ညစ်စရာလည်း ကောင်းလှသည်။

'အမ်မာလေး အမေရဲ့၊ ဘာဖြစ်လို့များ ကိုရင်မောင်ဆိုတဲ့လူရဲ့အမေနဲ့များ သွားပြီး သူငယ်ချင်းတော်ရတာလဲ၊ အေပေးပေး – သူငယ်ချင်းတော်ရတုံး ပဲ့ုံး – ပဲ့ုံး'

'ဟယ် ဝေဝေ ဘာဖြစ်နေတာလဲ'

အိပ်ယာပေါ်တွင် ပက်လက်လှန်အိပ်ရင်း တွေ့ကရာ အော်ကာ ငိုချင်းချနေသော ဝေဝေ့ကို အခန်းထဲ ဝင်လာသော ညိုထွေးသည် တအံ့တသြ ကြည့်နေသည်။ ဖြူတစ်ဝက် နီတစ်ဝက် ဖြစ်နေသော ဝေဝေ့မျက်နှာလေးသည် ညိုထွေးကို တွေ့သောအခါ သွေးရောင်လျှမ်းလာသည်။

'မိညိုထွေး – ချာတူး လေပေါ'

'ဟင်'

'အလကား အီးပေါလော'

'ဟာ'

'လေကြွား'

'ဟောတော့'

ဘာမပြော ညာမပြော ထဆဲနေသော ဝေဝေ့ကို ညိုထွေးသည် ပြုံးကြောင်ကြောင်လေး ကြည့်နေလေသည်။ ညိုထွေးလက်ထဲတွင် ကိုင်ထားသော ပုဏ္ဏရိပ်ပန်းနီနီလေးများကို တွေ့ရသဖြင့် ညိုထွေးတစ်ယောက် လမ်းလျှောက်ရာမှ ပြန်လာခြင်း ဖြစ်ဟန်တူသည်ဟု ခင်ချိုတွေးမိလေသည်။

'အလကား လေပေါ အီးပေါလော'

'ဟင် မိဝေဝေ နင်ဘာဖြစ်နေတုံး'

အကျအန မျက်စိမှိတ်ကာ တစ်ခုပြီးတစ်ခု စဉ်းစားရေရွတ်နေသော ဝေဝေ၏ ပုခုံးကို ညိုထွေးသည် ကိုင်လှုပ်နေလေသည်။ သူ့ကြည့်ရသည်မှာ အတော်ပင် မခံချိ မခံသာ ဖြစ်နေပုံ ရသည်။

'ဘယ်မလဲ ကိုရင်မောင့်ဆီက ရည်းစားစာ'

'ဩော် ဒါလား'

'မကြာခင် ရပါစေ့မယ်ဆို လေကြွားကလေးရဲ့'

ညိုထွေး၏မျက်နှာတွင် မာနရောင်လွှမ်းသွားလေသည်။ ပုဏ္ဏရိပ်ပန်းကလေးများကို စားပွဲပေါ် ပစ်တင်လိုက်ပြီး ဝေဝေ့ကို ခပ်တွေတွေလေး ကြည့်နေသည်။

'အပြောနဲ့အလုပ်ဆိုတာ ညီမှကောင်းတာ'

မခံချိ မခံသာ ပြောနေသော ဝေဝေ့ကို မော်မော်သည် အသာလက်ကုတ်နေသည်။ ခင်ချိုကမူ ဘာဝင်ပြောရမှန်း မသိသည့်အတွက် ငြိမ်နေမိသည်။

‘မိညိုထွေးတို ့က မဖြစ်နိုင်ရင် မပြောဘူး၊ သိရဲ ့လား၊ စောင့်ကြည့်ပေါ့၊ ဝေဝေတို ့မင်းသားကြီး ရင်ကွဲမယ့်နေ့ကို စောင့်ကြည့်ပေါ့’

ညိုထွေးက မာန်ပါပါ ပြောသောအခါ ဝေဝေသည် ကျိတ်၍ ပြုံးနေလေသည်။ မော်မော်ကမူ သက်ပြင်းချရှာသည်။ စက်မှုစကားနှင့် ပြောရလျှင်မူ အေးနေသောစက်ကို ချာဂျင်ဝင်အောင် မာန ရေလောင်းနေပြီဟု ပြောရမည် ထင်ပါသည်။ ဝေဝေ မတရားဟု ခင်ချို တွေးမိသည်။ ပြဿနာအရှုပ်တော်ပုံထဲတွင် ဘာမှ ဝင်မပြောဘဲ အေးအေးဆေးဆေး ငုတ်တုတ် စမွှယ်နေသော တရားသူကြီး ခင်ချိုလည်း အတော်ပင် ချာလှပါသေးသည်။

* * *

(၁၇)

'ချာလိုက်တာဟာ – ငါ့နှယ်၊ သေပါတော့၊ ပြီးကာနီးကျမှ ထပ်ပြီး မှားသွားတယ်၊ သေဟာ'

မ၀ါသည် လက်နစ်ဖက်ကို စုံခါပြီး ခုန်နေသည်။ တစ်ကျောင်းလုံး ငြိမ်တိတ်နေရာမှ စာမေးပွဲ အချိန်စေ့ ခေါင်းလောင်းထိုးပြီးသည်နှင့် ဝေါခနဲ ဆူညံသွားလေသည်။ ခါချဉ်အုံကို တုတ်နှင့် ထိုးသလို ကျောင်းသားများသည် အပေါက်မှ လျှံပြီး ထွက်လာကြသည်။ မေးခွန်းစာရွက်များကို ကိုင်ပြီး အဖြေတိုက်ကြသော အသံများသည် တစ်ဦးနှင့်တစ်ဦး မကြားနိုင်လောက်အောင်ပင် ဆူညံနေသည်။ မ၀ါသည် ခုန်ပေါက်ပြီး ထွက်လာသည်။ သူ့နောက်ဘက်တွင် မမခင်နှင့် မိသည် ခေါင်းချင်းဆိုင်ကာ အဖြေတိုက်နေကြသည်။

'ဟေး ဖြေနိုင်လား၊ ဖြေနိုင်လား'

ခင်ချိုတို့ မဖြေရသော ဘာသာများကို အပေါက်ဝမှဆီးပြီး သူတို့ကို ကြိုရသည်။ မိကပြုံးနေသော်လည်း မ၀ါက ရှုံ့မဲ့နေသည်။ တစ်ဖက်ခန်းမှ ဝေဝေနှင့်မော်မော်ကမူ ရယ်ကျဲကျဲ နှင့်ထွက်လာကြလေသည်။ သူတို့ဘေးမှ ညိုထွေးကမူ မျက်မှောင်ကြုတ်ရင်း မေးခွန်းလွှာကို အပြန်ပြန် အလှန်လှန် ကြည့်ရသည်။

'ညိုထွေးဖြေနိုင်လား'

'သိပ်မရဘူး'

'တော်စမ်းပါဟယ်၊ မရဘူး မရဘူးနဲ့ အချိန်တန်ရင် ဂရိတ်ဖိုးနဲ့ ဖိုက်ကကို အောက်မကျဘူး'

'ဒို့ကတော့ ရှင်းရှင်းပဲ၊ ဂရိတ်ဖိုးလောက်တော့ ဝင်တယ်ကွ'

'မ၀ါတော့ ဂရိတ်သရီးပဲ ထင်ပါရဲ့၊ ယူနဲ့ ပီတော့ လွတ်မယ် ထင်ပါရဲ့'

ခင်ချိုစောင့်နေသော အလုပ်ရုံအောက်တွင် လူစုမိကြသည်။ စာမေးပွဲနောက်ဆုံးရက်မို့ ခင်ချိုတို့ အားလုံး ရုပ်ရှင်ကြည့်ရန် စီစဉ်ထားကြသည်။ စာမေးပွဲပြီးလျှင် နွေကျောင်းပိတ်ရက် စပြီ ဖြစ်လေသည်။ သို့သော်လည်း ခင်ချိုတို့နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ တစ်ဦးတစ်ယောက်မျှ အိမ်မပြန်ကြရပေ။ ဘွဲ့ယူစစ်တမ်းအတွက် စုဆောင်းလေ့လာမှုများကို ပြုလုပ်နေကြရမည် ဖြစ်သည်။

'ဟော – ကိုရင်မောင်၊ ကိုရင်မောင် ဖြေနိုင်လား'

'ဩော် – ဝေဝေ အသင့်အတင့်ပါပဲဗျာ၊ ဘယ့်နှယ့်လဲ လူစုံလှချေကလား'

'အဟဲ လူစုံဆို ရုပ်ရှင်သွားကြမလို့'

'ဘာကားလဲဗျ'

'ရရာကားပဲ၊ လက်မှတ်ရတဲ့ကား ဝင်ကြည့်ကြမှာပဲ'

'ဟား ပျော်စရာကြီး'

'လိုက်ခဲ့ပါလား'

ယောကျ်ားလေးတစ်ဦးကို နှုတ်သွက်လျှာသွက်နှင့် ရုပ်ရှင်ကြည့်ရန် ဖိတ်ခေါ်လိုက်သော ဝေဝေ့ကို မမခင်သည် မသိမသာ မျက်စောင်းထိုးလေသည်။ ဝေဝေက မသိချင်ယောင်ဆောင်နေသည်။ ကိုရင်မောင်က ညိုထွေးကို ဝေ့ခနဲ ကြည့်လိုက်သောအခါ၌လည်း ညိုထွေးသည် မသိဟန် ပြုနေလေသည်။

'ကျွန်တော်တို့ ယောကျ်ားသားနှစ်ယောက်ထဲကို မတရားတော့ မလုပ်ကြပါနဲ့နော်'

ဗစ်တာသည် နဖူးခေါင်းပေါ်ကျလာသော မျက်မှန်ထူကြီးကို လက်နှင့် ပင့်တင်လိုက်ရင်း ရယ်စရာလိုလို ပြောသည်။ ခင်ချိုတို့ လူစုနှင့် ရုပ်ရှင်လိုက်ကြည့်ချင်သော်လည်း မရဲတရဲ ကြောက်နေဟန် ရှိသည်။

'ဟေး အချိန်နီးပြီ သွားကြမယ်'

မမခင်က လောဆော်လိုက်သောအခါ အားလုံးထွက်လာဖြစ်ကြလေသည်။ ကိုရင်မောင်နှင့် ဗစ်တာလည်း ယောင်လည်လည်နှင့် ပါလာကြသည်။ ဝေဝေတော့ အဆောင်ရောက်လျှင် ခေါင်းခေါက်ခံရတော့မည် ဖြစ်၏။

'ညိုထွေး ဖြေနိုင်လား'

'ဒီလိုပါပဲ၊ အောင်တော့ အောင်ပါလိမ့်မယ်'

'ဂရိတ်ဖိုက် ဝင်တယ်ထင်ပါရဲ့'

'ဩော် အထင်မကြီးပါနဲ့'

ညိုထွေးသည် ပါးချိုင့်လေးပေါ်အောင် ပြုံးရယ်ရင်း ဖြေသည်။ ဘတ်စ်ကားဆိပ် အရောက်တွင် ညိုထွေး ခေါင်းမှ ပြုတ်ကျသွားသော စံပယ်ကုံးလေးကို ကိုရင်မောင်က ကောက်ပေးလိုက်သည်။

'ညိုထွေး ပန်းသိပ်ကြိုက်တယ်ထင်တယ်'

'ဘာဖြစ်လို့'

'ဩော် အမြဲတမ်း ပန်းတစ်မျိုးမျိုးတော့ ပန်ထားတာလို့ပါ'

ဝေဝေ့ကို အကြောင်းပြုပြီးလိုက်လာသော ကိုရင်မောင်သည် ညိုထွေးနှင့် စကားလက်ဆုံကျနေသောအခါ ခင်ချို အတော်ရယ်ချင်နေသည်။ မိဝေဝေ ပညာစွမ်းတွေ ပြနေပြီ ထင်သည်။ တရားသူကြီးလည်း ဝါသနာပါသည်မို့ သူတို့ ပြောနေသော စကားများကို နားစွင့်ထောင်မိသည်။

'မိဝေဝေ ခွေးမ'

မော်မော်သည် ဝေဝေ့ကို ကျိတ်ပြီး ဆိတ်ကာ အသံအုပ်နှင့် ဆဲလေသည်။ သာသနာဖျက်ရမည့် အရေးတွင် တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်ဘဲ သာသနာ အပြုကောင်း၊ ရေအလောင်းကောင်းနေသည့် ဝေဝေ့ကြောင့် လောင်းကြေးရှုံးတော့မည်ကို တွေးပြီး ရင်လေးနေဟန် ရှိသည်။

'ညိုထွေး ဘာပန်းအကြိုက်ဆုံးလဲ'

'ကြိုက်တာချည်းပါပဲ'

'ကံ့ကော်ရော'

'ကြိုက်တာပေါ့'

'ကျွန်တော်တို့ အဆောင်နားက ကံ့ကော်တွေ ဖူးကုန်ပြီ'

ကံ့ကော်ပင်များသည် စက်မှုတက္ကသိုလ်ဝင်းထဲတွင် အတော်များများ ရှိသော်လည်း မိန်းကလေးအဆောင် နားတွင် မရှိဘဲ ယောကျ်ားလေးဆောင်ဘက်တွင် ဖြစ်သည်။ ခင်ချိုတို့ မိန်းကလေးများသည် ယောကျ်ားလေး ဆောင်ရှေ့က ကံ့ကော်ပင်ကို သွားခူးရဲလောက်အောင်ကား သတ္တိမကောင်းလှပေ။ မနက်အစောကြီး ကျောင်းသား များ မနိုးမီ တိတ်တိတ်ကလေး သွားခူးရန် ကြံစည်ကြသေးသည်။ မောင်မင်းကြီးသား ကျောင်းသားများသည် ညကတည်း က အဖူးကြီးကြီးများကို ခူးပြီး ရေစိမ်ထားကြသည်ဟု ဆိုသည်။ ကံ့ကော်သည် အပင်ပေါ်တွင်ပင် တစ်ပွင့်မှ မပွင့်ကြရရှာပေ။ ဖန်ခွက်ထဲတွင် ပွင့်သော ပန်းလေးများသည် ခင်မင်ရာ ခင်မင်ကြောင်း နီးစပ်ရာ ကျောင်းသူများထံသို့ ရောက်လာတတ်သည်။ အပင်ပေါ်တွင် အပွင့်ရှိမည်မဟုတ်လေသည့်အတွက် မနက်အစော ကြီး လူမနိုးမီ ပန်းခူးရန် ကြံသော ခင်ချိုတို့ လည်း အကြံကို လက်လျှော့လိုက်ကြရလေသည်။

ကိုရင်မောင်ကတော့ ညိုထွေးကို ပန်းကြိုက်သလားဟု မေးနေပေပြီ။ အဆောင်စောင့်ကြီးမှတဆင့် ကံ့ကော်ပန်းလေးများ ရောက်လာလျှင် ခင်ချိုတို့ကပ်ပန်ရဦးမည် ထင်သည်။ ဝေဝေသည် ခင်ချို့ ကို အသာလက် ကုတ်ပြီး မျက်စိတစ်ဖက် မှိတ်ကာ လက်မထောင်ပြလေသည်။

'ဆရာတို့ ရေ ဝေ ဟေ ဟေ'

'ဆရာတို့ ရေ ဝေ ဟေ ဟေ'

'ဒို့ တတွေ စာကြိုးစား ဖျားကြပါရဲ့ဗျား'

'ဝါး'

'ဒို့ တတွေ ဂရိတ်ဝမ်း မပေးပါနဲ့ လား'

'ဝါး'

ကျောင်းသားတစ်သိုက်သည် အော်ရင်းဟစ်ရင်း သံချပ်ထိုးကာ ထွက်လာကြသည်။ ပြုံးသူပြုံး မဲ့သူမဲ့ ရယ်သူရယ် မှိုင်သူမှိုင်နှင့် ဆူညံနေကြသည်။

'ဟေး ကားချောင်တယ် တက်ကြ တက်ကြ'

နံပါတ်ရှစ်ကားတစ်စီး ထိုးအဆိုက်တွင် ခင်ချိုတို့အားလုံး တိုးဝှေ့တက်ခဲ့ကြသည်။ ကားတစ်စီးလုံး ကျောင်းသူကျောင်းသားများသာ ဖြစ်နေသမို့ ဆူညံနေသည်။ လမ်းမတော်အထိ ခရီးရှည် စီးရမည်ဖြစ်သဖြင့် ခင်ချိုတို့သည် ကားရှေ့ပိုင်းအထိ တိုးလာခဲ့ကြသည်။

'ဤဖြေကိုယ်ကြံတာ မပြေလည်လား'

ယုဥ်လျက် ရပ်နေသော ကိုရင်မောင်နှင့် ညိုထွေးကို မေးငေါ့ပြရင်း ဝေဝေက ပြုံးစပ်စပ်နှင့် ပြောသည်။ တတ်လည်း တတ်နိုင်သော ကလေးမလေး ဖြစ်သည်။

'ရုပ်ရှင်ရုံထဲသို့ရောက်သောအခါတွင်ကား မိဝေဝေ ကုလားဖန် မထိုးနိုင်ရှာတော့ပေ။ ကြုံသလိုဝင်ပြီး ထိုင်ကြရသောကြောင့် ညီလေးနှင့် ကိုရင်မောင် ကပ်ပြီးထိုင်ရန် မကြံနိုင်ရှာတော့ပေ။ ကိုရင်မောင့်ဘေးတွင် ရှုံ့မဲ့မဲ့ လေးထိုင်နေရသော ဝေဝေ့ကို ကြည့်ရင်း မော်မော်သည် ကျိတ်၍ ရယ်နေလေသည်။ ပြုံးကျဲကျဲနှင့် မျက်စိ တစ်ဖက်မှိတ်ပြသော မဝါကို ကြည့်ကာ ရှုံ့နေသောဝေဝေ့မျက်နှာလေးတွင်နှုတ်ခမ်းကြီးကစူထွက် လာလေသည်။

'ကိုရင်မောင်တို့အဆောင်နားက ကံ့ကော်တွေ အရမ်းဖူးနေပြီနော၊ ဝေဝေတို့အဲဒီပန်းတွေ လာခူးချင်လိုက်တာ၊ ညီလေးဆိုရင် ကံ့ကော် သိပ်ကြိုက်တာ၊ ဝေဝေတို့အထဲမှာ ညီလေးက ပန်းအကြိုက်တတ်ဆုံး'

ရုပ်ရှင်စ၍ ပြနေချိန်တွင်ပင် ဝေဝေ့အသံကို တိုးတိုးလေး ကြားနေရသေးသည်။ တတ်အားသမျှ လျော့နေ သော ဝေဝေ့ကို ကြည့်ရင်း ခင်ချို အတော်ရယ်ချင်နေသည်။

* * *

## (၁၈)

'သိပ်ရယ်စရာကောင်းတာပဲ ခင်ချိုရေ၊ ဟား ဟား လာကြည့် လာကြည့်'

ထွေးထွေးသည် အခန်းရှေ့ကော်ရစ်ဒါလူသွားလမ်းတွင် ထိုင်နေရင်း ခင်ချို့ကို ခပ်အုပ်အုပ် လှမ်းခေါ်သည်။

'ဟောဒီမှာ ဟောဒီမှာ၊ အုန်းပင်အောက်ကို စောင်းကြီးပိုက်လို့ဝင်ပြေးတယ်'

နွေကျောင်းအားရက်များတွင် ကျောင်းသားများသည် ညဘက်ကျလျှင် မိန်းကလေးအဆောင်များ ဘက်သို့ လာရင်း သီချင်းဆိုလေ့ရှိသည်။ ကိုအံ့ကြီး သီချင်းအေးအေးလေးများကို မယ်ဒလင်နှင့် သာသာလေးတီးခတ်တတ်သူ ရှိသလို ဂီတာနှင့် ဘီတဲလ် သီချင်းဆိုသူများလည်း ရှိသည်။ အေအဆောင်မှ ပလွေသံကမူ စိတ်သည် လေထဲတွင် လွင့်မြောသွားလောက်အောင်ပင် သာယာလှသည်။ အဖွဲ့ပေါင်းစုံတွင် စောင်းကြီးပိုက်ပြီး စည်းနှင့် ဂျပ်ကိုင်ကာလာသော သီချင်းကြီးအဖွဲ့များလည်း ပါသည်။ အဆောင်ရှေ့တွင် တင်ပလင် ခွေထိုင်ကာ စောင်းကြီးကို ညင်းပြောင်းစွာ တီးခတ်ရင်း ဂီတစျာန်ဝင်နေစဉ် ကားဖြတ်သွားပြီး ကားမီးထိုးသော အခါများတွင်ကား ထပြေးတတ်ကြသည်။ မည်သူ မည်မျှ ကြောင်ရဲသည် ဆိုဆို မိန်းကလေးအဆောင်ရှေ့တွင် စောင်းကြီးပိုက်လျက်သား ငုတ်တုတ်ကြီး ကားမီးအထိုးတော့ မခံဝံ့ကြရှာပေ။ ယခုလည်း အုန်းပင်နောက်သို့ ဝင်ပြေးသော ကျောင်းသားတစ်ဦးကို ကြည့်ရင်း ထွေးထွေးသည် အားမနာ ပါးမနာ တခွီးခွီးနှင့် ရယ်နေသည်။

ကားဖြတ်သွားပြီး အတန်ကြာမှ အုန်းပင်နောက်မှ သူသည် ခပ်ကုန်းကုန်းလေး ပြန်ထွက်လာသည်။ ရယ်သံကျိတ်ကျိတ် ထွက်နေသော မိန်းကလေးဆောင်ရှေ့တွင် ကြာကြာမနေရဲတော့ဟန်နှင့် သီချင်းတစ်ပုဒ် ဆိုပြီးသောအခါ ထပြန်သွားလေသည်။

'အိုက်လိုက်တာ၊ အခန်းထဲမှာ အိပ်ရတာ ပူလျောင်နေတာပဲ'

ဝေဝေနှင့်မော်မော်သည် ဖျာတစ်ချပ်ကို ဆွဲရင်း အခန်းအပြင်ထွက်လာကြသည်။ လူသွားလမ်းမီးက လင်းနေသဖြင့် တိတ်တိတ်ကလေး သွားပြီး ပိတ်လိုက်ကြသည်။ မီးရောင်များ လျော့သွားသောအခါမှ လေကလည်း အေးလာသလို အအိုက်သက်သာလာလေသည်။ သို့ရာတွင် လူသွားလမ်းမီးကို ပိတ်ထားကြောင်း အဆောင်မှူး သိလျှင် အဆူခံရမည် ဖြစ်သည်။ အဆောင်ကော်ရစ်ဒါမှောင်နေခြင်းကို ဆရာမများက မကြိုက်ပေ။ အခန်းထဲတွင် အိုက်သဖြင့် အပြင်ထွက်အိပ်သော ခင်ချိုတို့ကလည်း မီးရောင်အောက်တွင် မအိပ်ချင်ကြပေ။ လစ်လျှင် လစ်သလို လူသွားလမ်းမီးကို ခိုးပြီး ပိတ်ထားတတ်ကြသည်။

'ဟေး ဖရဲသီးစားမလား'

'ဟာ စားမှာပေါ့၊ သိပ်စားမှာပေါ့'

မထွေးမြင့်သည် သူ့အခန်းထဲမှ ဖရဲသီးတစ်လုံးမပြီး ထွက်လာသည်။ မြေလတ်ပိုင်းတွင်နေသော မထွေးမြင့်တို့အရပ်တွင် အလွန် ဖရဲသီးပေါလေသည်။ နွေဦးအစ ဖရဲသီးပေါ်ချိန်တွင် မထွေးမြင့် အိမ်ပြန်ပါက

ဖရဲသီးတောင်းလိုက် ပါလာတတ်လေသည်။ ဖရဲစေ့များကိုလည်း တဖျောက်ဖျောက်နှင့် တစ်လလောက် စားမကုန်အောင် သယ်လာတတ်လေသည်။

'ဖရဲသီးက အဝါလား အနီလား'

'အဝါရော အနီရောပါတယ်၊ ကြိုက်တာခွဲ'

'နှစ်ခုလုံး ကြိုက်တယ်'

'ဒါဖြင့် နှစ်ခုလုံးခွဲ'

ဖရဲသီးကြီးသည် နင့်နေအောင်လေးကာ အတော်ကြီးလှသည်။ နှစ်လုံးခွဲလျှင် လေးငါးခြောက်ယောက်စားကုန်မည် မဟုတ်ပါချေ။

ဖရဲခွံထဲသို့ဓားသွားနှစ်လိုက်လျှင်ပင် အရည်များ စိမ့်ထွက်လာအောင် အရည်ရွှမ်းလှသည်။ ရှီးခနဲ ဓားသွားနှင့်အတူ ဖရဲသီးကြီး ထက်ခြမ်းကွဲသွားလေသည်။ အစေ့နည်းကာ အသားများပြီး အရည်ရွှမ်းလှသော ဖရဲသီးနီနီမှ ချိုအေးသော အနံ့က ဝေ့ထွက်လာသည်။ ခေါင်းအုံးတွင် မျက်နှာအပ်ကာ စိတ်မဝင်စားဟန်နှင့် အိပ်နေသော မိသည် ဖရဲသီးနံ့ကို ရှူရှိုက်ရင်း ငေါက်ခနဲ ထထိုင်လေသည်။

'ဟာ ချိုတယ်၊ ချိုတယ်၊ သိပ်ကောင်း၊ နောက်တစ်လုံးဆိုရင် ပိုကောင်းဦးမယ်'

ထွေးထွေးသည် ပထမဆုံး အစိပ်ကို ကောက်စားနေပြီး နောက်တစ်လုံးကို မျက်စောင်းထိုးနေလေသည်။ ချိုအေးနေသော ဖရဲသီးရည်သည် ရင်ထဲသို့စိမ့်ဝင်နေသွားပြီး အေးမြသွားလေသည်။

နောက်တစ်လုံးခွဲသောအခါ သကြားခဲကလေးများပင် အူတိုင်တွင် ကပ်နေလေသည်။ ဖရဲသီးအနီနှင့် အဝါသည် တစ်လုံးနှင့်တစ်လုံး ချိုပုံခြင်း မတူကြချေ။ တစ်မျိုးစီကောင်းပြီး တစ်မျိုးစီ ချိုကြလေသည်။ ဝေဝေနှင့် ထွေးထွေးက အနီကို ကြိုက်ကြသည်။ မဝါ၊ မော်မော်နှင့် မိက အဝါရောင် ကြိုက်သည်။ ခင်ချိုကမူ နှစ်မျိုးလုံး ကြိုက်လေသည်။

'ဒီနေ့ပဲ မေမေ့ဆီက စာလာသေးတယ်'

ခင်ချို့လက်ထဲမှ ဖရဲသီးစိပ် အလယ်သားလေးကို ဖြတ်ခနဲ လုယူလိုက်ရင်း ဝေဝေက ခပ်တိုးတိုးလေး ပြောလေသည်။

'ဘာတဲ့လဲ'

'မောင်ရင်မောင်ကို သမီးသိပြီလားတဲ့၊ သမီးသဘောထားရော ဘယ်လိုလဲတဲ့– အဟဲ'

'ကိုရင်မောင့်အမေကလဲ သူ့သားဆီ ဝေဝေ့အကြောင်း စာရေးလောက်ရောပေါ့'

'အဲဒါဆိုရင်တော့ ဒုက္ခပဲ၊ ဒါပေမယ့် မေမေက သမီးသဘောမေးပါရစေဦးလို့ ပြောထားတယ်တဲ့'

'တော်သေးတာပေါ့'

လရောင်မှိန်မှိန်ဖျော့ဖျော့တွင် ဝေဝေ၏မျက်နှာပြုံးပြုံးလေးကို မြင်နေရသည်။ အမေ့ဝမ်းက ကျွတ်ကတည်းက မငိုဘဲ ရယ်လျက်သား မွေးလာသော ကလေးမလေးမို့ယခုလည်း မပြုံးမပျက် ရယ်နေနိုင်ခြင်း ဖြစ်လိမ့်မည် ထင်ရသည်။ သူ့သဘောတူထားသော သတို့သား လောင်းလျာကို အသည်းခွဲရေးအတွက် မရသေးသော အလုပ်၏

လခတစ်လခကို လောင်းကြေးထပ်ထားကြောင်းသာ ဝေဝေ့အမေသိလျှင် မည်ကဲ့သို့ဖြစ်သွားမည်ကို ခင်ချို စဉ်းစား၍ မတတ်နိုင်ချေ။ သူ့သမီးပေါက်ကျော်ကို ကိုင်ပြီး ဖွတ်ချင်လိမ့်မည်ကား အသေအချာပင်။

'ကိုရင်မောင် ညိုထွေးကိုတော့ အတော်စိတ်ဝင်စားနေပုံပဲနော်'

'ဟုတ်တယ် ညိုထွေးက ဘာမှ ထူးထူးခြားခြား ဟန်ရေးတောင် မပြသေးဘူး၊ မော်မော်တို့တော့ ရှုံးမှာပါပဲ'

ခင်ချိုက ပြောသောအခါ မိသည် ခပ်တိုးတိုးလေး ရယ်လိုက်လေသည်။ ရယ်သာရယ်လိုက်သော်လည်း မိ၏မျက်လုံးလေးများ အတွန့်ချိုးကာ မျက်မှောင်လေး မသိမသာ ချီနေလေသည်။

'တကယ်လို့ညိုထွေးကပါ ကိုရင်မောင်ကို ပြန်ပြီး ကြိုက်မယ် ဆိုရင်တော့ တရားသူကြီးက အရှုံးအနိုင်ကို ဘယ်လို ဆုံးဖြတ်မှာလဲ'

'ဟင်'

ခင်ချို တစ်ခါမှ မတွေးမိ၊ ဒီပြဿနာကို တစ်ခါမှ မတွေးမိချေ။ ညိုထွေး၏ အသည်းနှလုံးကို မေ့ထားမိသည်ဟု ပြောရမည် ထင်သည်။

'ညိုထွေးက ဘာပြောလို့လဲ'

'အို သူကတော့ ဘာပြောမလဲ၊ ဒါပေမယ့် သူက အင်မတန် သနားတတ်တဲ့ မိန်းကလေးမဟုတ်လား၊ ကိုရင်မောင်ကလဲ တကယ့်ကို လူကောင်းလူအေးတစ်ယောက်ပဲ၊ ညိုထွေးဟာ ကိုယ့်ကို တကယ်မေတ္တာစစ်နဲ့ ချစ်လာတဲ့ လူတစ်ယောက်ရဲ့နှလုံးသားကို ခွဲပစ်ရက်ပါ့မလား၊ အပြောနဲ့အဟောညီအောင် လုပ်နိုင်ပါ့မလား'

'ဟာ ဟ သူတို့နှစ်ယောက် တကယ်ကြိုက်သွားရင် အေးရော၊ သိပ်ကောင်းမှာ'

အရေးထဲတွင် ဝေဝေသည် ဝမ်းသာအားရ ထအော်နေလေသည်။ ခင်ချိုသည် လကွေးကွေးကို သံတိုင်ကြားမှ ငဲ့စောင်းကြည့်ရင်း မာနကြီးသော မိန်းကလေး၏ ကရုဏာရိပ်သမ်းသော မျက်လုံးညိုလေးများကို မြင်ယောင်လာမိသည်။ လေပြေလေအေးက တသွင်သွင် တိုက်ခတ်လာသော်လည်း ခင်ချို့ရင်ထဲတွင် မအေးနိုင်အောင် ပူလောင်နေသည်။

'အမ် မာ လေး ကယ်ကြပါဦး၊ အင့် အင့် တင်းလိုက် တာ'

'ဟော တော့'

ခင်ချိုတို့စကားဝိုင်းကို လုံးဝစိတ်မဝင်စားဘဲ ဖရဲသီးတစ်စိတ်ပြီး တစ်စိတ် မဲစားနေသော ထွေးထွေးကို ယခုမှပင် သတိထားမိတော့သည်။ ဖျာပေါ်တွင် ပက်လက်လန်ကာ တအင့်အင့် ဖြစ်နေသည်။ မရှုနိုင် မကယ်နိုင် ဖြစ်နေလေသည်။

'ထွေးထွေး ဟော့ – ထွေးထွေး ဘာဖြစ်နေတာလဲ'

'ဖရဲသီးစားတာ သိပ်များသွားတယ်၊ ဗိုက်ကို တင်းဖောင်းနေတာပဲ လုပ်ပါဦး'

ထွေးထွေးက အသံယဲ့ယဲ့နှင့် ပြောသည်။ သူ့ဗိုက်ကို စမ်းကြည့်သောအခါ တင်းပြီး အေးစက်နေသည်။ လက်နှင့် ပုတ်ကြည့်သောအခါ တဗုံဗုံ မြည်လာသည်။

ဖရဲသီးကိုပင် စားပိုးနင့်အောင် စားသော ထွေးထွေးလို လူမျိုးသည် တစ်သောင်းတွင် တစ်ယောက်ပင် ရှိမည် မထင်။

'စူစကာပုဏ္ဏားဟာ ဖျားလို့သေတာ မဟုတ်ဘူးနော် မိထွေးရဲ့'

မဝါသည် အခန်းထဲမှ ပရုပ်ဆီဘူးကို အပြေးအလွှား ဝင်ယူရင်း ပြောသည်။ ဝေဝေနှင့် မော်မော်ကမူ ထွေးထွေး၏ ဗိုက်ကို တစ်လှည့်စီ သာသာလေး ပုတ်ကြည့်ရင်း ရယ်နေကြသည်။ ရယ်လည်းရယ်စရာ ၊ သူ့ ဗိုက်ထဲ တွင် ဖရဲသီးရည်များနှင့် တင်းဖြည့်ကာ တကျိုးကျိုး တဂွားဂွား မြည်နေသည်။ ပုတ်လိုက်လျှင် ဗုံခနဲ မြည်ကာ တူရိယာသံထွက်လာသည်။ အလောင်းစည်သူမင်းကြီးကြားလျှင် တူရိယာအသစ် တည်ထွင်လိမ့်ဦးမည် ထင်သည်။ အလောင်းစည်သူမင်းကြီး၏ မိဖုရားကြီးသည် ထွေးထွေးလို ဖရဲသီးဗိုက်ကားအောင် စားပြီး စားပိုး မနင့်ဖူးသည့်အတွက် ဂီတလောကတွင် နစ်နာမှုကြီး ဖြစ်သွားရသည်။

'စူစကာ ပုဏ္ဏား ဖျားလို့သေတာမဟုတ်ဘူးနော်၊ ဖျားလို့သေတာ မဟုတ်ဘူး'

ထွေးထွေး၏ ဗိုက်တွင် ပရုပ်ဆီလူးပေးရင်း မဝါသည် တဖြစ်တောက်တောက် ပြောနေလေသည်။ ထွေးထွေးကမူ ဘာမှ ပြန်မပြောနိုင်၊ ဗိုက်ကြီးလုန်ကာ စန့်စန့်ကြီး ဖြစ်နေသည်။ ပရုပ်ဆီနိုင်နိုင် လူးသဖြင့် အေးစက်တင်းဖောင်းနေသော ဗိုက်သည် အတန်ငယ်သက်သာလာသော အခါမှ သူ့ ဗိုက်ကို တစ်လှည့်စီ ပုတ်နေကြသော ဝေဝေနှင့် မော်မော်ကို 'ဒသဂီရိ' 'ခေါင်းမဆန့်'တို့နှင့် ပေးစားကာ အသံသဲ့သဲ့နှင့် ဆဲနေလေ သည်။

'ဟောတော့ ထွေးထွေး ဘာဖြစ်နေတာလဲ'

'စားပိုးနင့်လို့'

ခေါင်းအုံးတစ်လုံးပိုက်ကာ ခင်ချိုတို့ဘက် လျှောက်လာသော ညိုထွေးသည် ဗိုက်ကြီးလုန်ကာ ပရုပ်ဆီ အလိမ်းခံနေရသော ထွေးထွေးကို ကြည့်ရင်း အလန့်တကြား ဖြစ်သွားသည်။

'ဒသဂီရိရဲ့ရည်းစားက ထွေးထွေးဗိုက်ကို ပုတ်တယ်၊ ခေါင်းမဆန့်ရဲ့အဆက်က ထွေးထွေး ဗိုက်ကို ပုတ်တယ်'

ထွေးထွေးသည် ဘိန်းစားသံနှင့်ဆီးပြီး တိုင်နေလေသည်။ သူမရှုနိုင် မကယ်နိုင် တအင့်အင့် ဖြစ်နေသည် ကို ဘေးမှ တဝါးဝါး ရယ်နေကြသည့်အတွက် အတော်ခံပြင်းနေပုံရလေသည်။

'ဟဲ့ ဒသဂီရိရဲ့ရည်းစား ထွေးထွေးကို ဘာလို့စရတာလဲ – ဟွန်း ခေါင်းမဆန့်ရဲ့အဆက်နော်'

ညိုထွေးသည် ထွေးထွေး၏အသံကို လိုက်ပြီး အခြောက်တိုက် ဝင်ကြိမ်းလေသည်။ မမခင်သည် ဖျာတစ် ချပ်ဆွဲကာ ရောက်လာပြန်သဖြင့် ခင်ချိုတို့လူစုသည် အတော်အင်အားတောင့်လာလေသည်။ ဖျာနှစ်ချပ်ကို ဆက်ခင်းကာ သံတိုင်များကို ခေါင်းဆိုက်ပြီး စီတန်းအိပ်ကြရသည်။ အခန်းထဲတွင် အိုက်သော်လည်းအပြင်ဘက် တွင် အတန်ငယ်ချမ်းသယောင် ဖြစ်လာအောင်ပင် အေးလာသည်။

ညိုထွေးသည် လကွေးကွေးကို ငေးကြည့်ရင်း 'သရက်ပင်အောက်ဝယ်' သီချင်းကို တိုးတိုးလေး ငြီးနေသည်။ ညိုထွေး၏အသံသည် အေးဆေးပြီး နွဲ့လေသည်။ ဟိုး အဝေးကြီးမှ လွင့်မျော၍ လာသလို ငြိမ့်ပြီး ဝဲနေသည်။ ညိုထွေးက အမှတ်မဲ့ဆိုနေခြင်းဖြစ်သော်လည်း ခင်ချိုတို့ အားလုံးငြိမ်ပြီး နားထောင်နေမိကြသည်။ စူစကာ လက်သစ် ထွေးထွေးသည်လည်း မျက်တောင်စင်းမေးကာ အိပ်ပျော်သွားလေသည်။ညိုထွေး၏ တေးသံတွင် လွင့်မျောနေကြသော ခင်ချိုတို့၏စိတ်အာရုံကို အောက်ဖက်လမ်းမှ သီချင်းသမားများက ဖျက်ပစ်လိုက်သည်။

'မိန်းမဆိုတာ ယောကျ်ားများရဲ့ ဓာတ်စာတစ်မျိုးပါ။

လူပိျူမြင်ရင် မျက်စောင်းထိုးလို့ ၊ စိတ်မှာ တစ်မျိုးပါ၊

ကြက်မဘယ်လောက်တွန်တွန်၊ မိုးမလင်းပါဘူးဗျာ'

'ဟောတော့ လူပါးဝလိုက်တာ'

မဝါသည် အိပ်နေရာမှ လူးလဲပြီး ခေါင်းထောင်ကြည့်သည်။ အဆောင်ရှေ့ဘက် မှောင်ရိပ်တွင် ကျောင်းသားလေးယောက်ကို တွေ့ရသည်။ မှောင်ရိပ်ကွယ်တွင် ထိုင်ရင်း မထိတထိ စနေကြခြင်း ဖြစ်သည်။ မိန်းကလေးအဆောင်ရှေ့လာပြီး ကြက်မတွန်၍ မိုးမလင်းဟု အော်ဆိုနေခြင်းသည် မိန်းမလောကကို စော်ကားနေခြင်း ဖြစ်သည်ဟု ခင်ချိုတို့အားလုံး ယူဆမိကြသည်။

'မိန်းမဆိုရင် ဒို့မကြောက်၊

ကြောက်မိပြန်ရင်ငါးပါးကြီးကို

မှောက် ကြက်မဘယ်လောက် တွန်တွန် မိုးမလင်းပါဘူးဗျာ'

အဆောင်အောက်မှ ဝေ့တက်လာပြန်လေသည်။ ပိတောက်ပင်ရိပ်နှင့် အုံးပင်ရိပ်ညိုညိုတွင် ခိုပြီး ဆိုနေကြခြင်းကြောင့် လူဟန်ကိုလည်း ဖမ်း၍မရချေ။ ကျောင်းသားပေါင်း သောင်းခြောက်ထောင်တွင် မည်သူ့အသံဖြစ်မည်နည်းဟူ၍လည်း ခင်ချိုတို့ ရေးရေးမျှ မတွေးမိနိုင်ကြချေ။

'လူပိျူမြင်ရင် မျက်စောင်းထိုးလို့ စိတ်မှာတစ်မျိုးပါ၊

ကြက်မ ဘယ်လောက်တွန်တွန် မိုးမလင်းပါဘူးဗျာ

ကြက်မဘယ်လောက်တွန်တွန် မိုးမလင်းပါဘူးဗျာ'

'အောက်အီးအီး – ကြက်ဖ

–ဟား – မိုးမလင်းသေးပါလား – ဟား – ဟား – ဟား'

သီချင်းတစ်ခေါင်ကျော်၍ အပြီးတွင် ဝေဝေနှင့် မော်မော်သည် သံပြိုင်အော်ကြလေသည်။ ကြက်အော်သံ 'အောက်အီးအီးအွတ်' ကို ရွဲ့ပြီး 'အောက်အီးအီး ကြက်ဖ' ဟု အော်လိုက်သဖြင့် ဂီတသမားများသည် အမ်းသွားဟန်နှင့် ငြိမ်ပြီး တိတ်သွားကြသည်။ သူတို့ကမှောင်ရိပ်ခိုနေသလို ခင်ချိုတို့လူစုကလည်း အမှောင်ရိပ်တွင် ကပ်နေကြသဖြင့် တစ်ဦးနှင့်တစ်ဦး လူလုံးမသဲကွဲချေ။ လူဟန်ဖမ်း၍ မရချေ။ မော်မော်တို့ အောက်အီးအီး အအော်ကောင်းသဖြင့် ဘာဆက်ဆိုရမည် မသိဘဲ ငြိမ်သွားကြသော သူကောင့်သားများကိုကြည့်ကာ ခင်ချိုတို့ အားလုံး ဝမ်းသားအားရနှင့် ကျိတ်ပြီး ရယ်မိကြသည်။

'အိုး – မိန်းမဆိုရင် ဒို့မကြောက်

ကြောက်မိပြန်ရင် ငါးပါးကြီးကိုမှောက်

ကြက်မဘယ်လောက်တွန်တွန် – မိုးမလင်းပါဘူးဗျာ

ကြက်မဘယ်လောက်တွန်တွန်– –'

'ဟား အောက်အီးအီးကြက်ဖ၊ ဟင် – မှောင်လို့ မည်းလို့'

ကျောင်းသားများက မလျှော့ဘဲ တစ်ပတ်ကျော့သောအခါ ဝေဝေတို့ကလည်း ကဲ၍ အော်ကြလေသည်။ အလယ်တွင် ငြိမ်၍ နားထောင်နေသော ကျောင်းသူများ၏ ရယ်သံသည် ဝဲတက်လာသည်။ ယောကျ်ားလေးများ တူထုလျှင် မိန်းကလေးများ လွတ်ိုက်ရသော စက်မှုကျောင်းသူများဖြစ်သည့်အတွက် မိန်းကလေးများကို တစ်ဆင့်နှိမ့်ပြီး နှိမ်လျှင် မည်သည့် ကျောင်းသူမှ သည်းခံနိုင်လိမ့်မည် မထင်။

မမခင်ကမူ ဝေဝေတို့ကို 'သိပ်မကဲနဲ့ အဆောင်မှူး သိသွားမယ်' ဟုပြောရင်း ထိန်းလေသည်။ သူလည်းမခံချင် ဖြစ်နေသဖြင့် မအော်နဲ့ဟူ၍တော့ မပြောချေ။ ဝေဝေတို့၏ ထိပ်ကိုလည်း မခေါက်ချေ။ ဂျီဟောရှေ့လာပြီး မိန်းကလေးများကို မထိတထိ နှိမ်လေသူများကို သူလည်း ခွင့်လွှတ်နိုင်ဟန် မတူချေ။

'ငွေစန္ဒာရောင်ခြည် ၊ ထိန်လင်းတော့သည်

ဘုံကြိုးပြတ်တဲ့ – မိုးနတ်မဒီ

သဒ္ဒါကပိုသည် ၊ ကညာနမကိုပဲ

အသည်းစွဲ ချစ်တော့မည်'

ကြက်ဖများသည် ကြာကြာအော်လျှင် မိုးလင်းသွားမည်ကို စိုးရိမ်သောကြောင့် ထင်သည်။ အတန်ကြာရပ်သွားပြီးမှ သီချင်းပြောင်းဆိုကာ စစ်ပြေငြိမ်းရေး ကမ်းလှမ်းလာလေသည်။ မော်မော်သည် ပါးစပ်ကို အုပ်ကာ ကျိတ်၍ ရယ်နေသည်။ တစ်ဖက်က သီချင်းအကောင်းဆိုတော့လည်း သူတို့သည် ဘာမှ ပြန်မအော်ကြတော့ဘဲ ငြိမ်၍ နားထောင်နေကြလေသည်။

'ဒါကြောင့်မို့လို့ ကိုရင်မောင်က ပြောတာ၊ ညိုထွေးတို့ ဂျီဟောရှေ့မှာ အဖော်မပါဘဲ တစ်ယောက်ထဲများ မလျှောက်ဝံ့ပါဘူးတဲ့၊ သိပ်ပြီး ခြေလှမ်းမှားတယ်တဲ့'

'ဩ – ကိုရင်မောင်က ပြောတယ်လား'

'အင်းလေ'

'မမယ်မကို ပြောတယ်လား'

'အင်းလေ'

'ဩော် ဩော် ကိုရင်မောင်က မမယ်မကို ပြောတယ်လား'

ညိုထွေးသည် သိလျက်နှင့် မသိဟန်ဆောင်ပြီး အကြောင်းရိုက်ကာ မေးနေသော ဝေဝေ့ကို ပြုံးပြုံးလေး ကြည့်နေလေသည်။ လရောင်ဖျော့ဖျော့တွင် ညိုထွေး၏မျက်နှာလေးသည် ပျော့ပြောင်းနူးညံ့နေသည်ကို ခင်ချို သတိထားမိသည်။

'ညိုထွေး ကိုရင်မောင်နဲ့ စကားပြောတော့ ရင်မခုန်ဘူးလား'

ခင်ချိုက တိုးတိုးလေး ကပ်မေးသောအခါ ညိုထွေးသည် ခင်ချိုကို တွေတွေဝေဝေလေး စိုက်ကြည့်နေပြီး ရယ်လေသည်။ အရေးမစိုက်ဟန်နှင့် လှောင်ရယ်ကလေး ရယ်နေရာမှ မသိမသာ သက်ပြင်းလေး ရှိုက်လိုက်သည်ကို ခင်ချိုက မြင်ဖြစ်အောင် မြင်လိုက်မိသေးသည်။

ညိုထွေး၏ မျက်လုံးညိုညိုကလေးများသည်လည်း လှောင်ရိပ်သမ်းကာ ရွှန်းလဲ့နေသည်။ သို့သော် ရယ်ရွှင် မနေဘဲ ညှိုးနေသည်ဟု ခင်ချိုထင်မိလေသည်။

* * *

(၁၉)

ဘန်ဒါရွက်နီနီများသည် လေအဝှေ့တွင် ဝေ့ဝဲကာ ကြွေလွင့်သွားကြသည်။ အဆောင်ဝက ဘန်ဒါပင်နှစ်ပင်သည် သုံးလေးနှစ်အတွင်း မြင့်မားကာ ထွားတက်လာသည်။

'ပျင်းလိုက်တာ'

ညိုထွေးသည် လေတွင်ဝဲနေသော ဘန်ဒါရွက်နီနီကို ငေးကြည့်နေရင်း ငြီးလေသည်။ နွေရာသီကျောင်းပိတ်ရက်မို့ ဂျီဟောတစ်ဆောင်လုံး တိတ်ဆိတ်နေသည်။ ရှိသော ကျောင်းသူ အနည်းငယ်ကလည်း ရက်အားမို့ ဌာနပြန်နေကြသည်။ ဘွဲ့ယူစစ်တမ်းပြုစုနေရသော နောက်ဆုံးနှစ်ကျောင်းသူများသာရှိသော အဆောင်သည် ငြိမ်ပြီး တိတ်နေသည်။ ခါတိုင်းပျင်းလျှင် မြို့ထဲ ထွက်ပြီး လည်နိုင်သော်လည်း ယခုအခါတွင်ကား ရေကြောက်သဖြင့် မထွက်ရဲကြချေ။ ဩော် ဘာလိုလိုနှင့် အတာကူးသော တန်းခူးလသို့ပင် ရောက်လာပြီ မဟုတ်ပါလား။

'နှစ်သစ်နဲ့ သင်္ကြန်ကျလေ၊

အပြစ်ဖြစ်မယ့် အတွင်းရန်ဘယတွေ

သွေကြောင်းနဲ့ ရေလောင်းကာ ထွေထွေ

တောင်းဆုချွေ'

ညိုထွေးသည် တိုးတိုးလေး ဆိုနေသည်။ အင်းစိန်လမ်းမဘက်မှ ရေကစားသံသည် တစ်ခါတစ်ရံ အဆောင်ဘက်သို့ လွင့်ပျံ့လာလေသည်။

ခင်ချိုတို့ အဆောင်ဘက်တွင်မူသင်္ကြန်ကျနေသည်နှင့်ပင်မတူ။ခြောက်သွေ့ တိတ်ဆိတ်နေသည်။ မမခင်နှင့် မဝါတို့တတွေကမူ ဂျင်မီတို့လူသိုက်နှင့်အတူ ကားမှာပြီး ရေကစားထွက်ကြသည်။ ရေကြောက်သော ခင်ချိုနှင့် ညိုထွေးနှစ်ဦးသာ အဆောင်တွင် ကုတ်ပြီး ကျန်ရစ်ခဲ့ကြလေသည်။ အလယ်ထပ်မှ ဝင်းဝင်းတို့ကမူ သင်္ကြန်ထမင်း ချက်ပြီး ငါးခြောက်ကြော်ရန် စီမံနေကြလေသည်။

ခင်ချိုနှင့်ညိုထွေးကမူ ပျင်းပျင်းရှိသည်နှင့် ဘန်ဒါပင်ရိပ်က ခုံတန်းလေးတွင် ဆင်းထိုင်နေမိကြသည်။ ဘန်ဒါရွက်ကြွေများကို တစ်ရွက်ပြီး တစ်ရွက် ရေတွက်နေမိသည်။ မာလကာပင်မှ အသီး သွားရှာသေးသည်။

အကျစ်များသာ ရှိ၏။ ပွပွဆိုလျှင် တစ်လုံးမျှ မကျန်ချေ။

'ဟေး ပိတောက်ပင်ကြီးရေ ပွင့်တော့ ပွင့်တော့ မြန်မြန် ပွင့်တော့'

အဆောင်အဝင်ဝတွင် လက်ချင်းယှက်ကာ ကိုင်းညွှတ်နေဟန် ရှိသော ပိတောက်ပင်နှစ်ပင်တွင် လည်း အဖူးများ စီရရီဖူးနေပြီ ဖြစ်သည်။ ဒီနှစ်မှ စဖူးသော အပင်မို့ ခင်ချိုတို့ အားလုံး ပွင့်မည့်ရက်ကို တမော့မော့နှင့်

မျှော်မိကြသည်။ ညိုထွေးသည် ပိတောက်ရွက်များကို ခုန်ဆွဲကာ စိတ်မရှည်သလို ပြောနေသည်။ သင်္ကြန်ကျပြီဖြစ်သော်လည်း ပိတောက်ဖူးများက ပွင့်မည့် အရိပ်အယောင် မပြသေးချေ။

'ညိုထွေးရေ လာ လာ အလကားနေ အလကားပဲ၊ ဘန်ဒါစေ့ လာထကွာ'

ဘန်ဒါပင်ရင်းတွင် ကျဲပြန့်နေသော ဘန်ဒါသီးနီနီများကို ကြည့်ရင်း ငယ်စဉ်က ဘန်ဒါစေ့ ထုစားကြသည်ကို သတိရမိသည်။ ဘန်ဒါသီး အစေ့ကို လှေကားအုတ်ခဲပေါ်တင်ပြီး အုတ်ခဲနှင့် နာနာထုသောအခါ ကွဲသွားပြီး အထဲမှ အဆံဖြူဖြူလေး ထွက်လာသည်။ အားလွန်သွားလျှင် အဆံပါ ကြေသွားပြီး ရှာမရအောင် ဖြစ်သွားတတ်သည်။ ခပ်ဆတ်ဆတ်လေး ထုပြီး အစေ့အက်သောအခါ အသာကလေး ဆွဲဟလိုက်ပါက အဆံလိုက် မကျိုးမကြေ ရလေသည်။ စိမ်းဆတ်ဆတ်နှင့် ဆိမ့်နေသော ဘန်ဒါဆံကို ခင်ချိုငယ်စဉ်က အလွန်ကြိုက်ခဲ့သည်။ ထို့ကြောင့် ဘန်ဒါစေ့မြင်လျှင် အုတ်ခဲနှင့် ထုစားချင်သော ငယ်ကျင့်ကလေးကို မဖျောက်နိုင်အောင် ရှိတတ်သည်။

'ဟာ ခင်ချိုရာ ထုရတာနဲ့ စားရတာနဲ့ လဲ မကာမိဘူး'

'ကာမိပါတယ် ထုသာထု'

'ဒီကမ္ဘာလောကကြီးမှာ ဆန်တွေ မရှိဘဲ ဘန်ဒါစေ့သာ ထုစားကြရမယ်ဆိုရင် လူတွေ လက်မောင်းကြီးတွေကို ထန်းလုံးလောက် တုတ်လာကြမှာ'

'ဘာဖြစ်လဲ ဘယ်လောက်ကျန်းမာရေးနဲ့ ညီမလဲ'

ဘန်ဒါသီး သုံးလေးသီးခန့် ထုအပြီးတွင်မူ ညိုထွေးသည် ဆက်မထုနိုင်တော့ဟန်နှင့် အုတ်နီခဲ ကို ပစ်ချလိုက်ရင်း ငြီးလေသည်။ သူထုသမျှ အသီးများသည်လည်း အားလွန်ကုန်သဖြင့် အဆံကောင်းကောင်း တစ်ခုမျှ မရချေ။ အကျိုးနှင့်အကြေများ ဖြစ်ကုန်သဖြင့် စား၍ မကောင်းချေ။

'ညိုထွေး ဘာလုပ်နေတာလဲ'

'ဟောတော့ ကိုရင်မောင်'

ညိုထွေးသည် ငုတ်တုတ်လေးထိုင်ရင်း ဘန်ဒါသီးအကြေထဲမှ အဆံဖြူဖြူလေးများကို ရွေးနေရာမှ အနားရောက်လာသော ကိုရင်မောင့်ကို သတိမထားမိချေ။ စကားသံထွက်လာသောအခါမှ အလန့်တကြား မော့ကြည့်ပြီး ကမန်းကတန်း ထရပ်လိုက်လေသည်။ ခင်ချိုလည်း ထုလက်စ ဘန်ဒါသီးများကို တွန်းဖယ်ပြီး မတ်တပ်ရပ်လိုက်မိသည်။ ဂျီဟောသူများ ဘန်ဒါသီးထုစားနေကြ သည်ဟု ရပ်ကျော်ရွာကျော် မောင်းတီးခံရမည်ကို စိုးရိမ်သောကြောင့် ဖြစ်ပါသည်။

ကိုရင်မောင်သည် တစ်ခါမျှ မိန်းကလေးဆောင်သို့ အလည် မလာဖူးချေ။ သူ့နောက်တွင် တစ်ကိုယ်လုံး ရွှဲစိုနေသော ဇစ်တာနှင့် ကိုသန်းဝေကို တွေ့ရသည်။

'ကျွန်တော်တို့တွေ ဆရာကြီးကို ရေကန်တော့ပြီး ပြန်လာကြတာ ခင်ချိုတို့တတွေ တကုန်းကုန်းနဲ့ ဘာလုပ်နေကြတာလဲလို့ ဝင်ကြည့်တာ၊ လက်စသတ်တော့ ဘန်ဒါသီးထုနေကြတာကိုး'

ကိုသန်းဝေသည် သူတို့လာရခြင်း အကြောင်းရင်းကို ရယ်ဟဟနှင့် ရှင်းပြလေသည်။ ဆရာများ နေသော အိမ်များသည် မိန်းကလေးအဆောင်အလွန်တွင် ရှိ၍ အသွားအပြန် အဆောင်ရှေ့က လမ်းမှ ဖြတ်သွားရစမြဲဖြစ်သည်။ ယခုလည်း ခရီးသွားဟန်လွှဲ ဘန်ဒါသီးထုပုံ ဆန်းနေသဖြင့် ဝင်ပြီး စပ်စုကြဟန် တူသည်။

'ဘန်ဒါဆံက စားလို့ သိပ်ဆိမ့်တာ'

ခင်ချိုလည်း ပြောမိပြောရာ ပြောလိုက်မိသည်။ ဇစ်တာသည် ရယ်ချင်လှသော်လည်း မရယ်မိရန် နှုတ်ခမ်းကို အတင်းစေ့ပြီး ပါးစပ်ပိတ်ထားသည်။ မျက်မှန်ထူကြီးအောက်မှ နှာခေါင်းကြီးသည်ကား ပွစိပွစိ ဖြစ်နေလေသည်။ တဟားဟား ရယ်ချလိုက်သည်ကမှ တော်သေးသည်။ သူ့မျက်နှာဖြည်းစပ်စပ်ကြီးကြောင့် ခင်ချိုတို့ ပိုပြီး အနေခက်သည်။

'ခင်ချိုတို့ ရေပက်ခံ မထွက်ဘူးလား'

'ဟင့်အင်း'

'တစ်ခါမှ သင်္ကြန်ရေ မထိသေးဘူးပေါ့'

'မထိသေးဘူး'

'ဟာ ဒီလိုဆို ဘယ်ဖြစ်မလဲ'

သူတို့သည် ရယ်မောပြောရင်း လက်နောက်ပြန်ဖွက်ထားသော ရေဖလားများနှင့် သွန်းလောင်းချကြသည်။ အော်ဖို့ ရန်ပင် အချိန်မရ။ တစ်ကိုယ်လုံး အေးခနဲ ဖြစ်ကာ ရွဲစိုသွားသည်။ ခင်ချိုရော ညိုထွေးပါ ကိုယ့်ဟာကိုယ် ဘန်ဒါစေ့ ထုစားကြသည်ကို ရှေ့လော ကြီးပြီး ရက်သွေးမွှန်နေကြသဖြင့် သူတို့တွင် ရေဖလား ပါလာလိမ့်မည်ကို သတိမထားမိနိုင် အောင် ဖြစ်သွားကြသည်။ သတိလစ်သွားသည်ဟု ဆိုရပေမည်။ ရေကြောက်၍ အဆောင်အောင်းနေကာမှ ရွှဲဆိုသွားရသဖြင့် စိတ်လည်းညစ်၊ ရယ်လည်း ရယ်ချင်သွားသည်။

'ညိုထွေး စိတ်မဆိုးကြေးနော်'

ကိုရင်မောင်သည် ရေစက်များတင်ကာ ဝင်းပနေသော ညိုထွေး၏မျက်နှာလေးကို တွေးငေးငေး ကြည့်ရင်း တောင်းပန်သလို ပြောသည်။ ညိုထွေးသည် ရေစက်များတင်ကာ ညွတ်ကျနေသော မျက်တောင်စင်းရှည်ရှည်ကို တစ်ချက်နှစ်ချက် ခတ်ပြီး နှုတ်ခမ်းစေ့ထာလေသည်။ ရယ်လည်း မရယ်၊ ပြုံးလည်း မပြုံး၊ စိတ်ဆိုးဟန်လည်း မပြဘဲ ငြိမ်နေသော ညိုထွေး၏ ဟန်ကလေးသည် တစ်ဖက်လူကို မနေတတ် မထိုင်တတ် ဖြစ်လာအောင် စွမ်းနိုင်ဟန် ရှိသည်။

'ဟေး ညိုထွေးက စိတ်ဆိုးလို့ လား'

ဇစ်တာက မေးသောအခါ ညိုထွေးသည် နှုတ်ခမ်းညွတ်ရုံလေး ပြုံးပြီး အေးအေးဆေးဆေး ခေါင်းခါပြ လေသည်။ ညိုထွေး၏ အေးစက်စက်အမူအယာလေးကို ကြည့်ရင်း သူ့မျက်လုံး ညိုညိုများကိုပါ သတိထား အကဲခတ်မိသည်။ နူးညံ့ရွှန်းစိုနေသော မျက်လုံးလေးများသည် ညိုထွေးစိတ်မဆိုးကြောင်း တိတ်တခိုး ပြောပြနေ ကြသည်ကို ခင်ချိုမြင်လိုက်ရသည်။

'ဟေး ဝိုင်းကြ ဝိုင်းကြ၊ ဂျီဟောအထိ နယ်ကျူးလာတဲ့ ကျူးကျော်သူတွေကို ဝိုင်းကြ ဖမ်းကြ'

ဝေဝေနှင့် မော်မော်တို့၏အသံသည် စီခနဲ ထွက်လာသည်။ ပျင်းပျင်းနှင့် အိပ်ပျော်သွားကြပြီး အိပ်ရာမှ တစ်ရေးနိုးတွင် အဆောင်ရှေ့ရှိ သူကောင်းသားသုံးဦးကို မြင်သဖြင့် ညာသံပေး ထလာကြခြင်း ဖြစ်ဟန် တူသည်။ သူတို့အသံကြားမှ အဆောင်ရှေ့ကဲကြည့်မိကြသော ကျောင်းသူများသည်လည်း သင်္ကြန်တွင်း ကျူးကျော်သူများကို ထိုအခါမှပင် သတိထားမိကြဟန် တူလေသည်။

'ဟောဗျာ'

'အဲဒါမှ ဒုက္ခော'

ဗစ်တာ၏ မျက်မှန်ထူထူကြီး အောက်မှ မျက်လုံးများသည် ပုစွန်မျက်လုံးကဲ့သို့ ပြူးထွက်လာသည်။ ကိုရင်မောင်နှင့် ကိုသန်းဝေတို့သည်ကား ပါးစပ်အဟောင်းသားနှင့် ကျောက်ရုပ်ကြီးများလို တောင့်တောင့်ကြီး ရပ်နေကြလေသည်။

'မောင်ကြောင်ဘီလူးရေ'

'ဟာ – ဒီသောက်ရူး၊ မင်းအဘဇင်အောက် ဝတ္ထုရေးနေတာ မဟုတ်ဘူးကွ ပြေး ပြေး'

လှေကားမှ တဝုန်းဝုန်း ပြေးဆင်းလာသော အသံများကို ကြားရသောအခါ ဆတ်ခနဲ တုန်သွားကြသည်။ ဦးစွာ သတိဝင်လာသူမှာ ကိုသန်းဝေ ဖြစ်သည်။ ဗလုံးဗထွေးအော်ရင်း တရှိန်ထိုးပြေးလေတော့သည်။ ကိုရင်မောင်ကလည်း မခေပါ။ ခြေပေါက်ဝအထိ နောက်ဆုတ် နောက်ဆုတ်နှင့် ဆုတ်ခွာပြီး နှုတ်ဆက်စကားလေးပင် မဆိုနိုင်။ ချာခနဲ လှည့်ကာ သုတ်ခြေတင်လေတော့သည်။ နောက်ဆုံးကျန်ရစ်သူကား ဗစ်တာ ဖြစ်သည်။ ရေနှင့် စိုကပ်နေသော ပုဆိုးက တုတ်ဆွဲနေသဖြင့် တုတ်ဆတ်ဆတ်နှင့် စိန်အောင်မင်း ကသလို ဆတ်တောက် ဆတ်တောက် ပြေးနေသည်။

'ဟေး လိုက်ဟ ဖမ်းဟ၊ အိုးမည်းသုတ်ရအောင်၊ ဝေး ဟေးဟေး'

ဝေဝေတို့သည် လှေကားရင်းတွင် အေးအေးဆေးဆေးထိုင်ရင်း အော်နေခြင်း ဖြစ်သည်။ သူတို့ နောက်ကို လိုက်ရန်ကား စိတ်ပင် မကူးချေ။ စင်စစ်ကား ကိုရင်မောင်တို့အကြောက်လွန်ခြင်း ဖြစ်၏။ မည်သည့် ကျောင်းသူသည် သူတို့ကို အတင်းချုပ်ကိုင် ဖမ်းဆီးဝံ့ပါမည်နည်း။

'ဝေး ဟေး ဟေး အိုးမည်း အိုးမည်း ရပြီလား'

မော်မော်သည် ဗိုက်ကို ရုပ်ရင်း လိမ့်နေအောင် ရယ်ရာမှ ထအော်နေသေးသည်။ ပုဆိုးကြီးတွေ ဖတ်လတ်ဖတ်လတ်နှင့် သုတ်ခြေတင်ပြေးနေသော ကိုရင်မောင်တို့သည် နောက်ဘက်သို့လှည့် မကြည့်ကြချေ။ ကျောင်းသူတပ်ကြီး အုပ်လိုက်ချီပြီး အိုးမည်းသုတ်ရန် ပြေးလိုက်လာကြသည် အထင်နှင့် အသက်လုပြီး ကျောကော့ပြေးနေကြသည်။ သူတို့ကို နောက်ဘက်မှ အေးအေးဆေးဆေး ထိုင်ကြည့်ပြီး အူတက်အောင် ရယ်နေကြသည်ကိုကား မသိကြရှာသေးချေ။

ဗစ်တာ၏လက်မှ ရေဖလားကြီးလွတ်ကျပြီး လမ်းမပေါ်တွင် တဝွမ်းဝွမ်း လိမ့်သွားသည်။ ဗစ်တာသည် ရေဖလားကို မက်သည်ထက် ဆွေတစ်ပါးတို့၏ အိုးမည်းကို ကြောက်ရှာသဖြင့် ငဲ့စောင်း၍ပင် မကြည့်ချေ။ စားသောက်ဆိုင်တန်းရောက်ခါမှ နောက်ဘက်သို့လှည့်ကြည့်ဝံ့ကြသည်။ သူတို့နောက်က အသံသာပါလာသည်ကို သိသောအခါမှ ကိုရင်မောင်တို့သည် မတင်အေးဆိုင်တွင် ဝင်ပြီး ခြေပစ်လက်ပစ် ထိုင်နေကြသည်။ စားသောက်ဆိုင်တွင် လူပါးရှားလှသော အချိန်မို့ အတန်ငယ် အရှက်သက်သာရ ရကြလေသည်။ အရှင်သခင်က မျက်နှာလွှဲသွားသော ရေဖလားဖြူဖြူလေးသည် ကတ္တရာလမ်းဘေးက မြက်တောထဲတွင် မျက်နှာငယ်ငယ်နှင့် လဲလျောင်းနေရှာသည်။ ဝေဝေက ဖလားကို ကောက်ယူထားလေသည်။ ဝေဝေသည် ရေဖလားပွံ့သကူ ကောက်နေစဉ် ကိုရင်မောင်တို့က စားသောက်ဆိုင်မှ ကြည့်နေကြသည်။ စိတ်မောလူမောဖြစ်သွား၍ ဟောဟဲ ဟိုက်နေရာမှ 'ဝေဝေနှင့် မော်မော်ဆိုပါက ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေ' ဟု အသံယဲ့ယဲ့နှင့် ကြိမ်းကြလေသည်။

* * *

(၂၀)

'ဟာဟ မမယ်မလေးရေ၊ မင်းရဲ့ကိုရင်မောင်ကြီးက ဝေဝေ့ကို ကမ္ဘာကြောသော်လည်း ဥဒါန်းမကျေ တဲ့လေ၊ အမယ်မင်းငြိုးမာန်ဖက်လို့ ရက်စက်လေတယ်၊ ရေမရှိတဲ့ ချောင်း နာခေါင်းဖော်ပြီး ရေကူးသင်ဦးမယ်'

ဆံပင်ရှင်းနေသော ညိုထွေးကို အိပ်ယာပေါ်တွင် အားလျားမှောက်၍ ကြည့်နေရင်း ပါးစပ်မှ အငြိမ်မနေဘဲ တွေ့ကရာ ပြောနေသော ဝေဝေ့ကို တွေ့ရသည်။ တစ်ဖက်ကုတင်ပေါ်တွင်ကား မော်မော်သည် ပလတ်စတစ် စက်ရုပ်စုဘူးကြီးကို ကိုင်ကာ ဇာကနာတစ်ချောင်းနှင့် အလုပ်များနေသည်။ ခင်ချို့လက်ထဲမှ သံကြိုးခွေနှင့် ရာဘာစများကို တွေ့သော် မျက်နှာလေးများ ရှုံ့သွားကြသည်။ သူတို့ကို သစ်ပင်ငယ်လေးများ လုပ်ပေးရန် ချွေးတပ်ဆွဲတော့မည်ကို ဗေဒင်မမေးဘဲ သိနေကြသောကြောင့် ဖြစ်သည်။

'ဝေဝေကလဲ လွန်တာကိုး၊ သနားပါတယ်'

ညိုထွေးသည် ရယ်စရာလိုလိုနှင့် ခပ်ပြုံးပြုံးပြောသည်။ ဝေဝေသည် မျက်လုံးလေးများ ပြူးသွားပြီး ညိုထွေးကို ဆတ်ခနဲ မော့ကြည့်လေသည်။

'သနားတယ် ဟုတ်လား၊ အံမယ် ညိုထွေးက ကိုရင်မောင့်ကို ထိလို့နာတယ်ပေါ့'

'ဟုတ်ပါဘူး ဝေဝေရယ်၊ ဘယ်သူဖြစ်ဖြစ် မိန်းကလေးအဆောင်ကနေပြီး သေပြေး ရှင်ပြေး ထွက်ပြေးရရင် ရှက်မှာပေါ့၊ ညိုထွေးက ပုဂ္ဂိုလ်စွဲအရ ပြောနေတာ မဟုတ်ပါဘူး၊ လူတစ်ယောက် အနေနဲ့ပဲ ကြည့်ပြီး ပြောတာပါ'

ဘူးထဲမှ ငါးမူးစေ့ မတ်စေ့များကို ဇာကနာတစ်ချောင်းနှင့် ဆွဲထုတ်နေသော မော်မော်သည် ခင်ချိုတို့ ဘက်သို့စောင်းငဲ့၍ပင်မကြည့်ချေ။ လဆန်းရက်ဆိုလျှင် မော်မော်သည်သူ့စုဘူးထဲသို့ပိုက်ဆံ အကြွေများပြည့် တက်လာအောင် ထည့်လေ့ရှိသည်။ တစ်ဝက်ခန့်သာ ပြည့်မည် ကြံခါရှိသေးသည်။ လဆန်းမှ လလယ်သို့ကူး လာသောအခါ စုဘူးလေးကို စားပွဲနောက်ဘက်သို့တွန်းပို့ထားလိုက်သည်။ အကြွေများများ မထည့်နိုင်ရှာ တော့ပေ။ လလယ်မှ လကုန်ရက်သို့ နီးကပ်လာသောအခါတွင်ကား ဇာကနာတစ်ချောင်းနှင့် ပြန်ပြီး ဆွဲထုတ်လေ တော့သည်။ လစဉ်လတိုင်း ဇာကနာနှင့် ဆွဲချဲ့ခြင်း ခံရသော စုဘူး အပေါက်လေးသည် ကျယ်နေပြီပင် ဖြစ်သည်။ ကလေးမျက်နှာလေးကို ပြုံးပြုံးလေး ဖြစ်နေသော ဝက်မျက်နှာလေးသည် လကုန်ရက်ဆိုလျှင် သူ့ဗိုက်ထဲမှ ငွေများ ဆွဲထုတ်တော့မည်ကို ကြိုတင်သိဟန်နှင့် မဲ့တဲ့တဲ့လေး ဖြစ်နေတတ်သည်ဟု ဝေဝေက ပြောသည်။ ဝက်ရုပ် ကလေး၏ ဗိုက်သည် နဲ့သမားပါးစပ်လိုပင် ပိန်လိုက် ဖောင်းလိုက်ဖြစ်နေရှာလေသည်။

'ဟော ရပြီ ရပြီ'

မော်မော်သည် ဇာကနာဖျားတွင် ညှပ်ပါလာသော ငွေဒင်္ဂါးကျပ်စေ့ကြီးကို သတိကြီးစွာနှင့် ဆွဲထုတ်ရင်း ဝမ်းသာအားရ အော်လေသည်။

'ဝေဝေရေ – လာဟေ့၊ ခေါက်ဆွဲကြော် တစ်ထုပ်ဖိုးတော့ ပြည့်ပြီ၊ ဦးလေးကြီးကို သွားမှာရအောင်'

ထုတ်ထားပြီးသော ငါးမူးစေ့၊ မတ်စေ့များနှင့် ပေါင်းကာ တချွင်ချွင် ငွေသံပေးရင်း နှစ်ဦးသား အပြေး ထွက်သွားကြသည်။ အခန်းထဲတွင် သူတို့မရှိကြသောအခါမှ ညိုထွေးသည် သက်ပြင်းလေး တစ်ချက်ချလိုက်ပြီး ခင်ချို့ကို လှည့်ကြည့်သည်။ တစ်စုံတခုကို ပြောရကောင်းနိုး၊ မပြောရကောင်းနိုးနှင့် ချီတုံချတုံ ဖြစ်နေသလို ငိုင်တွေတွေလေး ဖြစ်နေလေသည်။

'ညိုထွေးကြည့်ရတာ တစ်ခုခု ပြောချင်နေသလိုပဲ'

'ဟုတ်တယ်'

ညိုထွေးသည် ခေါင်းကို ခပ်လေးလေး ညိတ်ပြသည်။ ဦးရေပြားထိအောင် အုန်းဆီနိုင်နိုင်လူးလေ့ ရှိသော ညိုထွေး၏ ဆံပင်များသည် နက်မှောင်ပျော့ပြောင်းလှသည်။ ဆံပင်ကို လက်နှစ်ဖက်နှင့် ဖွ၍ ရှင်းနေရင်း ညိုထွေးက တိုးတိုးလေး ပြောလေသည်။

'သူ့ဆီက စာလာတယ်'

'ဘယ်သူ့ဆီကလဲ'

'ကိုရင်မောင့်ဆီကလေ'

'ဟင် ဘာတဲ့လဲ'

တွေငေးငေး ဖြစ်နေသော ညိုထွေးကို ငေးကြည့်ရင်း ခင်ချိုက ချောက်ကပ်ကပ်အသံနှင့် မေးမိသည်။ ချစ်ခွင့်ပန်သော စာဖြစ်လိမ့်မည်ကိုကား မေးစရာမလို၊ စိတ်ထဲတွင် အလိုလို သိနေသည်။

'ခင်ချိုရယ် ညိုထွေး ဘာလုပ်ရမယ် မသိဘူး'

'သူတို့ကို ဘာလို့မပြောတာလဲ'

'အိုး ညိုထွေး ဘာလုပ်ရမယ် မသိဘူး'

ညိုထွေးသည် စားပွဲတင်မှန်လေးထဲတွင် ထင်ဟပ်နေသော သူ့အရိပ်ကိုသူ ခပ်တွေတွေလေး ကြည့်ရင်း လေသံလေးနှင့် ပြောနေသည်။ ထင်လည်း ထင်ခဲ့သည်။ ထင်သည့်အတိုင်းလည်း ဖြစ်လာသည်။ ဖြစ်လာပြန်တော့လည်း ရင်မောရသည်မှာ အမှန်ပင်။

'ညိုထွေးကို သတိထားမိတာ ကြာလှပါပြီတဲ့၊ ညိုထွေးစကားနဲ့ညိုထွေးကို ပြန်ပြောရမယ် ဆိုရင် ညိုထွေး ဟာ လှလဲလှ၊ မွှေးလဲမွှေးတဲ့ ပန်းလေးတစ်ပွင့်ပါတဲ့ – ခင်ချိုရယ်၊ သူ့ကို အိမ်ထောင်ဖက်အဖြစ် စဉ်းစားဖို့ ပြောတာပါပဲလေ၊ ပထမဆုံးစာထဲမှာ လက်ထပ်ဖို့ခွင့်တောင်းလို့စိတ်မဆိုးပါနဲ့တဲ့၊ ညိုထွေးကို သူ ရိုးမြေကျ အောင် မြတ်နိုး နိုင်တယ်ဆိုတာ သိစေချင်တယ်ပါတယ်တဲ့'

ညိုထွေးသည် အိပ်မက်ထဲတွင် စကားပြောနေသူလို ခပ်လေးလေး ပြောနေသည်။ ခင်ချိုသည် ဘာပြော ရမည်မသိသည့်အတွက် အိပ်ရာခင်းဖြူဖြူလေးကို အငေးသား ကြည့်နေမိလေသည်။

'ညိုထွေး စိတ်ထဲမှာ ဘယ်လိုနေလဲ'

'တစ်မျိုးပဲ'

'သူ့ကို သနားနေလား'

'ဟုတ်တယ်၊ ညိုထွေးက သူ့ကို ဒုက္ခရောက်အောင် သက်သက်လုပ်သလို ဖြစ်နေတယ်နော်၊ ညိုထွေး စိတ်မကောင်းဘူး'

'နဂိုထဲက သိရက်နဲ့ လုပ်ခဲ့တာဘဲ'

'အဲဒီတုန်းက စိတ်က တစ်မျိုး'

ညိုထွေးသည် မျက်လွှာကို ဖျတ်ခနဲ ချလိုက်သည်။ ခေါင်းကို အောက်စိုက်ရင်း ဘီးဝါဝါကို အဓိပ္ပာယ်မရှိ ခြစ်နေသည်။ ချစ်မြားရှင် ညိုထွေးသည် သူချိန်ပစ်လိုက်သော မြားသည် တစ်ဖက်သား၏ အသည်းနှလုံးကို ခိုက်ရုံမက ထုတ်ချင်းခတ်ပါသွားကြောင်း သိရသောအခါ ရယ်မောနိုင်စွမ်း ရှိတော့ဟန် မတူချေ။

'သူ့ဆီက စာလာတာ သုံးစောင် ရှိပြီ'

'ကြာပြီလား'

'ပထမ အစောင်က သင်္ကြန်မကျခင်ကလေးကပဲ'

'ညိုထွေးက လျှို့လိုက်တာ'

'ခင်ချိုရယ် ညိုထွေး ဘာလုပ်ရမယ် မသိဘူး၊ ဒါကြောင့် အဆောင်အောင်းနေတာပေါ့၊ ခင်ချို သတိမထား မိလို့ပါ'

သူပြောမှပင် စဉ်းစားမိတော့သည်။ ညိုထွေး အပြင်သိပ်မထွက်ဘဲ အဆောင် ကပ်နေသည်ကား အမှန်ပင်။ ခင်ချိုသည် ညိုထွေးမျက်နှာကို စေ့စေ့ကြည့်ကာ ပြဿနာ၏ အဖြေကို ရှာမိသည်။ ရှာ၍ မတွေ့နိုင်အောင်ရှိတော့သည်။ ပြဿနာသည် မည်ကဲ့သို့ အဆုံးသတ်မည်နည်း ဟု ခင်ချို မစဉ်းစားနိုင်တော့ချေ။

'ဟော့ ခင်ချိုရေ ခင်ချို၊ ပိတောက်တွေ ပွင့်နေပြီ'

မဝါနှင့် မိသည် အခန်းထဲသို့ ပြေးဝင်လာကြရင်း အသံအုပ်၍ ပြောကြသည်။ ခင်ချိုသည်လည်း ဝမ်းသာ အားရ နေရာမှခုန်၍ ထမိလေသည်။

'ဟယ် အများကြီးရယ်'

ဝင်းဝါနေသော လရောင်ရိပ်ဝယ် ငုံအာလာသော ပိတောက်ပွင့်လေးများကို အဆောင်ပေါ်မှ ဆီးပြီး ရေးရေး ရိပ်ရိပ် တွေ့ရသည်။ ညိုမည်းသော ပိတောက်ရွက်များကြားဝယ် ဝါနုနု ပိတောက်ဖူးငုံလေးများသည် လေတိုက် ရာဘက်သို့ ယိမ်းညွတ်နေကြသည်။

'မအော်နဲ့ သိပ်မအော်နဲ့၊ သူများတွေ သိကုန်မယ်၊ ဦးသောင်းညွန့်ကို တိတ်တိတ်ကလေး ခူးခိုင်း ကြရအောင်၊ ရေစိမ်ထားရင် မနက်ကျတော့ ပွင့်မှာပေါ့'

မိသည် ခင်ချို့ပါးစပ်လှမ်းပိတ်ရင်း ပြောသည်။ တစ်ဆောင်လုံးအရိပ်တကြည့်ကြည့်နှင့် စောင့်ကြည့် နေသော ပိတောက်ပင်ဖြစ်၍ သူများထက်ဦးအောင် ခူးချင်ကြသော တစ်ကိုယ်ကောင်း စိတ်ကလေးများနှင့်မို့ အောက်ထပ်သို့ တိုးတိုးတိတ်တိတ် ဆင်းလာကြသည်။ ညဆယ်နာရီခန့် ရှိပြီဖြစ်၍ အဆောင်နေကျောင်းသူများ တစ်ချို့တစ်ဝက် အိပ်နေကြပြီ ဖြစ်သည်။ အဆောင်စောင့်ဦးလေးကြီးကပါ ကင်းတဲလေးထဲတွင် အိပ်ငိုက်နေပြီ ဖြစ်၍ တိုးတိုးလေး အသံအုပ်၍ နှိုးကြရသည်။ ညကြီးမင်းကြီး သစ်ပင်တစ်ပင် တက်ခိုင်းရသည်ကတော့

သိပ်မကောင်းလှချေ။ သို့သော် ဦးလေးကြီးသည် မငြီးမငြူ တက်ရူးပေးရှာသည်။ ခင်ချိုတို့ တတွေ ပိတောက်ခက်များ မနိုင်မနင်း ပိုက်ပြီး ခြေဖော့၍ အပြေးအလွှားပြန်လာကြသည်။ တစ်ဝက်ခန့်သာ ပွင့်နေသေး သော ပိတောက်ပွင့်လေးများသည် ငုံအာအာ ဖြစ်နေကြ၏။

'မမယ်မရေ ပန်းယူဦးမလား'

ညိုထွေးသည် ပိတောက်ဖူးတစ်ဝက် အပွင့်များကို ကြည့်ရင်း ခေါင်းခါပြလေသည်။

'ပန်းဆိုတာ အပင်ပေါ်မှာ ငွားငွားစွင့်စွင့် ပွင့်ရမှ ကောင်းတာ၊ ခုလိုဆို ဘယ်လှမလဲ'

'အို ရေစိမ်ထားလဲ ပွင့်မှာပဲ'

'သဘာဝ အပွင့်နဲ့တော့ မတူနိုင်ဘူး'

'ပြောပါ ပြောပါ၊ သဘာဝဆရာမကြီးရယ်၊ ဆရာမကြီးရဲ့မေတ္တာပန်းတစ်ငုံဟာလဲ သဘာဝကျကျ ပွင့်လာဦးမှာပေါ့နော'

မဝါသည် ပလတ်စတစ် ရေဇလုံတွင် ရေအပြည့်ထည့်ပြီး ပန်းခိုင်များကို ထိုးစိုက်နေရင်း ခပ်ထေ့ထေ့ ပြောသည်။

'မမယ်မ၏ ရွှေမေတ္တာသံတံခါးသည် ကိုရင်မောင် ဖွင့်၍ ပွင့်လေသတည်း၊ မေတ္တာသိုက်ထဲရှိ သမုဒယ ပန်းမာလာသည် ရနံ့သင်းပျံ့စွာနှင့် ပွင့်သောအခါ၊ အို တရားသူကြီးရဲ့၊ အလောင်းအစားကို ဘယ်လို ဆုံးဖြတ် ပေးမှာလဲ'

မိသည် ပိတောက်ရွက်များကို သင့်ရုံချွေနေရင်းမှ အူမြူးစွာ ပြောသည်။ ပန်းတွေ တပုံတပင် သူများထက် ဦးအောင် ရထားသောကြောင့် အရှင်ကာ ခပ်သောသော ပြောနေခြင်း ဖြစ်၏။

'အား စူဝက်လေ စူလို့နိယောက် ညားကြရင် အီလောင်းအီစား နာတို့နိုင်တာပေါ့၊ ဝလေလုကို ချစ်လယ်၊ လုလေ ဝကိုချစ်လယ်၊ ပယ်စူမှ အီတဲမကွဲဘူးလယ်'

ဝေဝေသည် ထောင်ကဲအသံနှင့်ဝင်ပြောသည်။ ဟန်နှင့်ပန်နှင့်ကိုရင်မောင် လမ်းလျှောက်သလို လက်နှစ်ဖက် ကို လွှဲခါကာ ခပ်လေးလေး လျှောက်ပြရင်း ပြောနေသော ဝေဝေ့ကို ကြည့်ကာ ခင်ချိုတို့အားလုံး ဝါးခနဲ ရယ်မိ ကြသည်။ ညိုထွေးကမူ ခင်ချိုတို့အားလုံးကို သိမ်းကြုံးပြီး စူးစူးစိုက်စိုက်လေး ကြည့်နေသည်။

'ဟာ ဟ၊ ညိုထွေးလခလေးတော့ ပြုတ်ရချေသေးရဲ့၊ ဂျီဟောသူလေးတော့ပါသွားချေသေးရဲ့၊ ကိုရင်မောင် ကတော့ မိတို့ကို ကျေးဇူးတင်မှာနော် ဟား ကျေးဇူးရှင်တွေ၊ အဟမ်း ကျေးဇူးရှင်တွေ'

ထူးထူးခြားခြား အလောင်းအစားလုပ်သူများနှင့်တရားသူကြီးခင်ချိုသာအခန်းထဲတွင် စုမိနေကြ၍ စကားကို ချင့်ချိန်မနေဘဲ ပြောချင်ရာ ပြောနေကြသည်။ ရယ်မောနောက်ပြောင်နေကြသော မဝါတို့တတွေကို ကြည့်ကာ ညိုထွေး၏ မျက်နှာကလေးသည် မဲ့သယောင်ယောင် ဖြစ်လာသည်။ ငိုမဲ့မဲ့မျက်နှာလေးတွင် မာနရိပ် မာနရောင် များလည်း ထင်ဟပ်လာသည်။

'တနင်္ဂနွေနေ့ကျရင် ကိုရင်မောင်က အဆောင်ကို လာခဲ့ပါရစေတဲ့၊ သူလာလိမ့်မယ်၊ ဂျီဟောသူ ပါသွား မသွား စောင့်ကြည့်ပေါ့ ဟုတ်လား၊ ညိုထွေး ရှုံးမရှုံး စောင့်ကြည့်ကြပေါ့'

ညိုထွေးသည် ပိတောက်ပွင့်လေးများကို ငေးကြည့်နေပြီးမှ ပြတ်ပြတ်သားသားလေး ပြောလိုက်သည်။ ရယ်မောနောက်ပြောင်နေသူအားလုံး ခေတ္တမျှ တိတ်ဆိတ်သွားကြသည်။ ခေါင်းကလေး မော့ကာ မထီတရီလေး ပြုံးနေသော ညိုထွေးကို တအံ့တသြ ကြည့်နေမိကြလေသည်။ ခင်ချိုကတော့ သက်ပြင်းကို လေးပင်စွာ ချမိသည်။ မိသည် ပန်းများကို ပစ်ချလိုက်ပြီး 'ဟယ် ညိုထွေးရယ်၊ မိကို စိတ်ဆိုးသလား၊ ပျော်လို့စတာပါ' ဟု ဘုမသိ ဘမသိ ပြောနေသည်။ ဝေဝေကမူ ညိုထွေးကို အထိတ်တလန့်ကြည့်နေရှာသည်။ ပျော့မယောင်နှင့် မာနေသော ညိုထွေး၏ မျက်နှာလေးတွင် အဓိပ္ပာယ်ရအောင် ရှာနေဟန် ရှိသည်။

'ဘယ်လိုလဲ ဘယ်လိုလဲ အခြေအနေက ဘယ်လိုလဲ'

ခင်ချိုတို့ကိုယ့်အခန်းကိုယ် ပြန်လာကြသောအခါ မဝါတို့က မေးနေသည်။ ခင်ချို ဘာပြန်ပြောရမည်ကို မသိချေ။ ကိုယ်တိုင်လည်း အခြေအနေသည် မည်ကဲ့သို့ရှိသည်ကို မသိသောကြောင့် ဖြစ်သည်။ တစ်ခုတော့သူတို့ ထက်ပိုသည်ဟု ပြောနိုင်သည်။ ကိုရင်မောင့်ဆီမှ စာများ ညိုထွေးဆီရောက်နေခြင်းကိုတော့ မဝါတို့မသိသေးချေ။ ထိုနေ့ညတွင် ညဥ့်နက်မှ အိပ်ဖြစ်ကြလေသည်။ တစ်ဝက်တစ်ပျက်သာ မြင်ရသော ကောင်းကင်ပြင်နှင့် လဝါဝါကို အကြောင်းမဲ့ထိုင်ကြည့်နေသောကြောင့် ဖြစ်လေသည်။

နောက်တစ်နေ့မနက်တွင် အိပ်ယာထနောက်ကျကြသည်။ ဂျီဟောရှေ့က ပိတောက်ပင်လည်း တစ်ပင်လုံး ဝါအောင် ပွင့်လေသည်။ ခင်ချိုတို့တွေ လောဘကြီးပြီး ခူးထားသော ပိတောက်ခတ်များသည် ပွင့်အာမလာဘဲ ညတုန်းကအတိုင်း ပြုံတစ်တစ် ဘဝတွင်သာ ရပ်တန့်နေလေသည်။ မဝါသည် ဖူးတစ်ဝက်၊ ငုံတစ်ဝက် ပိတောက်ပွင့်များကို နှမြောတသစွာ ကြည့်နေရင်း 'ဟာ ပွင့်စမ်း ပွင့်စမ်း၊ ဘာလို့ပြုံတစ်တစ်ကြီး လုပ်နေရတာလဲ ထွက် ထွက် ထွက်စမ်း ပွင့်စမ်း' ဟု ကျိတ်မနိုင် ခဲမရ ပြောနေသည်။

* * *

(၂၁)

'ခင်ချိုရေ ထွက်စမ်း ထွက်စမ်း ထွက်ကြည့်စမ်း ကိုရင်မောင် လာနေပြီ'

မဝါသည် ခင်ချို့ကို အသံအုပ်အုပ်နှင့် လှမ်းခေါ်သည်။ ကိုရင်မောင်ဟူသော အသံကို ကြားရသောအခါ ခင်ချို့ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ကြ တော့မည်ဟုတော့ မပြောလိုပါ။ ညိုထွေးသည် ကျားမဟုတ်သလို ကိုရင်မောင်သည်လည်း ဆင်မဟုတ်ပါချေ။ နူးညံ့သော နှလုံးသားကို ပိုင်ဆိုင်ကြသည့် လူသားစင်စစ်များသာ ဖြစ်ကြပါသည်။ နှလုံးသားနုနုများ မပွန်းမရှစေချင်သောစိတ်နှင့် ခင်ချို့ရင်ထဲတွင် ခဲဆွဲထားသလို လေးလေးလံလံကြီး ဖြစ်နေသည်။ ညိုထွေးသည် ကိုရင်မောင်ကို ဂျီဟောဘေးက ဧည့်ခန်းဆောင်တွင် ဆင်း၍တွေ့လေသည်။ ဧည့်ခန်းဆောင်ဆို၍ကား အထင်မကြီးစေလိုပါ။ အမိုးသာရှိ၍ အကာ မရှိသော အဆောက်အဦးဖြစ်ပါသည်။ ငွေမတတ်နိုင်သေး၍ အကာမကာနိုင် သေးဟု ဆိုပါသည်။ အမိုးသည် လေးဘက်စောင်းအလယ်တွင် စုချွန်သော ဇရပ်လိုပုံဖြစ်၍ ဂျီဟောဇရပ်ဟု အခေါ်များကြလေသည်။ စကားပြော နေကြသော ညိုထွေးတို့ကို မြင်နိုင်သည်ဖြစ်၍ မသိမသာ အကဲခတ်လိုကြသော်လည်း ခင်ချိုတို့သည် မဝံ့မရဲ ဖြစ်နေကြသည်။ အခန်းရှေ့တွင်သာ စုထိုင်၍ ထိုင်ရင်း ဘုရားတနေမိကြလေသည်။

'ညိုထွေးကို ကြည့်ရတာ ကိုရင်မောင့်ကို သနားသလိုပဲ၊ သံယောဇဉ်လဲ ဖြစ်လာပုံရပါတယ်'

'ဒါပေမယ့် သူကတော့ မကြိုက်ဘူးလို့ ပြောမှာပဲ'

'မဝါသည် မျက်မှောင်ချီရင်း ဘောလုံးကွင်းထဲမှ မြက်ပင်ခြောက်ခြောက်များကို ငေးကြည့်နေသည်။ ညိုမည်းခြောက်သွေ့နေသော မြက်ပင်များကြားဝယ် ထိကရုန်းပွင့် ပန်းရောင်လေးများကို ကွက်ကြား တွေ့ရသည်။

'သူ့ကြည့်ရတာ ညိုထွေးကိုတကယ်ချစ်ပုံရပါတယ်၊ မဝါအရင်ကသူ့ကို သိပ်မုန်းတာ၊ အခုတော့ တကယ် စိတ်မကောင်းဘူး'

'ပြဿနာဆိုတာ စကတည်းက စဉ်းစားကြဖို့ကောင်းတယ်'

မိကမူ တရားရသံလေးနှင့် ညည်းရှာသည်။ ခင်ချို ဘာမှမပြောမိ၊ ဘာမှလည်း မပြောချင်၊ ဤတ်နိုင် လျှင်တော့ အလောင်းအစား စဖြစ်ခဲ့ကြသော နေ့ကို ပြန်ပြီး ရောက်ချင်သည်။ ထိုနေ့ထိုအချိန်ကိုသာ ပြန်ရောက်ခဲ့ လျှင် ထိုကဲ့သို့အလောင်းအစားမျိုးဖြစ်မလာအောင် ကြိုတင်ပြီး တားဆီးနိုင်လိမ့်မည်ဟု မျှော်လင့်မိသောကြောင့် ဖြစ်ပါသည်။

'ကိုရင်မောင်ကို တွေ့တော့ တင်းထားတဲ့ ညိုထွေးရဲ့စိတ်တွေဟာ ကရုဏာဖုံးပြီး ခေါင်းညိတ်လက်ခံချင် လက်ခံလိုက်မှာပါ၊ ကြည့်နေကိုရင်မောင်ကြီး ပြုံးပြီး ပြန်သွားမှာ'

ဝေဝေသည် သူဖြစ်စေချင်သလို စိတ်ကူးယဉ်ပြီး တမ်းတမ်းတတ ပြောနေသည်။ ဝေဝေနှင့် မော်မော်တို့၏ ရယ်ကျဲကျဲ မျက်နှာလေးများပင် ထူးထူးခြားခြား တည်ငြိမ်နေသည်။ စိတ်မကောင်းဖြစ်သလို ညှိုးနေကြသည်။ ပူခြောက်ခြောက် လေများသည် ဝေ့ကာဝဲကာနှင့် တိုက်ခတ်နေသည်။ ခင်ချို့ရင်ထဲတွင် တင်းကျပ်ပြီး အသက်ရှူ

မဝသလို ဖြစ်နေလေသည်။ ခင်ချိုသာ တန်ခိုးရှင်ဖြစ်လျှင် ညိုထွေးရင်ထဲမှ မာနများကို ထုတ်ယူပြီး ရေမျှောပစ်လိုက်တော့မည်။ ညိုထွေး၏မာနများ ရေတွင် မျောသွားလျှင် ပျော်ရွှင်ဖွယ်ရာ ဇာတ်သိမ်းလေးကို တွေ့ကြုံနိုင်လိမ့်မည် ထင်သည်။

'ဟော ကိုရင်မောင် ထွက်လာပြီ၊ မဝါတို့တွေ အခန်းထဲ ဝင်နေရအောင်၊ တော်ကြာ ရှက်နေဦးမယ်'

မဝါက စာနာစိတ်ကလေးနှင့် ပြော၍ ခင်ချိုတို့အားလုံး အခန်းထဲ ဝင်ခဲ့ကြသည်။ အခန်းထဲမှ နေပြီး အဆောင်ရှေ့တွင် လျှောက်သွားသော ကိုရင်မောင်ကို ကဲပြီး ကြည့်မိကြသည်။

ကိုရင်မောင်သည် အရိပ်မပါ ကျဲကျဲပူသော လမ်းကလေးတွင် တစ်ဦးတည်း ဖြေးညင်းစွာ လျှောက်သွားသည်။ သူ့ဟန်အတိုင်းပင် ခေါင်းကို အောက်စိုက်ပြီး တစ်လှမ်းချင်း ဖြည်းလေးစွာ လျှောက်သွားလေသည်။ ကိုရင်မောင်၏ နောက်ကျောပိုင်းကို ငေးကြည့်ရင်း ခင်ချိုတို့ အသက်ရှူရန်ပင် မေ့နေကြသည်။

'ဟော ညိုထွေး'

ညိုထွေးသည် အခန်းတွင်းသို့ ခပ်ယိုင်ယိုင်လေး ဝင်လာလေသည်။ ငြိမ်သက်စွာ ထိုင်နေကြသောခင်ချိုတို့အား ငေးငေးလေးကြည့်နေပြီးမှ ရေတစ်ခွက် ပြည့်ပြည့်ခပ်ကာ တရှိန်ထိုး မော့သောက်လိုက်လေသည်။

'ပြန်သွားပြီလား'

ခင်ချိုက သိလျက်နှင့် တိတ်ဆိတ်မှုကို သည်းမခံနိုင်သောကြောင့် မေးမိမေးရာ မေးမိသည်။ ညိုထွေးသည် ခေါင်းကလေး တစ်ချက် ဆတ်ကာ ခြောက်သွေ့သွေ့ ရယ်လိုက်လေသည်။

'ပြဿနာကတော့ ပြီးသွားပြီလေ၊ ဇာတ်သိမ်းခန်း ရောက်သွားပြီ' ဟု ရယ်မောရင်း ပြောသည်။

'ဇာတ်သိမ်းသော် ငမိုက်သား ကိုရင်မောင် အသည်းကွဲလေသတည်းပေါ့ ဟုတ်လား'

'ဒါပေါ့'

ညိုထွေးသည် သူ့လက်ထဲမှ စပယ်ပန်းလေးများကို စားပွဲပေါ်သို့ ပေါ့ဆဆနှင့် ပစ်တင်လိုက်သည်။ စပယ်ပန်းမှ မွှေးပျံ့သော ရနံ့သည် သင်းသင်းလေး ဝေ့ပျံ့နေသည်။ ညိုထွေးကို ကိုရင်မောင် ပေးသွားခြင်း ဖြစ်ဟန်တူသည်။ မေတ္တာပန်းရှင်က ခေါင်းငိုက်စိုက်နှင့်ပြန်သွားလေပြီမို့ စပယ်တို့တေးဆိုတတ်လျှင် အလွမ်းတေးလေးများ သီဆိုကြလိမ့်မည် ထင်သည်။ ဝေဝေသည် စားပွဲပေါ်မှ စပယ်ပွင့်ဖြူဖြူလေးများကို လက်နှစ်ဖက် စုံထောက်ရင်း ငေးကြည့်နေသည်။

'ညိုထွေးနိုင်ပြီပေါ့'

'ညိုထွေး တစ်သက်လုံး ဘယ်တော့မှ မရှုံးခဲ့ပါဘူး'

မိက သံပြတ်နှင့် ပြောသောအခါ ညိုထွေးကလည်း မာနသံလေးနှင့် ပြန်ပြောလေသည်။ မာနရောင်နှင့် ဝင်းလဲ့နေသော ညိုထွေး၏ မျက်လုံးညိုတွင် မျက်ရည်ကြည်များ စိမ့်ပြီး ဝေ့လာသည်ကို တွေ့ရသောအခါ ခင်ချိုသည် အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်မိသည်။ မည်သူ့ကိုမျှ မကြည့်ချင်သည့်အတွက် မျက်နှာကျက်ဖြူဖြူကိုသာ မော့ပြီး ငေးစိုက်ကြည့်နေမိသည်။

'ညိုထွေး မွေးတဲ့မီး သူ့ကို လောင်နေတယ်တဲ့'

ညိုထွေးသည် မျက်တောင်တဖြတ်ဖြတ် ခတ်ရင်း ခြောက်ကပ်ကပ်ရယ်သံလေးနှင့် ပြောသည်။ စားပွဲပေါ်ရှိ စပယ်ပန်းဖြူဖြူလေးများကို အတန်ကြာငေးကြည့်နေပြီးမှ အခန်းအပြင် လှည့်ထွက်သွားလေသည်။ သူ ့မျက်လုံးအိမ်မှ လျှံကျလာသော မျက်ရည်ကြည်များကို ခင်ချိုတို ့ မမြင်စေလိုသည့်အတွက် ရှောင်ထွက်သွားမှန်း အားလုံးနားလည်လိုက်ကြသည်။

'ပြဿနာစသူက မဝါ၊ မြှောက်ပေးသူက ဝေ – မော် – မိ၊ ကြံဖော် ကြံဖက်အားလုံးအနက်တွင် ငမိုက်သားရင်မောင်လေ၊ နင်ချည့်ပင် သေပေတော့ဟု လေးပစ်ခဲ့သူကား မညိုထွေး'

မော်မော်တို ့တတွေ နောက်ပြောင်ရေရွက်ခဲ့သော စာပိုဒ်ကလေးကို သတိတရရှိပြီး ခင်ချို စိတ်မောနေမိသည်။

အသက်ရှူ၍ပင် မဝအောင်ပင် မောဟိုက်ဟိုက်ဖြစ်နေသည်။ မိန်းမလှလေးမာန သည်ဘဝတွင် သည်မျှနှင့် ကြေစေတော့ဟု ဆုတောင်းရအောင်ကလည်း အရှိန်ကြီးသော မီးသည် တညီးညီး တောက်လောင်နေပြီ ဖြစ်ပါသည်။

'ကဲကွယ် နောက်ဆုံးကျတော့ ငါတို့ ရှုံးကြလေသတည်းပေါ့ ဟုတ်လား'

'ကိုရင်မောင်လဲ ရှုံးတာပဲ'

'ညိုထွေးတစ်ယောက်ပဲ နိုင်တာပေါ့လေ'

'အို သူကလဲ ရှုံးတာပဲ'

'ဘာဖြစ်လို့ '

'မီးမွှေးတဲ့လူဟာ မီးနဲ့ ပိုပြီးတော့တောင် ပူဦးမယ် မဟုတ်လား၊ ညိုထွေးလဲ မီးလောင်ခံရတာပဲ၊ သူ့ မီးကမှ ရင်ထဲမှာလောင်တဲ့ မီး'

တွေးတွေးဆဆပြောနေသော မိ၏မျက်နှာလေးသည် ညှိုးနေသည်။ ခင်ချိုကမူ သူ ့စကားလေးကို အတော်ကြိုက်သွားမိသည်။ 'မီးမွှေးတဲ့လူဟာ မီးနဲ ့ပိုနီးလို ့ပိုပြီးတောင် ပူဦးမယ်' တဲ့လေ။ စင်စစ်အားဖြင့် တောက်လောင်လာသော မီးပုံဘေးရှိ ခင်ချိုတို ့အားလုံးလည်း မီးဟပ်ခံခဲ့ရသည် ထင်ပါသည်။ ရင်ထဲတွင်ပူပြီး မောကြပ်နေကြသည်ကား အမှန်ပင်။

* * *

(၂၂)

လက်ဖက်စားပြီး သစ္စာပြုခဲ့ကြသောကြောင့် မဝါက စခဲ့သော ပြဿနာ အလောင်းအစားသည် တိတ်တိတ်ကလေးနှင့် ပြီးဆုံးသွားခဲ့လေသည်။ လက်ဖက်သစ္စာစူးမည်ကိုကား အားလုံး ကြောက်ကြလေသည်။ ထို့ကြောင့်လည်း လုံးဝမပေါက်မကြား ပိပိရိရိ ရှိခဲ့ခြင်း ဖြစ်ဟန်တူသည်။

ညိုထွေးသည်ကား တစ်ဦးတည်း အနေများလေသည်။ တစ်ခါတစ်ရံ ခင်ချိုတို့နှင့်အတူ ရယ်မောပျော်ရွှင်နေဟန် ရှိသော်လည်း သူ့မျက်လုံးညိုလေးများသည် ရီဝေဝေဖြစ်နေတတ်သည်။ ရယ်နေရင်းမှ တစ်စုံတစ်ခုကို ငေးကြည့်ရင်း ငိုင်တွေတွေလေး ဖြစ်သွားတတ်သဖြင့် ခင်ချို ပင့်သက် ရှိုက်ရတတ်သည်။

'မိတို့တွေ အနိုင်မယူနဲ့ဆိုရင် မယူပါဘူး၊ ဒီအကြောင်းကို မေ့ပစ်လိုက်ဆိုရင်လဲ မေ့ပါ့မယ်၊ ညိုထွေးကို ဒီလိုဖြစ်နေတာတော့ မကြည့်ရက်ဘူး၊ သူ့မာနက သူ့ကိုနှိပ်စက်နေတာဆိုတော့ မိတို့ လဲ ဘာမှ မတတ်နိုင်ဘူး'

မိသည် တုန်ခတ်သော အသံလေးနှင့် ပြောရှာသည်။ ညိုထွေးကမူ ခင်ချိုတို့အားလုံး သူ့ကို အကဲခတ်နေကြသည်ကို အသေအချာ ဂရုမူမိဟန် မတူချေ။ ညိုးလျသော သူ့ဟန်ကိုမူ တစ်ခါတစ်ရံ သူ့ဟာသူ သတိထားမိဟန်နှင့် ကြိုးစားပြီး ရယ်လေ့ရှိလေသည်။

ဒုတိယနှစ်ဝက် ကျောင်းပြန်ဖွင့်ပြီး တစ်ကျောင်းလုံး စည်စည်ကားကားနှင့် လူသံသူသံ ဆူညံလာပြန်ပြီဖြစ်သည်။

ကျောင်းသူကျောင်းသားများ၏ ရယ်မောပျော်ရွှင်သံနှင့်အတူ လေသံမိုးသံကလည်း ဂျိုးဂျိမ်းညံလာလေသည်။ ဩော် ဘာလိုလိုနှင့် တစ်နွေကုန်ကာ တစ်မိုးဆန်းပြန်ပြီ ဖြစ်သည်။ ခင်ချိုတို့စုနေကျ အခန်းအပြင်ဘက် လူသွားလမ်းကလေးတွင်လည်း မိုးရေရွှဲရွှဲစိုနေတတ်သဖြင့် အခန်းအောင်းကာ လူသိပ်မစုမိကြတော့ချေ။

'ခင်ချိုရယ် တကယ့်တကယ်တော့ ညိုထွေး သက်သက်ဆိုးတာပါ။ ဒီလို အလောင်းအစားဆိုတာ လုပ်ကို မလုပ်သင့်ဘူးနော်၊ ဒါပေမယ့် လောင်းပြန်ပြီဆိုတော့လဲ ညိုထွေး မလျှော့ချင်ဘူး'

မိုးသဲသဲရွာသော နေ့တစ်နေ့တွင် ညိုထွေးသည် ခင်ချို့အိပ်ရာထဲတွင် အတူလာအိပ်ရာမှ ခပ်တိုးတိုး ပြောလေသည်။ ညနေစောင်းပင် ဖြစ်သော်လည်း မိုးက သဲသဲမဲမဲ ရွာနေသဖြင့် တစ်မိုးလုံးမှောင်မည်းနေသည်။ လျှပ်ပန်းလျှပ်နွယ်များက ပြိုးပြက်လက်နေသည်။ ခင်ချိုတို့သည်မိုးရေထဲတွင် ရေကူးမထွက်ချင်သဖြင့် ထမင်းစားဆောင်သို့ပင် ထမင်းစား မသွားကြတော့ချေ။

'သူ့ကို လက်မခံနိုင်ဘူးလို့ပြောလိုက်တော့ သူ့မျက်နှာကို ဖြူဖျော့သွားတာပဲ၊ ညိုထွေးကို ငေးကြည့်နေပြီးမှ ခေါင်းငုံ့လိုက်တယ်၊ သူ့ကို ဘာဖြစ်လို့ လက်မခံနိုင်တာလဲတဲ့၊ ညိုထွေး မကြိုက်တဲ့ အပြုအမူ ရှိရင်လဲ ပြောပါတဲ့ ခင်ချိုရယ်၊ ညိုထွေး ဘာပြောရမလဲ'

'ညိုထွေး ဘာပြန်ပြောလိုက်လဲ'

ညိုလေ ညိုထွေးလေ ရယ်လိုက်တာပေါ့၊ မနည်းကြီး ကြိုးစားပြီး ရယ်လိုက်တာပေါ့၊ သူ ့ကို ချစ်လဲ မချစ်နိုင်ဘူး၊ ကြိုက်လဲ မကြိုက်ဘူး၊ ရင်းရင်းနှီးနှီးခေါ်ပြောနေတာကို အခွင့်အရေး ယူလာလို ့မုန်းတယ်၊ သူ ့မျက်နှာကို ကြည့်နေရတာတောင် စိတ်ညစ်တယ်လို့ ပြောချလိုက်တယ်'

'ဟင်'

စိမ်းမည့်စိမ်းတော့လည်း မြကမ္ဗလာခြုံပြီး မြစိမ်းပင်အောက်တွင် ရပ်ကာ စကားစိမ်းပန်းပန်ပြီး စိမ်းလိုက်ပုံရလေသည်။ ခင်ချိုက ညိုထွေး၏ လက်ကလေးများကို တင်းတင်းဆုပ်ကိုင်မိသောအခါ အေးစက်နေသည်ကို သတိထားမိလေသည်။

'ခင်ချိုရယ် သူ ့မျက်နှာကိုလေ ညိုထွေးကြည့်တောင် မကြည့်ရက်ဘူး၊ ဖြူဖျော့ပြီး နှုတ်ခမ်းတွေ တုန်နေတယ်၊ ဒီလောက် မုန်းနေတာမသိလို့ပါ၊ သွားပါတော့မယ်တဲ့၊ ညိုထွေးမမြင်ချင်တဲ့ မျက်နှာမမြင်ရအောင် ရှောင်ပါ့မယ်လို့ပြောပြီး ထထွက်သွားတော့တာပဲ'

'ညိုထွေး မငိုချင်ဘူးလား'

'ဟင့်အင်း ညိုထွေးရယ်နေတယ်'

ညိုထွေးသည် ပြိုးပြက်လက်နေသော လျှပ်ပန်းလျှပ်နွယ်များကို မှန်ပြတင်းမှ မော့ကြည့်ရင်း တုန်ခတ်သော အသံလေးနှင့် ပြောသည်။ ဟုတ်ပါသည်။ အမှန်တကယ်ပင် ညိုထွေး ရယ်နေခဲ့လေသည်။ ညိုထွေး၏ နှုတ်ခမ်းလေးများက ရွှင်ချိုစွာ ရယ်နေခဲ့လေသည်။ သို့သော် လည်း ရင်ထဲတွင်ကား ငိုရှိုက်နေဟန် ရှိသည်။

'ညိုထွေး ကိုယ့်ကိုကိုယ် ဘာလို ့လှည့်စားရတာလဲ၊ သူ ့ကို တကယ်မမုန်းဘဲ ဘာလို ့မုန်းတယ်လို့ပြောရသလဲ'

'အို သူ့ကို မမုန်းရင် ညိုထွေး ရှုံးသွားမှာပေါ့၊ ညိုထွေး ဘယ်တော့မှ အရှုံးမခံချင်ဘူး'

'အဲဒီ မာနကြီးကြောင့် ခက်နေတာပေါ့၊ ဒီမှာ ကြည့်စမ်း ညိုထွေး၊ ခုရော ညိုထွေးက ကိုယ့်ကိုကိုယ် နိုင်တယ်ထင်နေလို့လား'

ခင်ချိုသည် ခပ်မာမာပြောလိုက်မိသည်။ လေသံမမာစဖူး မာနေသော ခင်ချို ့ကို ညိုထွေးသည် အထိတ်တလန့်လေး မော့ကြည့်လေသည်။

'ဒီအလောင်းအစားမှာ ဘယ်သူမှ မနိုင်ဘူးသိရဲ ့လား၊ မဝါတို ့လဲ ရှုံးတယ်၊ ကိုရင်မောင်လဲ ရှုံးတယ်၊ ညိုထွေးလဲ ရှုံးတယ်၊ သရေပွဲတောင် မဟုတ်ဘူး အားလုံးက ရှုံးကြတဲ့ ရှုံးပွဲ'

ကရုဏာဒေါသော ပြောနေသော ခင်ချိုကို ညိုထွေးသည် တွေတွေကလေး ကြည့်နေသည်။ မာနသံလေးနှင့် နှုတ်လှန်မထိုးဘဲ ငြိမ်နေလေသည်။ အတန်ကြာ ငြိမ်နေပြီးမှ ပင့်သက်တစ်ချက်ကို လေးပင်စွာရှိုက်ရင်း ခင်ချို့ လက်ကို ဆုပ်ကိုင်လိုက်သည်။ ညိုထွေး၏ လက်ကလေးများ အေးစက်တုန်ရီနေသဖြင့် ခင်ချိုသည် တင်းတင်းကြပ်ကြပ်ကလေး ပြန်ဆုပ်ထားလိုက်မိသည်။

အပြင်ဘက်တွင် မှောင်မည်းနေပြီဖြစ်သော်လည်း ခင်ချိုတို ့သည် အခန်းမီး မဖွင့်မိကြချေ။ မှောင်ထဲမဲထဲတွင် တိတ်တိတ်ဆိတ်ဆိတ် ငိုင်နေမိကြသည်။

'ဟေး ဓမ္မစကြာရွတ်ရအောင် လာကြ'

မဝါသည် အခန်းအပြင်ဘက်မှ အော်ခေါ်ရင်း ဆင်းသွားသည်။ ဝါတွင်းရောက်လျှင် ဥပုသ်နေ့ တိုင်း စုပြီး ဓမ္မစကြာရွတ်လေ့ရှိသည်က ခင်ချိုတို့ဂျီဟော၏ အလေ့အထလေးဖြစ်သည်။ ဒီတစ်ခါတော့ ဘာမှ လုပ်ချင်စိတ်မရှိ၍ အသာငြိမ်နေမိသည်။ မကြာမီ သာယာညွှတ်ပြောင်းဖွယ် ကောင်းလှသော ဓမ္မစကြာရွတ်သံသည် မိုးသံနှင့် အတူ ဝေ့ပျံ့ထွက်ပေါ်လာသည်။

ထိုနေ့ညနေက ခင်ချိုတို့နှစ်ဦးစလုံး ညနေစာထမင်းမစားမိကြဘဲ အိပ်ပျော်သွားကြသည်။ အိပ်ပျော်သည်ဆိုသော်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သည်တော့ မဟုတ်ချေ။ ထမင်းလုံး တစ္ဆေခြောက်သလို နိုးတစ်ဝက် အိပ်မက်များနှင့် ချောက်ချောက်ချားချားကြီး အိပ်ပျော်ခြင်းသာ ဖြစ်သည်။

နောက်တစ်နေ့နံနက်တွင်ကား အစောကြီး နိုးလာကြသည်။ တစ်ညလုံး သဲကြီးမဲကြီး ရွာထားသော ကောင်းကင်ပြင်တွင် မိုးသားကင်းစင်ကာ ပြာမှိုင်းနေသည်။ အခန်းအပြင်ဘက်တွင်ကား မိုးရေများကောင်းစွာ မခြောက်တတ်သေးချေ။ ရေတင်ကာ စိုစိုစွတ်စွတ် ဖြစ်နေလေသည်။

'ညိုထွေးရေ ကိုရင်မောင်က မလျှော့ဘဲ ပြန်ပြီးဆက်ဦးမယ် ဆိုရင်ကော လက်ခံမလား၊ အဲဒီလိုဆိုရင် ညိုထွေး ရှုံးတယ်လို့မဆိုနိုင်ပါဘူး'

အခန်းအပြင်ဘက်တွင် စိုစိုစွတ်စွတ် ထွက်၍ ရပ်နေကြရင်း ခင်ချိုက သွေးတိုးစမ်းသလို ပြောမိသည်။ ညိုထွေးသည် ခင်ချိုကို ပြုံးမဲ့မဲ့လေး ကြည့်ပြီး ခေါင်းခါပြသည်။

'မဖြစ်နိုင်ပါဘူး ခင်ချိုရယ်၊ ညိုထွေး ဒီလောက်ပြောပစ်လိုက်တာ၊ အပြတ်ပြောပြီးသားပဲ၊ ခုများ သူ့ကို တွေ့တောင် မတွေ့ရတော့ဘူး မဟုတ်လား'

ဟုတ်ပါသည်။ ကိုရင်မောင်သည် ကိုယ်ပျောက်မင်းသားလို ရှိန်းဆာယာ ပိုမောက်ပြီး ကိုယ်အပျောက်ကောင်းလှလေသည်။ဂျီဟောရှေ့ကမှုမလျှောက်မိအောင်ရှောင်ဟန်ရှိလေသည်။ တစ်ခါတစ်ရံ ညနေလမ်း လျှောက်ရင်း ရင်ဆိုင်တွေ့မိမယောင် ဆုံမိတတ်သောအခါများတွင်လည်း ရှောင်သာသော လမ်းမှ ကွေ့သွားတတ်သည်။ မရှောင်သာ မတိမ်းသာ ရင်ဆိုင်တိုးလေလျှင်မူ မချိပြုံးလေး ပြုံးပြလေ့ရှိလေသည်။

ယောကျ်ားကလေးများ အသည်းဝေဒနာကို ခံစားရလေလျှင် အရက်အိုးထဲတွင် စိမ်ကြသည်ဟု ကြားဖူးသည်။ အရက်မူးပြီး အိပ်ပျော်သွားလေလျှင် အရာရာကို မေ့ပစ်နိုင်စွမ်းရှိသည်ဟု ဆိုကြလေသည်။

ကိုရင်မောင်ကမူ အရက်သောက်ဟန်မတူချေ။ သို့သော်လည်း အရက်မသောက်ဘဲ မူးနေသလို သူ့မျက်လုံးများက ရီဝေဝေဖြစ်နေတတ်သည်။ ညိုထွေးကိုတွေ့လျှင် သူ့မျက်လုံးများကို အောက်စိုက်ပြီး မကြည့်မိအောင် လွှဲထားတတ်လေသည်။

'ရင်မောင်ဟာ တကယ့် လူရိုးလူကောင်းပါဗျာ၊ ပျော်တတ်နောက်တတ်ပေမယ့် တကယ်ရိုးပါတယ်၊ ညိုထွေးက ဘာလို့များ မကြိုက်တာလဲ'

ကိုသန်းဝေက ပြောသောအခါ ခင်ချိုသည် ယောင်ချာချာပင် ပြုံးနေလိုက်ရသည်။ ဘာပြန်ပြောရမည် မသိသောကြောင့် ငြိမ်နေသည်ကသာ အကောင်းဆုံး ဖြစ်မည် ထင်သည်။

'ဒီကောင်ကြီး အတော်ထိနေတယ်၊ ညတိုင်ကျရင် တလူးလူး တလွန့်လွန့်နဲ့၊ လသာတဲ့ ညတွေများ တစ်ယောက်တည်း လမ်းထထလျှောက်နေလို့ကျွန်တော်တို့မှာ တဖားဖား လိုက်နေကြရတယ်'

ကိုရင်မောင်၏ သတင်းကို ခင်ချိုက ပြန်လည် ဖောက်သည်ချသောအခါ ညိုထွေးသည် ငိုမလို မျက်နှာထားလေးနှင့် ရယ်နေလေသည်။ ဝေဝေသည် ညိုထွေး၏ မျက်နှာလေးကို အငေးသားကြည့်ရင်း သက်ပြင်းချ

သည်။ ဒီတစ်ခါတော့ ရန်ကနားလည်း ကယ်နိုင်ဟန် မတူတော့ချေ။ မည်သူကစ၍ မွှေးမှန်းမသိသော်လည်း လောင်လေသော မီးသည် အားလုံးကို ပူစေခဲ့လေသည်။

တိမ်တောက်သော ညနေတွင် ခင်ချိုတို့ အားလုံး အခန်းအပြင်ဘက်တွင် စုမိကြပြန်လေသည်။ သရက်သီး ပေါ်ချိန်မို့ မချစ်စု သရက်သီးကို ငံပြာရည်၊ ငြုပ်သီးစပ်စပ်နှင့် တို့စားရင်း စပ်မိစပ်ရာ စကားဝိုင်း ဖွဲ့မိကြသည်။

'သရက်သီးစားရင်း အခွံပါစားရတယ်၊ အသားက ဝမ်းသက်တယ်၊ အခွံက ဝမ်းချုပ်တယ်၊ နှစ်ခုစလုံးတော့ တစ်ခုနဲ့ တစ်ခု ထိန်းသွားတယ်တဲ့'

'ဟာ ဒို့တော့ အသားပဲစားမယ်၊ ဝမ်းတော်လားရှုံမကလို့ ဘာဖြစ်ဖြစ်'

မဝါက မိုက်စကားပြောပြီး အလယ်သားများကိုချည်းရွေးစားလေသည်။ ဖရဲသီးကိုစားပိုးနှင့်အောင်စားသော ထွေးထွေးသည် မချစ်စု သရက်သီးစားရုံနှင့် အားမရသေးချေ။ အမှည့်ခံထားသော ရင်ကွဲသရက်များကိုပါ ခွဲစားရန် မော်မော့်ကို အဖော်စပ်နေလေသည်။

'အခု အဆောင်မှာ အော်တိုတွေ ပလူပျံနေတာပဲ၊ နောက်ဆုံးနှစ်ဆိုတော့ ခွဲကြရတော့မှာ မဟုတ်လား'

မော်မော်က ပြောသောအခါ ခင်ချို့ရင်ထဲတွင် ဒိန်းခနဲ ဖြစ်သွားသည်။ ဟုတ်ပေသည်။ ဒုတိယနှစ်ဝက် ကျောင်းဖွင့်ပြီး လပိုင်းအတွင်း စာမေးပွဲစစ်တော့မည်ဖြစ်၏။ ထိုနောက်တွင်ကား ခင်ချိုတို့တတွေ ကျောင်းသက် ကုန်ဆုံးတော့မည် ဖြစ်သည်။ ခြောက်နှစ်တိုင်တိုင် ပေါင်းလာသော သူငယ်ချင်းများသည်လည်း ခွဲခွာကြရတော့မည် ဖြစ်ပေသည်။ ကျောင်းသားဘဝမှ အလုပ်သမားဘဝသို့ ကူးပြောင်းကြရတော့ မည်ဖြစ်ပေသည်။

'ခုလဆိုရင် ဂျွန်၊ ဂျူလိုင်ဆိုရင် စာမေးပွဲပြီးပြီ၊ ဘာလိုလိုနဲ့ တစ်လကျော်ကျော်ဘဲ လိုတော့တယ်'

မဝါသည် အချိန်ကို သေချာစွာ တွက်ကြည့်ရင်း လန့်သွားသလို ပြောသည်။ နေမင်းကြီးကို နောက်ခံထားပြီး အရောင်စုံတောက်ပနေသော တိမ်များသည် အဆုပ်လိုက် အခဲလိုက် ရွေ့လျား နေကြသည်။ နေဝင်ချိန်နီးပြီဖြစ်၍ စက်မှုတက္ကသိုလ်ခေါင်မိုးပေါ်ရှိ ရေစက်အိမ်လေးများသည် မဲမဲရိပ်ရိပ်နှင့် ကျွန်းမျော လေးများလို ဖြစ်နေသည်။ ဒီတက္ကသိုလ် ဒီဝန်းကျင်၊ ဒီအဆောင်၊ ဒီမြေ ဒီလေ ဒီသူငယ်ချင်းများနှင့် ခွဲခွာရန် အချိန်သည် နီးကပ်လာချေပြီကို ယခုမှပင် အားလုံး သတိထားမိကြသည်။ ကဗျာဝါသနာပါသော မိသည် ကဗျာလေးပိုဒ်ကို စပ်ဆိုပြီး ခင်ချိုတို့ စာအုပ် ရှေ့ဘက်အဖုံးတွင် တိတ်တိတ်လေး ရေးထားလေသည်။

'ဩော် တစ်နေ့တစ်နေ့၊ တရွေ့ရွေ့နှင့်

နှင်းငွေ့သိုင်းခြုံ၊ ဆောင်းနှင်းကုန်၍

ခါနွေဘက်သို့ ကူးခဲ့ပြီ။

နွေအဦးမို့၊ လေရူးမြူးပျော်

ဥပြဲကျော်လျက်၊ ကံ့ကော်တွေလဲ ဖူးခဲ့ပြီ။

ဖူးပုရစ်စီ၊ ကသစ်နီနှင့်

ရာသီအခါ ငုဝါဝါတို့

မကွာပျော်လျက် မော်ကြသည်။

ရွှေစင်သော်မော်၊ ကသစ်ပျော်လည်း
သံကျော်ဥဩ၊ တေးသီပြောလည်း
စိတ်မောဗျာဝေ၊ သောကပွေသည်
ဒို့တွေ ခွဲခွာရဦးမည်။ ။

* * *

(၂၃)

'ခွဲရမှာပဲ၊ တစ်နေ့တော့ အားလုံး ခွဲကြရမှာပဲ၊ မွေးလာကတည်းက တစ်ယောက်တည်း မွေးလာရတာ၊ မပြန်လမ်းကိုတောင် လျှောက်ပြီး အပြီးအပိုင် ခွဲကြရမှာ'

မမခင်သည် တရားသံပါပါနှင့် ပြောသည်။ ခါတိုင်းညနေခင်းလမ်းလျှောက်လျှင် ရွှင်ပျော် သွက်လက်ပြီး ရယ်စရာများ ပြောကာလျှောက်လေ့ရှိသော ခင်ချိုတို့လူစုသည် ခုတစ်ခါတော့ မရယ်နိုင်၊ မပျော်နိုင် ခြေလှမ်းလေး နေကြသည်။ ခွဲကြ၊ ခွာကြ၊ ကွေကွင်းကြရမည်ကို အသေအချာ သိနေသော်လည်း စိတ်ထဲတွင် လက်မခံချင်ကြပေ။

'ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား၊ ကွေကွင်းနောက်ဆုံး ရှိချေ၏ တဲ့'

မိသည် လမ်းဘေးချောက်ထဲမှ မြေကပ်ပန်းဝါဝါလေးများကို ဆင်းခူးရင်း ပြောသည်။ မိုးဖြိုင်ဖြိုင် ကျလျှင် မိုးရေနှင့်အတူ ဝါဝင်းနေအောင် ပွင့်လန်းလာတတ်ကြသော ပန်းလေးများသည် ချစ်စဖွယ်ကောင်းလှသည်။ မိုးဖွဲဖွဲ တွင်လည်း ပွင့်သည်။ မိုးသဲသဲတွင်လည်း လန်းသည်။ နေပူလျှင်လည်း မညှိုးချေ။ ဘဝနှင့်ချီပြီး ကြီးကြီး ကျယ်ကျယ် ပြောရလျှင် လောကဓံ၏ အထုအထောင်းကို အတော်ခံနိုင်သည်ဟု ပြောရမည်ထင်သည်။

'နှစ်ပတ်လည် ထမင်းစားပွဲကျရင် ဒို့တွေ အစီအစဉ်တစ်ခုလောက်လုပ်ဖို့ကောင်းတယ်'

'ဘာအစီအစဉ်လဲ'

'ဒေါ်ရသီက ပြောတယ်၊ ဒို့ဂျီပောာသူတွေဟာ ကျောင်းသားတွေနှိမ်သမျှ အမြဲခံနေရတာတဲ့၊ ကျောင်းက မထွက်ခင် အမှတ်တရ တစ်ခုခု ပြန်ဆော်သွားချင်တယ်တဲ့'

ကျောင်းသက်တစ်နှစ်ကုန်ပြီး ဒုတိယနှစ်ဝက် စားမေးပွဲစစ်ခါနီးတွင် အဆောင်နေ ကျောင်းသူ ကျောင်းသား များကို အထူးအစီအစဉ်နှင့် ကျွေးမွေးပြီး နှုတ်ဆက်ပွဲလုပ်တတ်သည်ကား နှစ်စဉ်ပင်။ စားသောက်ပြီးကြသောအခါ အနုပညာ အသင်းနှင့် ဝါသနာရှင်များက အကအခုန်များနှင့် ဖြေဖျော်ကြလေသည်။

'ဘာအစီအစဉ်လုပ်ရမလဲ၊ ကရ ခုန်ရအောင်ကလဲ ဒို့တွေအထဲမှာ ချိုမိုင်မိုင်တောင် မှန်အောင် ကတတ် ကြရဲ့လား မသိ'

'ပြဇာတ်ဆိုရင်ကော'

'ဘာဇာတ်လမ်းကို ကကြမှာလဲ'

ခင်ချိုတို့အေးအေးသက်သာ စကားပြောရင်း လျှောက်လာချိန်တွင် အရှေ့ဘက်မှ ကျောင်းသားတစ်စု လျှောက်လာသည်ကို သတိပြုမိသည်။ မျက်မှန်ကြီးတဝင်းဝင်းနှင့် ဗစ်တာကို ဖြတ်ခနဲ တွေ့လိုက်၍ သူတို့လူစုထဲ တွင် ကိုရင်မောင်လည်း ပါလာလိမ့်မည် ထင်သည်။ ညိုထွေးက ဘယ်လိုနေမည်မသိ။ ခင်ချိုပင် ရင်ခုန်ချင်သည်။

'ဗျိုး မမခင်၊ ခင်ဗျားတို့ဂျီပောာက နှစ်လည်ထမင်းစားပွဲကျရင် ဇာတ်စင်ပေါ်တက်ကြမလို့ဆို'

အနုပညာ အသင်းဝင် ကိုသန်းအောင်သည် အာကျယ်ပါကျယ်နှင့် လှမ်းနှုတ်ဆက်လေသည်။ ကိုသန်းအောင်၏ နောက်ဘက်တွင် ကိုရင်မောင်ကို တွေ့ရသည်။ မျက်နှာကို ခပ်လွှဲလွှဲထားပြီး ခေါင်းငုံ့နေလေသည်။ ဝေဝေသည် ကိုရင်မောင်၏ မျက်နှာကို အမိအရ လိုက်ကြည့်ပြီး အကဲခတ်နေသည်။

'တက်မယ် တက်မယ်၊ ကျွန်မတို့ဂျီဟောသူတွေကို အမြဲတမ်းနှိမ်နေတာ၊ ဇာတ်စင်ပေါ်တက်ပြီး ရှင်တို့တွေကို ပြန်နှိမ်ပစ်ဦးမယ်'

'အမ် မာ လေး ကြောက်ပါတယ်ဗျ'

ဇစ်တာသည် ဝေဝေနှင့် မော်မော်ကို မျက်လုံးအပြူးသားနှင့် ကြည့်ရင်း ထအော်သည်။ သူ့ကြည့် ရသည်မှာ တကယ့်ကို ကြောက်နေဟန် ရှိသည်။ မော်မော်တို့သည် သူတို့နှင့် ဘာမှ မဆိုင်သလို မျက်နှာထား တည်တည်ထားပြီး မဝါနှင့် လှည့်စကားပြောနေလေသည်။

ညိုထွေးသည် ခင်ချိုတို့နောက်ဘက်တွင် ကပ်၍ ရပ်ရင်း မြေဝပ်ပန်းဝါဝါလေးများကို စိုက်ကြည့်နေလေသည်။ ညိုထွေး ရင်ထဲတွင် မည်ကဲ့သို့ရှိမည်ကို ခင်ချိုသိချင်နေသည်။ ခင်ချိုတို့လူစုအားလုံးရော၊ ကိုရင်မောင်ပါ ကျွန္ဒြမပျက်ကြသည့်အတွက် စကားဝိုင်းသည် စိုစိုပြည်ပြည် ဖြစ်နေသည်။

'ညိုထွေးရော ကမှာလား'

'မလုပ်ပါနဲ့၊ လူအားလုံး ထွက်ပြေးကုန်ပါ့မယ်'

'တစ်ယောက်တော့ ကျန်မှာပေါ့ဗျာ'

'ဘယ်သူလဲဟင်'

ဇစ်တာက အနေခင့်မလွတ်အသွားမလွတ် ပြောသောအခါ ဝေဝေသည် စကားကို နင်းကာ ကမန်းကတန်း မေးလေသည်။ ဝေဝေတစ်ယောက် အကြံအဖန်တွေ လုပ်နေပြန်ပြီ ထင်သည်။ ညိုထွေး၏ မျက်နှာလေးသည် ရဲခနဲ ဖြစ်သွားပြီး ဇစ်တာ့ကို ခပ်တွေတွေလေး လှမ်းကြည့်သည်။ ဇစ်တာသည် ခေါင်းကို ကုတ်ကာ ရယ်သွမ်းသွေးရင်း စကားလျှော့ချလိုက်သည်။

'အဟဲ ကျွန်တော်ပါ၊ ကျွန်တော်က အကဆိုရင် မျောက်ကတောင် ထမင်းမေ့ ဟင်းမေ့ ထိုင်ကြည့်တတ်တာ'

ဝေဝေသည် စိတ်ပျက်သွားသလို မျက်နှာလေး ရှုံ့သွားသည်။ ကိုရင်မောင်ကမူ မသိမသာ သက်ပြင်းရှိုက်လိုက်လေသည်။ အကြောင်းမှန်ကို မသိသော မမခင်နှင့် ထွေးထွေးတို့ကမူ ဟန်နှင့်ပန်နှင့် ပြောသော ဇစ်တာ့ကို ကြည့်ကာ ရယ်နေကြလေသည်။

ကြည်ကြည်လင်လင်သော မိုးကောင်းကင်သည် ရုတ်ချည်းပင် မိုးရိပ်များတက်ကာ အုံ့ဆိုင်း လာသည်။ ရွာမယောင် ဟန်ပြင်ကာ ဂျိုးဂျိမ်းသံ ပေးနေလေသည်။ ကျောင်းကို ပတ်ပြီး လျှောက်ရန် အကြံကို လက်လျှော့လိုက်ပြီး နောက်ကြောင်းပြန်လျှောက်လာခဲ့ကြသည်။ ခင်ချိုတို့ လူစုနှင့်အတူ ကိုရင်မောင်တို့လူစုလည်း ပါလာကြလေသည်။

'ရန်ကုန်မိုးနဲ့ ရန်ကုန်သူဟာ အစိုးမရဘူးတဲ့ဗျ'

ကိုသန်းအောင်သည် ခပ်သွက်သွက်လျှောက်နေရင်းမှ မိုးဋီကာ ဖွင့်လေသည်။ တစ်ချိန်လုံး ငြိမ်နေသော ကိုရင်မောင်သည် ဒီတစ်ခါတော့ အသံထွက်လာသည်။

'ရန်ကုန်မိုးက အစိုးမရပေမယ့် ရွာတတ်ပါတယ်ဗျာ၊ အညာမိုးကမှ ရွာတော့မလို အုံ့ဆိုင်းပြီး မိုးချိမ်းသံတွေသာ ညံနေတယ်၊ မိုးပြေးကလေးမှ မရွာ၊ မိုးပေါက်ကလေးမှ မကျ၊ မျှော်တဲ့သူသာ မောရတတ်တာ'

မိသည် မိုးလွတ်အောင် အပြေးတစ်ပိုင်းနှင့် လမ်းလျှောက်ရင်း ကိုရင်မောင့်ကို မသိမသာ လှည့်ကြည့်သည်။ မိုးကောင်းကင်ကို မော့ကြည့်နေသော ကိုရင်မောင်ကမူ သတိထားမိဟန် မတူချေ။ အညာမှာ မွေးပြီး အညာမှကြီးသောအညာသူလေး ညိုထွေးကတိတ်တခိုးလေး ပင့်သက်ရှိုက်လိုက်သည်ကိုကား ခင်ချိုသိလိုက်သည်။

'အောင်မယ် အညာမိုးက ရွာရင်လဲ သဲကြီးမဲကြီးပါပဲရှင်'

'ရွာပါစေဗျာ၊ သဲသဲမဲမဲကြီးကို ရွာပါစေဗျာ'

ထွေးထွေးသည် ဘုမသိ ဘမသိ ဝင်တောလေသည်။ ဗစ်တာသည် ညိုထွေးကို ဝေ့ခနဲ ကြည့်ရင်း အာလုပ်သံကြီးနှင့် ဆုတောင်းသောအခါ ဝေဝေသည် ဟက်ဟက်ပက်ပက် ရယ်လေတော့သည်။ ခပ်သွက်သွက် လျှောက်နေရင်းမှ မိုးစက်မိုးပေါက်များ ကျလာသောအခါ ခင်ချိုတို့တတွေ အပြေးတစ်ပိုင်း ဖြစ်ကုန်ကြသည်။ ဗိသုကာဌာန အနီးလမ်းခွဲတွင် ကိုရင်မောင်တို့က ဌာနဘက် ပြေးကြပြီး ခင်ချိုတို့က အဆောင်ဘက် ပြေးခဲ့ကြသည်။

'ကျွန်တော်တို့ ဇာတ်လိုက်ကြီး ကိုရင်မောင်လဲ သီချင်းတက်ဆို လိမ့်မယ်ဗျ၊ တစ်ပင်တိုင် မင်းသားကြီးတဲ့'

တဖြည်းဖြည်းစိပ်ပြီးသဲလာသောမိုးကြောင့် ခင်ချိုတို့တတွေအပြေးမလွတ်မှန်းသိ၍ခြေလှမ်းကို အရှိန်လျှော့လိုက်ကြသည်။ ဗစ်တာသည် မမီမကမ်း လှမ်းအော်ပြောလိုက်သေးသည်။

'ညိုထွေး ပြေးနင့်မယ်၊ ခေါင်းကို ရေစိုမခံချင်ဘူး'

ညိုထွေးသည် ပြောပြောဆိုဆို တစ်ဦးတည်း ပြေးထွက်သွားလေသည်။ ခင်ချိုတို့ကမူ စိုမည့် အတူတူ မထူးတော့သည့်အတွက် မိုးရေထဲတွင်ပင် လျှောက်လာခဲ့ကြလေသည်။ ခပ်စပ်စပ်လေး မိုးစက်မိုးမှုန်များ မျက်နှာကို ပက်နေသည်မှာ တစ်မျိုးအရသာရှိသည်။ ဝေဝေသည် ခေါင်းကို မော့ပြီး ပါးစပ်ကို ဟထားလေသည်။

'မိုး မိုး မိုး လား မောင်တို့

လေ လေ လေလား မောင်တို့

ဟေး လေ လေ လေလား မယ်တို့

ဟား မိုး မိုး မိုးလား မယ်တို့ '

ဝေဝေ၊ မော်မော်နှင့် ထွေးထွေးတို့သည် တစ်လှည့်စီ တိုင်ရင်း ဝရုန်းသုန်းကား အော်နေကြသည်။

မိုးရေများနှင့် ရွှဲကပ်နေသော ဆံပင်များကြောင့် သူတို့၏ ရယ်ကျဲကျဲ မျက်နှာလေးများသည် ကြောင်စီစီ ဖြစ်နေကြသည်။ လူပြက်ရုပ်ပေါက်နေကြသည်။ မမခင်သည် သူတို့ကို ငေးကြည့်နေရင်း ဝမ်းသာအားရ ထအော်သည်။

'ဟုတ်ပြီ ဟုတ်ပြီ သံချပ်ထိုးမယ်၊ ဒင်နာကျရင် ဂျီဟောက သံချပ်ထိုးမယ်'

'ကောင်းတယ် ကောင်းတယ်'

မဝါက လိုက်လိုက်လှဲလှဲ ထောက်ခံသည်။ အကြံပေါ်လာပြီမို့ အဆောင်ရှိ လူစုနှင့် တိုင်ပင်ရန် ခြေလှမ်းသွက်လာကြသည်။ အဆောင်ဝရှိ ပိတောက် ညီနောင်အောက်သို့ ရောက်သောအခါ မော်မော်သည် ပိတောက်ရွက်များကို ခုန်၍ ဆွဲရင်း ရယ်မောရွှတ်ဆိုလိုက်လေသည်။

'စက်မှုကျောင်းသား ဂေါင်မိးပွေ၊

မိန်းမရှာတွေတောင် ရှောင်ဘူးဆိုပဲ'

'ဟား သိပ်ကောင်းတယ်၊ မော်မော် ဆက်စပ်၊ ဆက်ပြီး စပ်ပါဦး'

မိသည် အားတက်သရော ပြောသည်။ မော်မော်၏လက်ကို အတင်းဆွဲကာ ဆက်၍ စပ်ခိုင်းနေသည်။ မော်မော်သည် ဘာဆက်ဆိုရမည် မသိသည့်အတွက် ခေါင်းကုတ်ရင်း ဟက်ဟက်ပက်ပက် ရယ်နေလေသည်။

* * *

(၂၄)

ရယ်မောသံများသည် တစ်ခန်းလုံး ပဲ့တင်ထပ်ကာ ဆူညံနေသည်။ ဇာတ်စင်ပေါ်တွင်စိပ်ပုတီးကြီး ဇရာနန္ဒာကြီးဆွဲကာ ကြောင်စီ စီရပ်နေသော ကိုသန်းဝေအဖြစ်ကလည်း ရယ်စရာမို့ ခင်ချိုတို့ ဣန္ဒြေမဆောင်နိုင်ချေ။ နှစ်လည် ညစာစားပွဲအပြီး ကပွဲများမစမီ မဲဖောက်လေသည်။ မဲပေါက်သောသူ ကံထူးသူများသည် သူတို့၏ ဆုလာဒ်များကို စင်မြင့်ပေါ်တက်ပြီး ယူကြရသည်။ လူအများရှေ့တွင် ပေါက်မဲကို ဖွင့်ကြည့်ကြရလေသည်။ ကိုသန်းဝေသည် ပထမဆုံးပေါက်သော ကံထူးသူဖြစ်၍ ခင်ချိုတို့တတွေ လက်ခုပ်ကို ဆူညံနေအောင် တီးပေးကြသည်။ သူရသော ပေါက်မဲက အထုပ်ခပ်သေးသေးပင် ဖြစ်သည်။ နှစ်လည်ပွဲမို့ အင်္ကျီစိမ်းရင့်ရင့်၊ ဘောင်းဘီစိမ်းရင့်ရင့်နှင့် ဦးချွန်ဖိနပ်စီးကာ အကျအန ရှိုးထုတ်ထားသော ကိုသန်းဝေသည် ပရိသတ်ဆန္ဒအရ သူ့ပေါက်မဲကို စင်မြင့်ပေါ်တွင် ဖွင့်ပြရရှာသည်။ ပုတီးစေ့တစ်လုံးလျှင် ဇီးဖြူသီးခန့်ရှိသော စိတ်ပုတီးကြီး ထွက်လာသဖြင့် မျက်နှာလေး ငယ်သွားရှာသည်။ အခမ်းအနားမှူးက စိပ်ပုတီးကြီးလည်ပင်းစွပ်ပေးသောအခါသူသည် ပရိသတ်ဖက် လှည့်ပြီး ဦးညွှတ်ပြလေသည်။ ဘောင်းဘီကြီးကားကားနှင့် စိပ်ပုတီးဆွဲထားသော ကိုသန်းဝေကို ကြည့်ပြီး မည်သူမျှ ဣန္ဒြေမဆောင်နိုင်ကြတော့ပေ။ တဝါးဝါး ဖြစ်ကုန်ကြတော့သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် နောက်တစ်ခါ မဲပေါက်သူကား ဝေဝေဖြစ်လေသည်။ ဝေဝေသည် စင်မြင့်ပေါ်သို့ ကြောက်ဆုတ်ဆုတ်နှင့် တက်သွားရရှာသည်။ ဝေဝေ့ပေါက်မဲသည်ကား ကြီးမားလှချေသည်။ ခင်ချိုတို့အားလုံး အထုပ်ကြီးကို ကြည့်ပြီး ဘုရားတနေကြသည်။ ဖွင့်လိုက်သောအခါ ဖိုးဝရုပ်ကြီး ကားကားကြီးထွက်လာသဖြင့် ဝါးခနဲ ဖြစ်ကုန်ကြသည်။

'ဟား ဟား ဝေဝေကွ၊ ဂျီဟောက မိကောကွ ဟား ဟား ဟား'

ခင်ချိုတို့နောက်ဘက်တန်းတွင် ထိုင်နေသော ဗစ်တာသည် အူလိုက်သဲလိုက် ရယ်နေလေသည်။ ဖိုးဝရုပ်ကြီးကို စင်မြင့်ပေါ်တင်ပြီး ပွေ့ထားရသော ဝေဝေအဖြစ်ကလည်း မသက်သာလှချေ။ ဝေဝေချောက်ပေါက်တိုးနေပုံကို ကြည့်ပြီး ကိုရင်မောင်နှင့် ဗစ်တာတို့အတော်ပင် ဝမ်းသာအားရ ဖြစ်နေပုံရလေသည်။ မချိသွားဖြည်းနှင့်ကြောင်စီစီလေး ရယ်နေသော ဝေဝေ့ကို ကြည့်ရင်း ဗစ်တာ့ဘေးမှ အလွမ်းမင်းသားကိုရင်မောင်ကလည်း မနေနိုင် အသံထွက်အောင် တဟားဟား ရယ်နေသည်။

'ရော့ ခင်ချိုစားပါဦးလား'

ကပွဲများမစမီ ကိုရင်မောင်သည် ဆားငံစေ့တစ်ထုပ် လှမ်းပေးလေသည်။ ခင်ချိုတို့ကလည်း ကွာစေ့ထုပ်များ ပြန်ပေးသည်။ ခပ်တန်းတန်းဖြစ်နေရာမှ ဝေဝေလူပြက်အလုပ်ကောင်းသည့် အတွက် ရယ်ကြမောကြနှင့် ပြန်ပြီး တစ်စည်းတစ်လုံးတည်း စုမိသွားကြသည်။ ညိုထွေးသည်လည်း ကြည်ကြည်လင်လင်ကလေး ပြုံးရယ်နေလေသည်။

'ဟော ထွက်ပြီ ထွက်ပြီ သံချပ်ထွက်ပြီ'

မကြာပါချေ။ မျှော်နေသော သံချပ်အဖွဲ့ထွက်လာလေသည်။ ယောကျ်ားလေးတစ်ဖက် မိန်းကလေး တစ်ဖက် ဂငယ်ပုံဝိုင်းပြီး ရပ်လိုက်ကြသည်။ သံချပ်ထိုးမည့်သူများတွင် လှလှမြင့်၊ ဒေါ်ရသီ၊ မစန်း၊ မြသက်ညို၊ မတင်ရီ၊ မာမာတင်၊ စန္ဒီလိုင်၊ မအုံးမြင့်စသော သတ္တိခဲများ ပါလေသည်။ အကျႌနှင့်လုံချည်ဆင်တူ အစိမ်း၊ အဝါ၊ အပြာစသည်ဖြင့် တစ်ရောင်စီ အပေါ်အောက် ဆင်တူဝတ်ထားသော ဂျီပေါသူလေးများသည် လိပ်ပြာရောင်စုံလေး များ စုစည်းထားသည်နှင့် တူနေသည်။ အားလုံးပင် ရှုမငြီးအောင် လှနေကြသည်။ ယောကျ်ားလေးဘက်ကမူ ကိုတင်ဝင်းနှင့် တင်မောင်ဝင်းတို့ပါလေသည်။ ယောကျ်ားလေး တစ်လှည့်၊ မိန်းကလေးတစ်လှည့် သံချပ်ထိုးရင်း ငယ်ကျိုးငယ်နာများ ဖော်ကာ ဆော်ကြ၊ နှက်ကြ၊ တွယ်ကြမည်မို့ အားလုံးပင် စိတ်ဝင်တစား ရှိကြလေသည်။

ပမာဏပျိုးပြီး ဆရာ၊ ဆရာမ၊ ပရိသတ်များကိုကန်တော့ပြီး သည်နှင့် ဘာမပြော ညာမပြော

'တက္ကသိုလ်တိုင်းမှာ ဟိုးဟိုးကျော် ဂျီပေါသူနော် ရှောင်ကြ ရှားကြ' ဟု ထတွယ်ပါတော့သည်။

ယောကျ်ားလေးများသည် ဝါးခနဲ ရယ်ကာ လက်ခုပ်တဖြောင်းဖြောင်း တီးလေသည်။

'နှမကညာတို့ကို အပြစ်ဆိုရင်

ကိုယ့်ကိုကိုယ်ပင်၊ ပြန်ကြည့်ပါဦး'

'ပု ကွ ပိန်ချောက် မည်းပြာပြာ

ပုံမလာတာ ရှင်တို့ရှင်တို့'

ဂျီပေါသူများကလည်း မနေပါချေ။ ကျောင်းသားများကို လက်ညှိုးထိုးကာ ပြန်လည် သံချပ်ထိုးကြသည်။ ဒီတစ်ခါတော့ ခင်ချိုတို့ညိုထွေးတို့အလှည့်ဖြစ်သည်။ လက်ခုပ်နာနာ တီးပေးရသည်။

'ဂျီပေါသူကို မလိုချင်

ဗီယက်နမ်ပင် သွားလိုက်ချင်သေး'

ဗီယက်နမ်စစ်မီးပွားနေချိန်မို့ သူတို့စကားသည် ထိမိလှသည်။ သူတို့က အသံကို မြှင့်ကာ ဟိန်းနေအောင် အော်သလို အောက်ဖက်မှ ပြဲဘာသံကလည်း ညံသွားလေသည်။

'စားချင်လှတဲ့၊ စပျစ်ချို

လှမ်းမမီသကို၊ ချဉ်ကြတာပေါ့'

'ကုတ်ချောင်းချောင်းနဲ့ ပိန်ဂုတ်မောင်

မတန်ပေါင်နော် ဥဒုမ္ဗရနဲ့'

ပိဂ္ဂုတ္တရလုလင်နှင့် ဥဒုမ္ဗဒေဝီတို့၏ ဥပမာကို ခိုင်းနိုင်းပြီး ဂျီပေါသူများကို သွေးကြီးဟန် လုပ်လေသည်။

'ငါးမာန်တက်သူမို့ရက်စက်လေတယ် သက်သက်ကယ် သွေဖယ်လို့မေတကယ် စိမ်းတာပေါ့နော်' ဟု ဗစ်တာသည် ရယ်ရင်းမောရင်း တိုးတိုးလေး ရေရွတ်နေသည်။

'တံခါးပိတ်လို့၊ ဖျာလိပ်ကာ

နတ်မေးတာဟာ သူတို့အကျင့်'

'တိုးတိုးတိတ်တိတ် ကျိတ်လို့သာ

ဂဏန်းတွက်တာ သူတို့အကျင့်'

မိန်းကလေးဆောင်တွင် ရှင်မအောင်ဖြူ ဖျာလိပ်နတ်မေးကြသည်ကို သံချပ်ထဲ ထည့်သောအခါ ဂျီဟောသူများကလည်း ယောကျ်ားလေးဆောင်ရှိ ဖဲဝိုင်းများကို ရည်ရွယ်ပြီး ပြန်ဆိုကြလေသည်။ ရှေ့တန်းတွင် ထိုင်နေသောဆရာများသည် တဖြည်းဖြည်း လမိုင်းကပ်ကာ ဟန်နှင့် ပန်နှင့် ဆိုကုန်ကြသော သံချပ်အဖွဲ့ကို ကြည့်ရင်း ဟက်ဟက် ပက်ပက် ရယ်နေကြလေသည်။ ငယ်ကျိုးငယ်နာ အကုန်လုံး ဖုံးမရဘဲ ပေါ်ကုန်ကြသော ကျောင်းသူကျောင်းသားများ အဖြစ်ကလည်း မသက်သာလှချေ။

'ငါးပိကြော် ဆယ်ပြားဖိုး၊

ဆယ်ယောက်တိုးတာ ကြည့်မကောင်းဘူး'

'ထမင်းစားခန်းထဲ ယောင်မှားဝင်

ငွေမသွင်းရင် ပြန်ထွက် ပြန်ထွက်'

ငါးပိကြော်ဆယ်ပြားဖိုးကို ဝယ်ပြီး ဆယ်ယောက်ဝိုင်းစားကြသည်ဟု မိန်းကလေးတို့ကပ်စေးနဲပုံကို သူတို့က စာဖွဲ့လေသည်။ ကျောင်းလခ၊ အဆောင်ကြေး၊ ထမင်းလခ စသည်တို့ကို မသွင်းဘဲ အချိန်တန်လျှင် ထမင်းလာစားကြသော ကျောင်းသားများ၏ အပြုအမူကို အတွင်းသိ အစင်းသိမို့ ကျောင်းသူများကလည်း ချက်ချင်းပြန်ပက်လေသည်။ အတိုင်အဖောက်ညီလှသဖြင့် ရယ်သံသည် မစဲနိုင်ဘဲ ပွဲတင်လိုက်နေလေသည်။ သံချပ်လမိုင်းကပ်ပြီး အမူအယာစုံစုံနှင့် ပြုံးကာ မဲ့ကာ ရယ်မောကာ လက်ညှိုးတထိုးထိုး အကျိတ်အနယ်ဖြစ်ကုန်သဖြင့် နားထောင်ရသည်ရော၊ ကြည့်ရသည်ပါ အားရစရာ ကောင်းလှသည်။

'စိတ်မဆိုးပါနဲ့ ဆွေကလျာ

ဒို့တတွေဟာ မောင်နှမတွေပဲ'

'မောင်နှမတွေမို့၊ ပျော်ပျော်ရွှင်

ခင်မင်တာတွေ၊ ပြောလို့မဆုံး'

သံချပ်အပြီး ကြေအေးစကားဆိုနေကြသောအခါ ကိုသန်းဝေသည် ကျိတ်မနိုင် ခဲမရနှင့် 'ဟေ့ကောင်တွေ သတ္တိနည်းလှချေကလား၊ ဆက်ဆို၊ ဆက်ဆို' ဟု အသံပြဲကြီးနှင့် ထအော်လေသည်။ ဇာတ်စင်ပေါ်မှ လူများပါ မနေနိုင်ဘဲ ရယ်ကြရတော့သည်။

'ဘဲဥခြမ်း ဖြူတူတူ

ဆားရေနဲ့ကူ၊

စက်မှုသူ အမူတုံး၊

ဘဲဥနဲ့ဖုံး။

ဟိုမလေ ဒီမလေ ဟင်းချိုရေ ပန်းကန်ထဲ

ပိုက်ကျရေ ပူပူနွေး ဆားကလေးနဲ့တဲ့။

အရိုရယ် အရွဲ့ရယ် ခြေရိုးတဲ့ကွယ်

လည်ချောင်းသွယ်၊ တောင်ပန်ကား၊ စက်မှုကြက်သား။

ဟောဒီမှာ ဟောဒီမှာ အခေါက်မှာ အဆီထွေး

မွှေးညိုညို၊ ပင်ချင်းယှက်၊ ဝက်ဟင်းတဲ့လေး။

မမှုပါ အို ငါ့ရှင်၊ အားနည်းလာရင်

ဗီတာမင် အေ တူ ဇက်၊ ဆေးရုံကထွက်

ဝမ်းကို့စ်တဲ့ လုံးတစ်ရာ ဆေးလာထိုးပါ

ဒို့ဒေါက်တာကိုလူဖြောင့် အပ်ကြီးနဲ့စောင့်

ဝမ်းကို့စ်မှာ လုံးတစ်ရာ ၊ ဆေးလာထိုးပါ၊

တင်ပါးမှာ ဘယ်ညာယှက်၊ ထိုင်ရခက်ခက်၊

နာခေါင်းပိတ်မခံနိုင်၊ ငုတ်တုတ်ရင်ဆိုင်၊

ရန့်ကြိုင် ထိုင်မရ၊ ဒို့အိမ်သာဗျ၊

ဟိုရှေ့က ကန်သာ–ကန်သာ၊ စက်မှုကန်သာ

ကမ္ဘာမှာ စံတင်ထား၊ အံ့ဖွယ်တစ်ပါး

ဘိုးဘွားမှ မြေးမြစ်တီ၊ ပြီးလုပါပြီ

ရာပြည့်မီ ဒီကန်ထဲ ကူးရမလွဲ။

နောက်ဆုံးတွင်ကား ဘာမှ မကျန်တော့ချေ။ စားမကောင်းသော အဆောင်ဟင်းများကို လည်းကောင်း၊ လာသမျှ လူနာကို ဆေးထိုးလွှတ်သော ဆရာဝန်ကိုလည်းကောင်း၊ အနှစ်နှစ် အလလကဆောက်နေပြီး ယခုတိုင် မပြီးနိုင်သေးသော စက်မှုရေကူးကန်ကို လည်းကောင်း တွယ်ကြတော့သည်။ လက်ခုပ်ညီစွာ တီးပြီး သံပြိုင်ဆိုနေသော သံချပ်အဖွဲ့ကို အားပေးသော လက်ခုပ်သံများသည်လည်း မစဲတော့ချေ။ ပါးစပ် မပိတ်နိုင်အောင် ရယ်ခဲ့ရ၍ ပါးရိုးများပင် ညောင်းနေသည်။

'ဒီတစ်ခါ ဂျီဟောသူတွေ တယ်သတ္တိကောင်းလှပါကလား'

ဇစ်တာက ဝေဝေ့ကို လှမ်းကြည့်သည်။ ရယ်မောရွှင်ချိုနေသော ညိုထွေးကို ကိုရင်မောင်က ငေးစိုက်ကြည့်နေလေသည်။ အင်္ကျီအစိမ်းရင့်ရင့်ဝတ်ထားသဖြင့်ညိုထွေးအသားလေးများသည်အင်္ကျီရောင်ဟပ်ကာ အကြောစိမ်းများ ယှက်နေသယောင်ပင် ထင်ရအောင် ဝင်းပနေသည်။ တပတ်လျှိုဆံထုံးတွင် ကပ်ပန်ထားသော နှင်းဆီပန်းအဝါလေးသည် ကြိုင်နေအောင် မွှေးလေသည်။ ပုလဲသွယ်ရှည်ရှည်လေးတစ်ကုံးတည်းကို ဆွဲထားသော ညိုထွေး၏ ဟန်သည် ကျော့ရှင်းလှသည်။

သူ ့ကို ကိုရင်မောင်ကြည့်နေကြောင်းကိုသိသောအခါညိုထွေး၏မျက်နှာလေးသည်ရှင်ချိုနေရာမှ တည်သွားလေသည်။ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ကာ ဇာတ်ခုံကို ငေးကြည့်နေလေသည်။ ရင်ခုန်ကောင်း ခုန်နေမည်ဖြစ်သော်လည်း သူ့ အမူအရာသည် အေးစက်လှလေသည်။

'ဘာဖြစ်လို ့ဟန်ဆောင်ချင်ရတာလဲ မိန်းကလေးရယ်' ဟု မေးလိုက်ချင်သော်လည်း မမေးရက်၍ မမေးမိချေ။ ညိုထွေး၏ရင်ထဲမှ မာနသည် ခုထိ အရည်ပျော်သေးဟန် မတူချေ။

'တကယ့်တကယ်တော့ ဒီပွဲဟာ ကျွန်တော်တို ့ကျောင်းသားတွေအတွက် နှုတ်ဆက်ပွဲပဲ၊ မကြာခင် စာမေးပွဲစစ်တော့မှာ၊ ပြီးလို ့ရှိရင် တစ်နေရာစီ၊ တစ်ဌာနစီ၊ မတွေ ့မမြင်ချင်ရင်လဲ မတွေ ့ကြ မမြင်ကြရတော့ ဘူးပေါ့ဗျာ၊ ကျွန်တော်ကတော့ ခင်ပါတယ်၊ ဒီလူတွေကို မေ့မှာလဲ မဟုတ်ပါဘူး'

ကပွဲအပြီးတွင် ကိုရင်မောင်သည် ခင်ချိုတို့ အားလုံးကို နှုတ်ဆက်စကားဆိုလေသည်။

မျက်လွှာချထားသော ညိုထွေးကို ခပ်စိုက်စိုက်လေး ကြည့်ပြီးမှ လှည့်ထွက်သွားလေသည်။

ခင်ချိုတို ့အားလုံး ကြောက်နေသော ကွေကွင်း ခွဲခွာခြင်း ဟူသော လောကဓံတရားကြီးကို ရင်ဆိုင်ကြရတော့မည်ဟု အသေအချာ သိလည်း သိ၊ တွေးလည်း တွေးနေမိကြလေသည်။ မတွေးမိလျှင် ကောင်းသည်။ တွေးမိလျှင် သံယောဇဉ် အမျှင်တန်း၍ ရင်ထဲတွင် လေးသွားတတ်သည်။ စောစောက ရယ်မော ရွှင်ပျော်နေသည်ကိုပင် မေ့သယောင် ဖြစ်သွားသည်။

'လူချင်း မတွေ့နိုင်ရင်တောင် စာရေးတော့ မပျင်းကြပါနဲ့ သူငယ်ချင်းတို့ရာ'

မဝါသည် တုန်ခတ်သော အသံနှင့် မှာလေသည်။

* * *

(၂၅)

'ခင်ချိုရေ–

မဝါလေ စာရေးပျင်းလှတဲ့ကြားထဲက ပထမဆုံးရေးတဲ့ စာပါ၊ ခင်ချိုတို့ စစ်တမ်းရော တင်ရခါနီးရောပေါ့၊ သစ်ပင်လေးတွေ ကားလေးတွေ ကူလုပ်မပေးနိုင်တာ စိတ်မကောင်းဘူးကွာ၊ မဝါ ဒီမှာတော့ အားနေပြီ၊ အိမ်မှာဆိုတော့ အတိုးချ ဇိမ်ကျနေတာပေါ့၊ စားပြီး အိပ် အိပ်ပြီး စား၊ စာမေးပွဲအောင်စာရင်းတွေလဲ ခင်ချိုတို့ စစ်တမ်း တင်ပြီး လေးငါးရက်နေရင် ထွက်မှာဆို'

ယူသော ဘာသာတွဲခြင်း မတူသလို၊ ခင်ချိုတို့သူငယ်ချင်းတစ်စု စာမေးပွဲပြီးသောအချိန်သည်လည်း မတူကြပေ။ မဝါ၊ ဝေဝေနှင့် မော်မော်တို့သည် အစောဆုံး ပြီးသွားကြသည်။ ခင်ချိုတို့တတွေထက် နှစ်ပတ်ခန့် စောပြီး အိမ်ပြန်သွားကြသည်။ မဝါတို့စည်းစိမ်ကြီးနေသော အချိန်တွင် ခင်ချိုတို့ထွေးထွေးတို့မအိပ်မနေ ကြိုးစားနေတုန်း ဖြစ်သည်။ အစားပျက် အအိပ်ပျက် ပင်ပန်းနေသည့်ကြားထဲမှ မဝါ၏ စာကလေးကို ဖတ်ရသည်မှာ လူပါအနားရောက်လာပြီး စကားပြောနေသလို ရင်ထဲတွင် နွေးသွားသည်။

ထိုနေ့ညတွင် ခင်ချိုသည် ပုံဆွဲနေရင်း လက်ပေါ်ခေါင်းစိုက်ကာ လစ်ခနဲ အိပ်ပျော်သွားသည်။ ခဏကလေး အိပ်ပျော်သွားသည့်အထဲတွင်အိပ်မက်မက်နေသေးသည်။ အိပ်မက်ထဲတွင် မဝါလည်း ပါသည်။ ဝေဝေလည်း ပါသည်။ ညိုထွေးလည်း ပါသည်။ ကိုရင်မောင် တစ်ယာက်လည်း ခင်ချို့အိပ်မက်ထဲသို့ ရောက်လာသေးသည်။ ညိုထွေးနှင့် ကိုရင်မောင်တို့ပြုံးရွှင်စွာ စကားပြောနေကြသည်ကို ကြည့်ရင်း ဝေဝေသည် ဝမ်းသာအားရ ဖြစ်နေလေသည်။ ကိုရင်မောင်၏ အမေနှင့် ဝေဝေ၏အမေတို့တုတ်ကြီးများ ကိုင်ကာ ရောက်လာသောအခါ ခင်ချိုတို့အားလုံး ထပြေးကြသည်။ အူယားဖားယား ပြေးနေရာမှ ဝေဝေ၏ ကြည်လင်သော ရယ်သံကလေးကို ကြားရသေးသည်။ ခင်ချိုကမူ ပြေးလိုက်သည်မှာ တရိုန်ထိုးဖြစ်သည်။ နောက်ကိုပင် လှည့်၍ မကြည့်အား။ ပြေးရင်းလွှားရင်း ချောက်ထဲလိမ့်ကျသောအခါမှ အေးခနဲ ဖြစ်ပြီး နိုးလာသည်။ နိုးလာပြီးသောအခါ တွင်ပင် တကယ် ပြေးလွှားထားရသလို မောနေသေးသည်။

'ထွေးထွေးတို့တွေ ကျောင်းကို ပတ်ပြီး နှုတ်ဆက်ကြရအောင်'

စစ်တမ်းတင်ပြီး နောက်တစ်နေ့နံနက်စောစောတွင် ထွေးထွေးက အဖော်စပ်သဖြင့် ခင်ချိုတို့သည် ကျောင်းကို တစ်ပတ်ပတ်ပြီး လျှောက်လာခဲ့ကြသည်။ နေ့လယ်ခင်းတွင် အိမ်ပြန်ရန် အားလုံး သိမ်းဆည်း ပြင်ဆင်ထားပြီး ဖြစ်သည်။ တကယ်ခွဲကြရတော့မည် ဆိုတော့လည်း သက်မဲ့ကျောင်းကြီးကိုပင် မခွဲချင်၊ မခွာချင်၊ သံယောဇဉ် အမျှင်တန်း မိလေသည်။

'ခြောက်နှစ်ဆိုတဲ့အချိန်ဟာ ဘာမှမကြာဘူး၊ ကုန်သွားလိုက်တာနော်၊ ကြည့်စမ်း ခင်ချို၊ ထွေးထွေးတို့ ကျောင်းရောက်စက မြေမှာ ပုဝပ်နေတဲ့ ခရေပင်လေးတွေ၊ ကြည့်ပါဦး မြင့်လှပြီနော်၊ ထွေးထွေးတို့လဲ အသက် ခြောက်နှစ်တောင် ကြီးလာကြပြီ'

ခရေရွက်စိမ်းစိမ်းလေးများကို တယုတယ ပွတ်သပ်ရင်း ထွေးထွေးသည် ခပ်ဆွေးဆွေးလေး ပြောသည်။ ခြောက်နှစ်ဆိုသော အချိန်သည် ဖြုတ်ခနဲ ကုန်သွားခဲ့ပေပြီ။ ခင်ချိုတို့လည်း လူငယ်သက် ကုန်ဆုံးပြီး လူကြီးပိုင်း ဝင်ရောက်လာပြီမို့ အေးမြမြလေကို တဝရှူပြီး အားသစ် စုထားမိသည်။ ခင်ချိုတို့ဆရာကြီး ဦးရွှေကော့ အပြော အရမူ ဘဝ စာမျက်နှာ အသစ်တစ်ရွက် လှန်ကြရတော့မည် ဖြစ်သည်။

ခင်ချိုတို့သည် ခရေပင်လမ်းမှ မေတ္တာပေါင်းကူးတံတားဘက်သို့ ကွေ့လာခဲ့ကြသည်။ အဆောင် (၁)နှင့် (၂)ကို ဆက်သွယ်ထားသော တံတားလေး နှစ်ခုအလယ်တွင် ရေကန်ဝိုင်းလေးနှင့် ရွက်လှပင် စိမ်းစိမ်းများ ဖြာဝေနေသည်။ ကျောင်းကြီးတစ်ကျောင်းလုံး ခင်ချိုတို့နှစ်ဦးက လွဲ၍ သက်ရှိသတ္တဝါပင် မရှိသယောင် ငြိမ်လု တိတ်လှသည်။ မေတ္တာပေါင်းကူးရေကန်လေးတွင် ဝိုးတဝါး လှုပ်ရှားနေသော ကိုယ့်အရိပ်ကို ကိုယ်ငုံ့ကြည့်ရင်း ငြိမ်နေမိကြသည်။ ရေကန်ထဲတွင် အမိုက်များကျပြီး ဖားလောင်းကောင် အသေလေးများ ပေါလောမျောနေသည်။ ခင်ချို တတိယနှစ်တုန်းကမူ လူရှင်းလျှင် ရေကန်ထဲမှ ဖားတစ်ပိုင်း ငါးတစ်ပိုင်းလေးများကို လက်ဝါးနှင့်အုပ်ကာ ဖမ်းမြဲ ဖြစ်သည်။ လက်ထဲတွင် တဖြုတ်ဖြုတ်ခုန်ကာ ပိုဒီတိုးဇာ့နေသော ဖားလောင်းကလေးများနှင့် ကစားရ သည်မှာ နှစ်ခြိုက်ဖွယ်ကောင်းလှလေသည်။ ခုတော့ ဖားသေလေးများကို တွေတွေဝေဝေကြည့်ရင်း ကုန်လွန်ခဲ့သော အချိန်များကို ပြန်လည် တွေးနေမိသည်။ ငယ်ဘဝကို တမ်းတမ်းတတ ပြန်လည်တွေးရသော လူကြီးဘဝကို အစပြုလာပြီ ထင်သည်။

ရွက်လှရွက်နီနီလေးတစ်ရွက်ကို အဖျားကော့ကာ ရေထဲချလိုက်သည်။ ရွက်လှေနီနီလေးသဖွယ် လေတိုက် ရာ ဘက်သို့ ဝဲလှည့်၍ မျောနေလေသည်။ ရေတွင်ကူးခတ်နေသော ဖားလောင်းလေးများက သူတို့ဆီ လှေကလေး ဦးတည်လာလျှင် ရှဲခနဲ ချဲကာ ဝေးရာသို့ ကူးပြေးတတ်ကြသည်။

'နာနတ်လျှော်ပင်ပေါက်ကလေး တစ်ပင်လောက်တော့ အမှတ်တရ ယူသွားအုံးမယ်၊ သူ့အပင်ပုံစံကို ထွေးထွေး သိပ်ကြိုက်တယ်ပဲ'

ထွေးထွေးသည် ပင်မကြီးမှ ဖြာထွက်နေသော အပင်ပေါက်ကလေးတစ်ခုကို ဆွဲနုတ်နေသည်။ နာနတ်ပင်သဖွယ် အရွက်ချွန်များ ကားနေသော ကန္တာရပင်မျိုး ဖြစ်သည်။ အရွက်ချွန်များ ထိပ်တွင် ချွန်မြနေသော ဆူးမာမာများ ရှိသေးသည်။ စူးလိုက်လျှင် တဖြည်းဖြည်း အဆိပ်တက်လာကာ မသက်မသာ ခံရတတ်သည်။ ဘေးဖက်သို့ဖြာကာ ထောင်ထွက်နေသော အရွက်များသည် လှတော့ အတော်လှလေသည်။ 'လေယာဉ်ပျက်ကျပြီး လေထီးနဲ့ဆင်းလာတဲ့လူ နာနတ်လျှော်ပင်ပေါ်ကျရင်တော့ ဒုက္ခ ' ဟု ဝေဝေသည် အသည်းတယားယားနှင့် ပုခုံးတွန့်ကာ ပြောဖူးသည်။ ပတ်ပတ်လည် ဆူးချွန်မာမာများ ရံထားသော အပင်ပေါ်သို့ကျပါက ဆွေမျိုး မေ့သွားမည်လည်း အမှန်ပင်။

ထွေးထွေးလက်ထဲသို့ အပင်ပေါက်လေးတစ်ပင် ကျွတ်ပါလာသောအခါ ခင်ချိုတို့လည်း ဆက်ပြီး လျှောက် ခဲ့ကြသည်။ ရူပဗေဒဌာနအနီးက လှေကားအုတ်ခုံတွင် တစ်ဦးတည်းထိုင်နေသော ကိုရင်မောင်ကို တွေ့သောအခါ ခင်ချိုရော ထွေးထွေးပါ ခြေလှမ်းတုံ့သွားကြသည်။ ယခုလို နံနက်စောစော တွင် ခင်ချိုတို့ကလွဲပြီး မည်သူမျှ ကျောင်းဘက်လာလိမ့်မည်ဟု ထင်မထားသောကြောင့် ဖြစ်သည်။

'တစ်ယောက်တည်း ဘာတွေ တွေးနေတာလဲ၊ ဘာတွေ ဆွေးနေတာလဲ'

'လူတစ်ခု ပူမှုရယ်တဲ့ အထွေထွေဆိုတာ ကြားဖူးတယ် မဟုတ်လားဗျာ'

ထွေးထွေးကမေးသောအခါ ကိုရင်မောင်သည် နဖူးပေါ်ဝဲကျနေသော ဆံပင်များကို သပ်တင်ရင်း ခပ်ပြုံးပြုံး လေး ပြောသည်။ ကိုရင်မောင်သည် ပိန်သွားသဖြင့် ပိုပြီး အရပ်မြင့်လာသယောင် ထင်ရသည်။ စာမေးပွဲပြီး၍ စစ်တမ်းတင်ပြီးလျှင် နေရပ်ပြန်နိုင်ပြီ ဖြစ်သော်လည်း အချို့ကျောင်းသားများ သည်အောင်စာရင်း စောင့်ပြီးမှ ပြန်တတ်ကြသည်။ ကိုရင်မောင်လည်း အောင်စာရင်းစောင့်နေဟန် ရှိသည်။

'တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ ကျွန်တော်မနေ့ကမှ သိတယ်၊ ဝေဝေ့အမေနဲ့ကျွန်တော့်အမေနဲ့ငယ်သူငယ်ချင်းတွေတဲ့'

ခင်ချို့ရင်ထဲတွင် ဒိန်းခနဲ ဖြစ်သွားသည်။ မရွှင်လန်းသော သူ့မျက်နှာကို စိုးရိမ်တကြီး ကြည့်မိလေသည်။ ဝေဝေနှင့် ကိုရင်မောင်တို့၏ ပြဿနာသည် အစပျိုးလာပေပြီဟု ထိတ်လန့်စွာ တွေးနေမိသည်။ လူကြီးအချင်းချင်း ခင်မင်ကြခြင်းသည် တစ်ခါတစ်ရံ လူငယ်တို့အား ကသိကအောက် ဖြစ်စေတတ်ကြသည်။

'ဟုတ်လား ဝေဝေလဲ ပြောဖူးတယ်ထင်တယ်'

'ဟာ ဝေဝေက နဂိုထဲက သိတယ်လား'

ကိုရင်မောင်သည် ခင်ချို့ကို အကဲခတ်သလို ကြည့်နေလေသည်။ခင်ချိုကယောင်ကန်းကန်းနှင့် ခေါင်းညိတ်ပြသောအခါ ကိုရင်မောင်သည် အုတ်လှေကားကို အားလျော့စွာ မှီချလိုက်သည်။

တနွဲ့နွဲ့ညွတ်နေသော စိန်ပန်းပြာရွက် စိပ်စိပ်လေးများကို ငေးကြည့်နေသည့် ကိုရင်မောင်၏ မျက်လုံးအစုံသည် ရီဝေနေလေသည်။

'ရှင်းရှင်းပဲ ပြောကြပါစို့ကိုရင်မောင်ရယ်၊ ဝေဝေ့ကို အိမ်က သဘောတူပေမယ့် ညိုထွေးကိုပဲ ချစ်တယ် မဟုတ်လား'

ခင်ချိုက ဒဲ့ဒိုးကြီး ပြောချလိုက်သောအခါ ကိုရင်မောင်သည် ဆတ်ခနဲ တုန်သွားကာ ခင်ချို့ကို စိုက်ကြည့်နေလေသည်။ ခင်ချိုလည်း ဘာဖြစ်လို့ပြောလိုက်မိသည်ကို ကိုယ့်ကိုကိုယ်ပင် စဉ်းစား၍ မရချေ။ တရားသူကြီးက ဒါရိုက်တာဝင်လုပ်သော ဇာတ်လမ်းသည် ဇာတ်သိမ်းကောင်းပါစေဟူ၍သာတိတ်တခိုး ကြိတ်ပြီးဆုတောင်းမိသည်။

'ခင်ချိုက အကုန်သိနေတာကိုး'

ကိုရင်မောင်၏ မျက်နှာသည် နီနေပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။ ဘေးတွင် ရပ်နေသော ထွေးထွေးသည် ဘာမှ နားမလည်ဘဲ ပါးစပ်ကလေးဟလျက် တအံ့တဩ ဖြစ်နေလေသည်။

'ညိုထွေးဟာ ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် ပထမဆုံး နှစ်နှစ်ကာကာ ချစ်မိတဲ့ မိန်းကလေးပါဗျာ၊ နောင် တစ်ခြားတစ်ယောက်ကို ချစ်ဖို့ဆိုတာ လွယ်နိုင်ပါ့မလား'

ကိုရင်မောင်က ဆွေးဆွေးမြည့်မြည့် ပြောသောအခါ ဖြေသိမ့်စကားကို ခင်ချို မပြောနိုင်ခဲ့ချေ။ မျက်လုံး ပြူးလိုက် မေးငေါ့လိုက်နှင့် အသံတိတ် မေးခွန်းတွေ ထုတ်နေသော ထွေးထွေး၏ လက်ကိုသာ နာနာဆုပ်ပြီး ငြိမ်နေမိသည်။ မိညိုထွေး မာနအိုးကလေး၏ ဟန်ဆောင်မှု တံတိုင်းကြီး ပြိုသောနေ့ကိုသာ တမ်းတမိလေသည်။

'ဝေဝေ့ကိုတော့ ကျွန်တော်က ငယ်ကြောက်'

ကိုရင်မောင်သည် မချိပြုံး ပြုံးရင်း ပြောသည်။ ပုဆိုးကြီးတွေ ဖတ်လတ် ဖတ်လတ်နှင့် မိန်းကလေး ဆောင်မှ ခွေးပြေးဝက်ပြေး ပြေးရလေအောင် မစထားသော ဝေဝေ့ကို ကြင်ယာသက်ထားတော်ရန် အရေးတွေးပင် တွေးဝံ့ရှာဟန် မတူချေ။ ခင်ချိုလည်း သူတို့အဖြစ်ကို စဉ်းစားပြီး စိတ်ညစ်သည့်အထဲမှ ရယ်မိသေးသည်။ ခင်ချိုတို့သုံးဦး အဆောင်ဘက်သို့တိတ်တိတ်ဆိတ်ဆိတ်ပင် ပြန်ခဲ့ကြသည်။ ကိုရင်မောင်နှင့် လမ်းခွဲသည်နှင့် ထွေးထွေးသည် မေးခွန်းတွေ တရစပ် မေးလေတော့သည်။

လက်ဖက်သစ္စာစူးလျှင်လည်း စူးပါစေတော့၊ ခင်ချိုသည် ရှေးသရောအခါ လှလည်းလှ၊ မာနလည်းကြီးသော ဂျီပေါသူ ညိုထွေးနှင့် ကိုရင်မောင် ဆိုသေ ခွကျကျလူတို့ရှိကြလေသတည်းဟူသည်က အစပြုပြီး ပြောရလေသည်။

ထွေးထွေးသည် တစ်ချိန်လုံးငြိမ်လျက် နားထောင်နေသည်။ ပုံပြင်ဆုံးသောအခါ ရင်ထဲတွင် တင်းကြပ်နေသလို အသက်ပြင်းပြင်း ရှူလေသည်။

ထိုနောက် 'ဒီပွဲမှာ ညိုထွေးသာ မာနမခံရင် ပျော်စရာ ဖြစ်သွားမှာ' ဟု မှတ်ချက်ချလေသည်။ မာနဆိုတောင်လို မောက်သော ညိုထွေးဟူသည့် မိန်းကလေး ကြားစေချင်ပါသည်။

* * *

(၂၆)

ခင်ချိုရေ–

မာနဆိုတာ ဘယ်နေရာက ကပ်ပြီး ပါလာခဲ့တာလဲဟင်၊ ခင်ချိုပြောသလို ညိုထွေး မာနကြီး လွန်းသလား၊ ကိုယ့်ကိုကိုယ်တော့ မသိတာအမှန်ပါပဲ၊ အရှုံးမပေးချင်တဲ့စိတ်ဟာ မာနဆိုရင်တော့ ညိုထွေး မာနကြီးခဲ့တယ်လို့ ပြောရမှာပေါ့။

မထင်တာတွေဟာ ဖြစ်လာတတ်တယ်နော်၊ ညိုထွေးကို အခုအိမ်က နိုင်ငံခြားပြန်တစ်ယောက်နဲ့ စေ့စပ်ချင်နေတယ်၊ အရင်ကတည်းက မောင်နှမလို ခင်လာခဲ့ကြတဲ့သူပါပဲ၊ မေမေတို့ကတော့ ပြောပါတယ်၊ သမီးသဘောမတူရင် အတင်းမလုပ်ပါဘူးတဲ့၊ သမီးမှာ ချစ်သူရှိရင်လဲ ပြောပါတဲ့၊ ခင်ချိုရယ် ညိုထွေးဘာလုပ်ရမလဲ၊ တစ်ခါတစ်လေ တစ်ရေးနိုးရင် ညိုထွေး မျက်ရည်တွေ ကျနေတယ်။ ခင်ချို့ကိုတော့ ညိုထွေး မရှက်ပါဘူး၊ သူများအသည်းခွဲခဲ့တဲ့နေရာမှာ ညိုထွေးရဲ့ အသည်းကို ရင်းခဲ့တာ ညိုထွေး အခုမှ နားလည်တယ်၊ ခင်ချိုပြောသလို မဝါလဲ ရှုံး၊ ကိုရင်မောင်လဲ ရှုံး၊ ညိုထွေးလဲ ရှုံးတဲ့ ရှုံးပွဲကြီးပါပဲ ခင်ချိုရယ်။

ဟော့…ခင်ချို

ဝေဝေတော့ ဂျောက်ပေါက်တိုးနေပြီ။ ကိုရင်မောင်ဆိုတဲ့ ငတိကလဲ စာမေးပွဲအောင်ရင် ရှောင်နေတာမဟုတ်ဘူး။ အိမ်ပြန်လာတော့ ဒီမှာ ယောက္ခမကြီးတွေက ခမည်းခမက် တောဖို့ စိုင်းပြင်းနေကြလေရဲ့။ သားတို့သမီးတို့မှာ ချစ်သူရည်းစားမရှိကြရင် မိဘစီစဉ်တာ ငြင်းဖို့မသင့်ပါဘူးတဲ့၊ အလကား ငတုံး ကိုရင်မောင်၊ ညိုထွေးကိုလဲ စွံအောင် မပိုးနိုင်ဘူး၊ ဝေဝေကလဲ ချာလိုက်တာ၊ ခြောက်နှစ်လုံးလုံး ကျောင်းနေပြီး ရည်းစားထားဖို့မေ့လာခဲ့တယ်၊ ရည်းစားမရှိတိုင်း သူတို့ ပေးစားတာ ယူရမှာလား ခင်ချိုရာ၊ လူကြီးတွေက တရားပြလို့လဲ မရဘူး၊ ပညာပေးလို့ လဲ မရဘူး။ ခုချိန်တော့ ဒသဂီရိလာခိုးလဲ ဝေဝေတော့ လိုက်ပြေးမှာပဲ၊ အဟုတ်စိတ်ညစ်တာ။

ခင်ချို–

ချစ်ခြင်း မေတ္တာဆိုတာ လုပ်ယူလို့မရဘူးဆိုတာ လူကြီးတွေက နားမလည်ကြဘူးဗျာ၊ ‘အတတ်သင်စေ၊ ပေးဝေနီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်’ ဆိုတဲ့ မိဘဝတ်တွေကို ရွတ်ပြီး တွင်တွင်ကြီး နားချကြတာပဲဗျာ။ ဝေဝေ့ခမျာလဲ ရှုံ့မဲ့နေတာပဲဗျာ၊ ညိုထွေးကို ရအောင် မပိုးခဲ့ရကောင်းလားလို့ နေ့စဉ်နဲ့အမျှ ရန်ထောင်နေတာပဲ။ ညိုထွေးကိုပဲ သတိရနေတယ်ဗျာ၊ သူကတော့ ပျော်နေမှာပေါ့နော်၊ ကျွန်တော်နဲ့ဝေးရာ ရောက်ပြီး မတွေ့မမြင်ရတော့ဘူး ဆိုတော့ စိတ်ချမ်းသာမယ် ထင်ပါရဲ့။

ညိုထွေး၊ ဝေဝေနှင့် ကိုရင်မောင်ဆီမှ စာသုံးစောင်သည် ခင်ချိုဆီသို့ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသည်။ သူတို့စာများကို ဖတ်ရင်း ခင်ချို့ခေါင်းထဲတွင် ဆူဝေနေသည်။ စာမေးပွဲအောင်စာရင်း ထွက်သောအခါ အားလုံးလျှောလျှောရှုရှုပင် အောင်မြင်ကြသည်။ အိမ်ပြန်ရောက်ပြီး အတိုးချဖိမ်ယူနေသဖြင့် သူငယ်ချင်းများနှင့် အဆက်အသွယ် မလုပ်မိခဲ့ချေ။ ကျောင်းစာသင်ခန်းကိုရော၊ ကျောင်းပတ်ဝန်းကျင်ကိုပါ ခေတ္တမေ့ထားပြီး အိပ်ရာတွင်သာ မျောနေမိသည်။ စာသုံးစောင်သည် ခင်ချို့ကို ပြဿနာထဲသို့ဆွဲခေါ်လိုက်သည်။ ဖတ်လက်စ ဝတ္ထုများကို ဘေးချပြီး ငေးငိုင်နေမိသည်။

'မဝါတို့လဲ ရှုံးတယ်၊ ကိုရင်မောင်လဲ ရှုံးတယ်၊ ညိုထွေးလဲ ရှုံးတယ်၊ အားလုံးရှုံးကြတဲ့ ရှုံးပွဲကြီးပါပဲ ခင်ချိုရယ်' ဟူသော ညိုထွေး၏ အသံကို ကြားယောင်လာသောအခါ ခင်ချိုသည် စွန့်စားမှုတစ်ခုကို ပြုလိုက်မိသည်။

ညိုထွေးဆီကို စာပြန်မည်ဟု စဉ်းစားနေရာမှ ဖောင်တိန်အဖုံးကို ပိတ်လိုက်မိသည်။ ဝေဝေနှင့် ကိုရင်မောင်တို့၏ စာနှစ်စောင်ကို ပြန်ခေါက်ကာ စာအိတ်ထဲ အတူပြန်ထည့်ကာ ညိုထွေး လိပ်စာတပ်ပြီး ပို့လိုက်သည်။

ညိုထွေး၏စာကိုမူ ကိုရင်မောင့်ဆီသို့ ပို့ပေးလိုက်သည်။

မှားမလား မှန်မလားတော့ ခင်ချို ရဲရဲပင် မတွေးဝံ့ချေ။ မှားလျှင် အကုန်လုံး အလူးအလဲ ခံကြရမည်ဖြစ်၏။ ခင်ချိုလည်း တရားခံလုံးလုံး ဖြစ်သွားမည် ဖြစ်သည်။ မှန်လျှင်မူ အားလုံး ပျော်ကြ၊ ရွှင်ကြ၊ ရယ်မောကြရပေမည်။ ခင်ချိုသည်လည်း ကျေးဇူးရှင်ဘဝသို့ နေ့ချင်း ညချင်း ကူးပြောင်းသွားမည် ဖြစ်သည်။ မည်သူကမျှ ကျေးဇူးမတင်ဘဲ မေ့ထားလိုကလည်း မေ့ထားနိုင်ပါသည်။ သူတို့တတွေ ဇာတ်သိမ်းကောင်းလျှင် ခင်ချို ကျေနပ်ပါပြီ။ ဇာတ်သိမ်းမကောင်းဘဲ ဘီလူးကတွေ ထွက်ကုန်ပါကလည်း ခင်ချိုတစ်သက်လုံး စိတ်ကောင်းနိုင်တော့မည် မဟုတ်ပါချေ။

'မိချိုရေ၊ လာကြည့်စမ်း၊ သက်တန့်ကြီး သက်တန့်ကြီး'

ခင်ချို၏အစ်ကိုသည် အိမ်ရှေ့ခြံထဲမှ အော်ခေါ်နေသည်။ မိုးရွာပြီးစမို့ အိမ်ရှေ့က မြေနီလမ်းလေး သည် သိပ်သိပ်သည်းသည်း ဖြစ်ကာ မြေသင်းနံ့ကြိုင်နေသည်။

မိုးကုတ်စက်ဝိုင်း တစ်ဖက်ဆီမှ ပေါ်ထွက်လာသော သက်တန့်နှစ်ခုသည် တဖြည်းဖြည်း မြင့်တက်လာကာ အလယ်တွင် စုဆုံရန် အရှိန်ယူနေလေသည်။ ကြည့်ရင်း ကြည့်ရင်း တဖြည်းဖြည်း ထင်ရှားလာကာ ကောင်းကင်လယ်တွင် ဆက်မိသွားသော သက်တန့်ကွေးကွေး ကြီးသည် ကြည့်မငြီးနိုင်အောင် လှပနေသည်။ သက်တန့်နောက်ခံထားပြီး ဖွေးဖွေးဖြူနေသော ဗျိုင်းတစ်အုပ်သည် မြစ်ပြင်ကျယ်ဘက်သို့ ပျံသွားကြ သည်။ ဗျိုင်းများကို တစ်ကောင်နှစ်ကောင် စသည်ဖြင့် အမြန်လိုက်၍ ရေတွက်ကြည့်သည်။ ခြေထောက်ကြီးများ ဆန့်ကာ လယ်ကွင်းဘက်သို့ တစ်ချို့တစ်ဝက် ဆင်းသက်ကုန်ကြသဖြင့် မရေမတွက် နိုင်တော့ဘဲ ရောထွေးကုန် လေသည်။

'မိချို ဘွဲ့ယူရင် ဆံထုံးနဲ့ယူမှာလား၊ ဦးထုပ်ဆောင်းမှာလား'

အစ်ကိုလတ်သည် အဆက်အစပ်မရှိဘဲ မေးလေသည်။ ဘွဲ့ယူခါနီး မိန်းကလေးတိုင်း ဆံထုံးနှင့် ဦးထုပ်ပြဿနာပေါ်တတ်သည့်အတွက် သူ့ညီမ ပုချာချာ ကလေးလည်း ဆံထုံးထုံးမလား၊ ဦးထုပ်ဆောင်းမလား သိချင်ဟန် တူသည်။

'ချို့မျက်နှာက ဆံထုံးနဲ့မလိုက်ဘူး'

'ဘယ်သူပြောတုံး'

'ထင်တာပဲလေ'

'ဟား ဟား ဦးထုပ်ဆောင်းတော့ ကျောက်သင်ပုန်းလေး အပြားလိုက် ရွက်ထားတာနဲ့တူမှာ၊ ဝတ်ရုံကြီးကလဲ နောက်ဖက်မှာ အိတ်ကြီးနဲ့၊ ကလေးတစ်ယောက် ထည့်လွယ်လို့ရတယ် ဟား ဟား ဟား'

မခံချိ မခံသာဖြစ်နေသော ခင်ချို့ကို ကြည့်ရင်း ဟက်ဟက်ပက်ပက် ရယ်နေလေသည်။

* * *

(၂၇)

'ဟား မိရာ နင်အရပ်ပုပုလေးနဲ့ ဦးထုပ်ဆောင်းတော့ မြေကြီးထဲ ဝပ်ဆင်းသွားမှာပေါ့၊ ဟား ဟား အိမ်မှာ ဘာတွေ စားလာသလဲ ဟာ၊ ဝလိုက်တာ လုံးလို့'

ထွေးထွေးသည် မိကို ကြည့်ပြီး တဝါးဝါး ရယ်နေသည်။ တစ်ယောက်နှင့် တစ်ယောက် ဝမ်းသာအားရ အော်ကြ၊ ခေါ်ကြနှင့် ဘွဲ့နှင်းသဘင်ခန်းမကြီးရှေ့တွင် ဆူညံနေသည်။

ဘွဲ့မယူမီ တစ်ရက်တွင် ခင်ချိုတို့အားလုံး အစမ်းလေ့ကျင့်ရန် လာကြရသည်။ သုံးလေးလ ကွဲကွာနေသော သူငယ်ချင်းများ ပြန်လည်စုဆုံရသဖြင့် ပြုံးရွှင် ရယ်မောသံများ နှုက်ဆက်သံများနှင့် ဆူညံနေလေသည်။

'ဟား မိထွေးထွေးကလဲ ဒေါက်ဖိနပ်ကြီးစီးလို့'

ဒေါက်ဖိနပ်စီးထားသော ထွေးထွေးကို ကြည့်ပြီး မိကလည်း ရယ်နေသည်။ မည်သူ့ကိုကြည့်လိုက် ကြည့်လိုက် မိတ်ဟောင်း ဆွေဟောင်းများမို့ ခင်ချိုတော့ ရင်ထဲတွင် နွေးနေသည်။ မမခင်သည် အလုပ်မရသေးသည့်အတွက် ငြီးနေသည်။ မဝါနှင့် မိကမူ တစ်ယောက်မြို့ကို တစ်ယောက်တစ်လဲစီ လိုက်လည်နေကြသည်ဟု ဆိုသည်။ ခပ်လှမ်းလှမ်းတွင် ဗစ်တာကို မျက်မှန်ကြီးတဝင်းဝင်းနှင့် တွေ့ရသည်။ ဗစ်တာ့ဘေးတွင် ဒသဂီရိကိုလည်း ကင်မရာကြီး လွယ်လျက်သား တွေ့ရသည်။ တိုက်ပုံအနက်နှင့် ထူးထူးခြားခြား ဣန္ဒြေရနေသည်။ မြန်မာဆန်ဆန်နှင့် ကြည့်ကောင်းနေသည်။

'ဟေး ကျေးဇူးရှင်ကြီးရေ'

ဝေဝေသည် သဘော်မယ်ဇလီပင်ကြီးအောက်တွင် ရပ်လျက် ငေးနေသော ခင်ချို့ခါးကို ဖက်လိုက်သည်။ ရေမွှေးမသုံးစဖူး သုံးထားဟန် ရှိသော ဝေဝေ့ဆီမှ ရေမွှေးနံ့သင်းပျံ့ပျံ့လေးကို ရှူရှိုက်ရသည်။ ပါးနီကို မသိမသာလေး ဆိုးထားသည်ကို ခင်ချို သတိပြုမိသည်။ ပန်းရင့်ရောင် နှုတ်ခမ်းဆိုးဆေး ဆိုးထားသော ဝေဝေ့နှုတ်ခမ်းလေးများသည် တင်းပြီး နုစိုနေသည်။ ဝေဝေ့မျက်နှာလေးသည် ယခုမှ ပွင့်လာသော ပန်းကလေးလို နုပျိုလှပလှလေသည်။

'အံမယ် အံမလေး မိဝေဝေ လူတွေ ဘာတွေကို မှားလို့၊ ငါ့ သူငယ်ချင်း တယ်လှ တယ်ချော'

မဝါသည် ဝေဝေ့ကို ကြည့်ကာ အော်လေတော့သည်။ ဝေဝေသည် အလှသာပြင်ထားသော်လည်း သူ့ကိုယ်ပိုင်မျက်နှာ ရယ်ကျဲကျဲလေးကိုမူ မဖျောက်နိုင်ရှာချေ။ ခေါင်းကို ကုတ်ရင်း မနေတတ်သလို အဟဲခနဲ ရယ်သွမ်းသွေးလေသည်။

'အဆင်ပြေတယ် ခင်ချိုရေ သိလား၊ ဒီတစ်ခါတော့ ကိုရင်မောင်ကလဲ ခြေသွက်လာပြီး၊ ညိုထွေးကလဲ သိပ်မမူတော့ဘူး ထင်တယ်'

ခန်းမဆောင်ထဲ တန်းစီဝင်လာကြရင်း ဝေဝေသည် ခင်ချို့နားကပ်ကာ ကမန်းကတန်း ပြောသွားသည်။ အစအဆုံး မေးချင်သော်လည်း တစ်ယောက်တစ်နေရာစီ ထိုင်နေရသည်မို့ မမေးနိုင် မပြောနိုင်၊ ခင်ချိုလည်း ဖန့်တင်နင့်ဖြစ်နေရသည်။

ကိုရင်မောင်ရော ညိုထွေးပါ အစမ်းလေ့ကျင့်ပွဲသို့ မလာကြချေ။ အဝေးရောက်ဘွဲ့များ ယူကြလေမည်လားဟု ခင်ချိုစိတ်ပူမိသေးသည်။ သူတို့မျက်လွှာများကို ခင်ချိုအကဲခတ်ချင်သည်။ မြင်ချင်သည်။ တွေ့ချင်သည်။ အားရပါးရ စကားပြောချင်သေးသည်။

သို့သော်လည်း သူတို့ကို ခေါင်းထဲတွင် ကြာကြာထည့်မထားနိုင်ချေ။ ကိုယ်ကိုယ်တိုင် ဘွဲ့ယူဖို့ ပြင်ရင်းဆင်ရင်း မေ့ရပြန်လေသည်။ ခင်ချို့ကို ဖေဖေက မြန်မာဆန်ဆန် ဆံထုံးထုံးစေချင်လေသည်။ ဆံထုံးထုံး၍လုလျှင် ကိစ္စမရှိ၊ မလှမပနှင့်ဆိုလျှင် ထူးထူးခြားခြား ဖြည်းစပ်စပ်နှင့် လူပျက်ထွက်သလို ဖြစ်နေမည်ကို စိုးရိမ်သောကြောင့် ဖြစ်၏။

ဝတ်ရုံကြီး ဝတ်လိုက်ပြန်သောအခါ တကယ့်ကို ရှည်ဖားဖားနှင့် ဝန်ကြီးက ကရတော့မလို ဖြစ်နေသည်။ ခြုံလွှာကလည်း ကလေးတစ်ကောင်ထည့်၍ ရသော ကျောပိုးအိတ်ကြီး ပါသည်မှာ အမှန်ပင်။ ဦးထုပ်ဆောင်းလိုက်သောအခါ ခင်ချိုတကယ်ပင် ငိုချင်စိတ်ပေါက်သွားသည်။ ကျောက်သင်ပုန်းကြီး အပြားလိုက် ရွက်ထားသည်နှင့် တကယ်ပင် တူနေသောကြောင့် ဖြစ်သည်။

ကိုယ့်ကိုကိုယ် ကိုယ်လုံးပေါ်မှန်ထဲတွင် ကြည့်ရင်း ပွဲထဲမှ ဝန်ကြီးပျက် ကျောက်သင်ပုန်းရွက်ထားသည်ကို မြင်ယောင်နေလေတော့ မည်သူသည် စိတ်ချမ်းသာနိုင်ပါအံ့ နည်း။ နေ့လယ်ခင်း ပူပူလောင်လောင်အချိန်တွင် ဝတ်ရုံကြီး တဖားဖားနှင့် ဦးထုပ်စွပ်ထားရသဖြင့် ချွေးပြိုက်ပြိုက် ကျနေသည်။

‘ဟော ခင်ချို ခင်ချို’

ဘွဲ့နှင်းသဘင် ခန်းမရှေ့သို့ အရောက်တွင် ဝေဝေနှင့် မော်မော်တို့ကို တွေ့ရသည်။ နှစ်ယောက်တွဲ ဓာတ်ပုံရိုက်နေရာမှ ခင်ချိုကို ဆီးပြီး ခေါ်ကြလေသည်။ သူတို့လည်း မထူး။ ကျောက်သင်ပုန်းလေးတွေ ဆောင်းထားသော ဝန်ကြီးပျက်ကလေးများနှင့် တူသည်သာ ဖြစ်သည်။ သူတို့ကို ကြည့်ရင်း ခင်ချို အတန်ငယ် စိတ်ချမ်းသာသွားလေသည်။

‘ဒို့ကျောင်းရှေ့မှာသာ ဓာတ်ပုံရိုက်ရရင် သိပ်ကောင်းမှာ’

ဝေဝေက မကျေမနပ် ပြောသည်။ ယခင်နှစ်က ဘွဲ့ယူသူများသည် စက်မှုတက္ကသိုလ် မြက်ခင်းပြင်တွင်သာ အခမ်းအနားနှင့် ယူကြရလေသည်။ ခင်ချိုတို့အားလုံး ကိုယ့်ကျောင်းတွင်ပင် ပြန်လည်ပြီး ဘွဲ့နှင်းသဘင်တက်လိုသော ဆန္ဒ ရှိကြသည်။

သို့သော်လည်း ယခုနှစ်မှ စပြီး ဘွဲ့နှင်းသဘင်ခမ်းမတွင်သာ ဘွဲ့ယူကြရမည်ဆိုတော့ ခင်ချိုတို့လည်း ဘာမျှ မတတ်နိုင်ကြရှာပေ။

‘ဝေဝေတော့ လုံချည်ကျွတ်ကျမှာ သိပ်ကြောက်နေတယ်၊ စင်မြင့်ပေါ်မှာ ချော်လဲရင်လဲ အခက်နော’

ဝေဝေသည် သူစိုးရိမ်နေသည်ကို မျက်လုံးလေး အပြူးသားနှင့် ပြောလေသည်။ သူပြောမှပင် ခင်ချိုသည် ဝတ်ထားသော လုံချည်ပင် ချောင်ချိချိ ဖြစ်နေသလို မဝံ့မရဲ ဖြစ်လာသည်။ ဝတ်ရုံမည်းကြီးအောက်မှ လုံချည်ကို ပြင်ပြီး ဝတ်ရန်လည်း မလွယ်ကူလှပေ။

'ဒီဝတ်ရုံလေး ခဏငှားတာ သုံးဆယ်တောင် ပေးရတယ်၊ မော်မော်တော့ ပြန်မအပ်ခင် ဝတ်ပစ်ဦးမယ်၊ ဒါမှ တန်မှာ'

မော်မော်ကမူ ရွှတ်တိရွှတ်ထိုးပြောနေသေးသည်။ လုပ်မည်ဆိုလျှင် အပြောနှင့် မပြီး၊ တကယ်လုပ်ချင် လုပ်မည့် ကလေးမလေး ဖြစ်လေသည်။

'ဟော ဟိုမှာ ကိုရင်မောင်ရဲ့အမေ၊ သူ့ဘေးက ဝေဝေတို့အမေလေ၊ လာလာ ခင်ချို၊ ဝေဝေတို့ တွေ ဓာတ်ပုံအတူတူ ရိုက်ကြရအောင်'

ကိုရင်မောင်၏အမေသည် ကိုရင်မောင်ကဲ့သို့ပင် မျက်နှာသွယ်ပြီး မျက်ခုံးထူလေသည်။ ဝတ်ရုံမည်းမည်း ကြီးတွေ တကားကားနှင့် တလွှားလွှား ပျားပန်းခတ်နေကြသော ကျောင်းသူကျောင်းသားများကို တပြုံးပြုံးနှင့် လိုက်ကြည့်နေသည်။

ဓာတ်ပုံဘယ်နှစ်ပုံရိုက်မိလဲပင် ခင်ချို သတိမထားမိ။ ဘွဲ့နှင်းသဘင်ခမ်းမထဲတွင် ထိုင်မိသောအခါ ချွေးဖြိုင်ဖြိုင် ကျနေသည်ကို သာ သိတော့သည်။

'လုံချည်ကျွတ်ကျမှာ သိပ်ကြောက်နေတယ်၊ စင်မြင့်ပေါ်မှာ ချော်လဲရင်လဲ အခက်နော'

ဘွဲ့ယူမည့်သူအားလုံး မတ်တပ်ရပ်ပြီး တိုင်းပြည်အကျိုး သယ်ပိုးဆောင်ရွက်ရန်၊ အဂတိမလိုက်စားရန် ကတိသစ္စာ ခံယူနေရချိန်တွင် ဝေဝေပြောသော စကားကို ဖြတ်ခနဲ သတိရပြီး ခေါင်းကြီးသွားသည်။

ပြောမယုံ ကြုံဖူးမှ သိမည်။ ခင်ချိုအမည်ကို ဆရာက ကြေညာလိုက်ပြီး ပါမောက္ခရှေ့သို့ လျှောက်သွား သောအချိန်တွင် ခင်ချိုမျက်လုံးများ ပြာဝေနေသည်။ ချောင်ချိချိ လုံချည်ကိုသာ စိတ်ရောက်နေသည်။ ချော်လဲမှာ ကြောက်သောစိတ်နှင့် ခြေလှမ်းကိုလည်း ဘယ်လိုလှမ်းမိသည်ပင် မသိချေ။ ပါမောက္ခရှေ့တွင်ရပ်ပြီးဘွဲ့လက်မှတ် ယူချိန်တွင် ပြုံးမိလေ သလား၊ ရယ်မိလေသလား၊ ခေါင်းပင်ငုံ့မှ ငုံ့မိလေရဲ့လားကိုယ့်ကိုကိုယ်ဘာမှ သတိမထား မိချေ။ ခြောက်နှစ်တိုင်တိုင် တပင်တပန်း ဆည်းပူးခဲ့ရသော ပညာအထိမ်းအမှတ်အဖြစ် ဘွဲ့လက်မှတ်ကို ရယူ ချိန်ဝယ် ဂုဏ်ယူဝင့်ကြွားသော ပီတိအစား ချော်လဲမှာ ကြောက်သော စိတ်သာ တစ်ကိုယ်လုံး အနှံ့ပျံ့နေသည်ဟု သိလေလျှင် သမီးချောကို လက်ခုပ်လက်ဝါးတီးကာ အားပေးနေသော မိဘနှစ်ပါးခမျာ အတော်ပင် စိတ်ညစ်သွား ရှာပေလိမ့်မည်။

'ဟော ဟိုမှာ ညိုထွေး'

ညိုထွေးကို ခုမှပင် ခင်ချို မြင်ရတော့သည်။ ဆံထုံးမြင့်မြင့်ထုံးပြီး သဇင်ပန်းများ ဝေနေအောင် ပန်ထားသော ညိုထွေးသည် ခင်ချို့ကို ပါးချိုင့်လေးပေါ်အောင် ပြုံးရင်း လှမ်းကြည့်နေသည်။ တစ်ဦးနှင့်တစ်ဦး အလှမ်းဝေးသောကြောင့် စကားလှမ်းပြော၍ မရချေ။ ရီရွှင်နေသော မျက်လုံးညိုလေးများကို တွေ့ရသဖြင့် ခင်ချို့ ရင်ထဲတွင် လန်းဆန်းသွားသည်ကား အမှန်ပင်။

တရားသူကြီးသည် အောင်မြင်စွာ ဒါရိုက်တာလုပ်နိုင်သည်ဟု ပြောရမည် ထင်သည်။ ကိုရင်မောင် ဘွဲ့ ယူချိန်တွင် ပြုံးရွှင်စွာ လက်ခုပ်တီးနေသော ညိုထွေးကို ခင်ချိုသမင်လည်ပြန်လှည့်ကြည့်ရင်း ရယ်မိသည်။ ဇာတ်လမ်းအသေးစိတ်ကိုတော့ ခင်ချိုမသိသေး၊ သို့သော်လည်း လုပသောဇာတ်အိမ်ကိုကား တည်ဆောက်မိပြီဟု အသေအချာ ပြောရဲသည်။ ဒီတစ်ခါ ဇာတ်လမ်းတွင်တော့ ဝေဝေလည်း နိုင်သည်။ ကိုရင်မောင်လည်း နိုင်သည်။ ညိုထွေးလည်း နိုင်သည်၊ အားလုံးနိုင်ကြသည့် နိုင်ပွဲဟု ပြောရပေမည်။

'ဘယ်လိုလဲ ဘယ်လိုလဲ သူတို့တွေ ပြေလည်သွားကြပြီလား'

ထွေးထွေးသည် ခပ်တိုးတိုးမေးနေသည်။ ဘာမှ နားမလည်နိုင်ဘဲ မျက်စိလည်နေပုံ ရလေသည်။

'အေး အေးပေါ့၊ သူတို့တွေ ပြေလည်သွားပြီ'

ခင်ချိုသည် ပျော်ရွှင်စွာ ပြောလိုက်မိသည်။သတင်းအဖြန့်ကောင်းလှချေသည်ဟုညိုထွေးက အပြစ်တင်ချင်လျှင်လည်း တင်ပေတော့။ တတ်နိုင်လျှင် မောင်းတဒူဒူ ထု၍ပင် ဝမ်းသာအားရ အော်လိုက်ချင်သေးသည်။ အားလုံးဘွဲ့ယူပြီး၍ပါမောက္ခချုပ်မိန့်ခွန်းအပြီးတွင်ဘွဲ့နှင်းသဘင်အခမ်းအနားကိုရုပ်သိမ်းကြောင်း မော်ကွန်းထိန်း ကကြေညာလေသည်။ ငြိမ့်ငြောင်းသာယာသော ဆိုင်းသံနှင့်အတူ ပါမောက္ခချုပ်အမှူးပြုသော ဆရာများသည် စင်မြင့်ပေါ်မှ ဖြည်းညင်းစွာ ဆင်းလာကြသည်။ ဗဟိုလမ်းမကြီးမှ လျှောက်သွားသော ဆရာများနောက်တွင် ဘွဲ့ယူပြီး ကျောင်းသူ ကျောင်းသားများ နှစ်ယောက်တစ်တွဲ ယှဉ်တွဲကာ စီတန်းထွက်ခွာလာကြရလေသည်။

တိုက်တိုက်ဆိုင်ဆိုင် ညိုထွေးနှင့် ယှဉ်လျက် ကျသူကား ကိုရင်မောင်ဖြစ်သည်။

'ဟား ဖူစာဘက်မှန်တယ်၊ တယ်ညီတဲ့အတွဲ'

ခင်ချိုနှင့်တွဲထွက်ရသော ဝေဝေသည် တိုးတိုးလေး ပြောသည်။ ညိုထွေး၏မျက်နှာလေးသည် ရှက်သွေးနှင့် နီရဲနေလေသည်။

ခင်ချို့ရင်ထဲတွင် တသိမ့်သိမ့် ဖြစ်နေသည်။ သူတို့နှစ်ဦး၏ ရီဝေဝေ မျက်လုံးလေးများ ပျော်ရွှင်စွာနှင့် အရောင်တောက်လာခြင်းသည် ခင်ချို့အတွက် တန်ဖိုးမဖြတ်နိုင်သော ရလာဒ်ပင် ဖြစ်သည်။ အသက်ကြီးလာသောအပိုင်းတွင် သစ်ပင်ရိပ်တွင် အေးဆေးစွာထိုင်ရင်း ငယ်ဘဝကို ပြန်လည်တွေးတောရတတ်လေသည်။ ဂျီဟောက သူငယ်ချင်းများအကြောင်းကိုလည်း မျက်စိမှုန်ဝါးဝါး နားလေးလေး အဖွားကြီးခင်ချိုသည် တစ်ခါတစ်ရံ ပြန်လည်တွေးတောကာ တမ်းတမိမည်သာ ဖြစ်သည်။ မာနမီးလောင်ခဲ့သော ညိုထွေးအကြောင်း တွေးမိလျှင်ကား ပြုံးနိုင်ပြီ ဖြစ်သည်။ အစမကောင်းသော်လည်း အနှောင်းတွင်တော့ ဇာတ်ပေါင်းခန်းမို့မလွမ်းမဆွေး ပြုံးရယ်နိုင်လိမ့်မည် ထင်သည်။

'ဟေ့ ခင်ချို နေဦး၊ ခဏလေး ခဏလေး'

အိမ်ပြန်ရန် ကားပေါ်အတက်တွင် ကိုရင်မောင်သည် ခင်ချို့လက်ထဲသို့စာရွက်လိပ်ကလေး တစ်ခု လာထည့်လေသည်။ မလှမ်းမကမ်းတွင် ရှက်ပြုံးလေး ပြုံးကာ ရပ်နေသော ညိုထွေးကို တွေ့ရသည်။ 'အိမ်ကျမှ ဖတ်ကြည့်' ဟု တီးတိုးပြောလိုက်သော်လည်း ခင်ချိုသည် အိမ်ထိအောင် မစောင့်နိုင်၍ ကားပေါ်တွင်ပင် ဖွင့်ပြီး ဖတ်မိသည်။

ခင်ချိုရေ–

အများကြီး ကျေးဇူးတင်ပါတယ်။

မောင်ရင်မောင် – မမယ်မ

မစန္ဒာ